# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 4 January 2018 ၉၁၅၉


**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း**

စာမျက်နှာ - ၁၅၊ ၁၆

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆက်လက်ကျင်းပ**

စာမျက်နှာ - ၃

# နှစ်သစ်ကူး တရား အလှူတော် ဓမ္မသဘင် တတိယနေ့ ကျင်းပ



နှစ်သစ်ကူး တရား အလှူတော် ဓမ္မသဘင် တတိယနေ့ ကျင်းပစဉ်။

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရား အလှူတော် ဓမ္မသဘင် တတိယနေ့ကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✿

## တိုင်းရင်းသားအားလုံး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှအခွင့်အရေးရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခြင်းဆိုသည့် မူများအပေါ် အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးကို မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၂၀၁၈ ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နေ့ထူးနေ့မြတ်ဖြစ်သည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်းဖြင့် ရပ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးသည် တိုင်းပြည်နှင့်လူမျိုးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် သူတစ်ပါးကိုလည်း မကျူးကျော်၊ မိမိကိုလည်း ထိပါးမခံသော မှန်ကန်သည့် ဗီဇအခြေခံရင့်သန်သူများ ဖြစ်ကြပါသည်။

ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့သည့် မြန်မာနိုင်ငံကို နယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲသိမ်းပိုက်ခဲ့သည့်အတွက် ထီးသုဉ်းနန်းသုဉ်းဖြစ်ကာ ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။ သူ့ကျွန်ဘဝက လွတ်မြောက်ရန်အတွက် မြန်မာပြည်တစ်ဝန်း တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

ကြေးမုံ

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့၏ နိုင်ငံရေး သန္နိဋ္ဌာန်

နယ်ချဲ့သမားတို့နှင့် ညှိနှိုင်းရယူခဲ့သော လွတ်လပ်ရေးသည် မစစ်မှန်ဟူသော နိုင်ငံရေးတရားသေ ဝါဒ ကိုင်စွဲထားသူတို့ကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည်နှင့် တစ်ပြိုင်တည်းဆိုသလို ပြည်တွင်းစစ်မီး၏ ဝါးမျိုခြင်းကို ခံခဲ့ရပါသည်။ နိုင်ငံရေးတရားသေဝါဒမှ အစပြုခဲ့သည့် ပြည်တွင်းစစ်မီးသည် တိုင်းရင်းသားလူမျိုးစု အရေးအထိ ကျယ်ပြန့်လာခဲ့ပါသည်။ ကူမင်တန်တရုတ်ဖြူတပ်တို့၏ ဝင်ရောက်ကျူးကျော်အခြေချမှုကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ပြည်တွင်းမတည်ငြိမ်မှုနှင့်အတူ အာဏာရ ဖဆပလ ပါတီအတွင်း ဂိုဏ်းဂဏ အကွဲအပြဲများ ပေါ်ပေါက်ခဲ့သောကြောင့် ပြည်သူလူထုက နိုင်ငံရေး ခေါင်းဆောင်မှုအပေါ် ယုံကြည်အားကိုးမှု လျော့နည်းကျဆင်းခဲ့ရပါသည်။

ဤသို့သော အခြေအနေ၌ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာကို သိမ်းယူ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခဲ့ပါသည်။ တစ်ပါတီချုပ်ကိုင်သော နိုင်ငံရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ဤနိုင်ငံရေးစနစ်နှင့်အတူ ဆိုရှယ်လစ်စီမံကိန်း စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ပြည်သူလူထု၏ ပကတိအခြေအနေကို မထင်ဟပ်သော အလွဲလွဲအချော်ချော် ဆိုရှယ်လစ်စီမံကိန်းတို့ကြောင့် တိုင်းပြည်၏စီးပွားရေးသည် ပြိုလဲခဲ့ရပါသည်။ မြန်မာတစ်နိုင်ငံလုံးသည် ထိုင်းစက်မှုလုပ်ငန်းတို့၏ ပစ်မလွဲဈေးကွက်ဖြစ်ခဲ့ရပါသည်။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဘဝသို့ ကျရောက်ခဲ့ရပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ အခြေအနေအရပ်ရပ်သည် အနိမ့်ဆုံးသို့ ကျဆင်းခဲ့ရပါသည်။ ဤသို့သော အခြေအနေတို့ကြောင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်သော လူထုဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပွားခဲ့ရပါသည်။

တပ်မတော်က နိုင်ငံတော်အာဏာသိမ်းယူ၍ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရေးကို ကတိပြုခဲ့သည်။ သယံဇာတအပေါ် အခြေပြုသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ဆိုရှယ်လစ်ခေတ်နှင့် နှိုင်းယှဉ်ပါက တိုင်းပြည်စီးပွားရေး တိုးတက်လာသော်လည်း နိုင်ငံတော်အတွင်း ဆင်းရဲ၊ ချမ်းသာကွာဟမှု ကြီးမားလာခဲ့ပါသည်။ ရှည်လျားသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကာလကို ဖြတ်သန်းခဲ့ရပါသည်။

၂၀၁၀ ရွေးကောက်ပွဲ၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားအစိုးရကိုဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်လာခြင်းနှင့်အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတို့ကို ဖော်ဆောင်လာသည်ကို တွေ့မြင်ခဲ့ရပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ သောင်ပြိုကမ်းပြို ဆန္ဒမဲ ဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရရှိခဲ့ပါသည်။

တိုင်းပြည်၏ လွတ်လပ်ရေးသက်တမ်း နှစ်ပေါင်း ၇၀ အတွင်း ကြုံတွေ့ခဲ့ရသော သမိုင်းဖြစ်ရပ်တို့၏ ကောင်းမွေ၊ ဆိုးမွေကို နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးပေါ်ပေါက်လာသည့် ဒီမိုကရေစီ အရပ်သားအစိုးရအဖွဲ့က လွှဲပြောင်းရယူခဲ့ရပါသည်။ သမိုင်းပကတိအခြေအနေမှန်အရ တင်ပြရပါက ဤဒီမိုကရေစီအရပ်သားအစိုးရအဖွဲ့သည် တိုင်းပြည်၏ ဆိုးမွေတို့ကိုသာ အများဆုံးလွှဲပြောင်း လက်ခံရယူခဲ့ရပါသည်။ လွတ်လပ်ရေး နှစ် ၇၀ ခရီးက တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေး အတွက် များစွာကြိုးပမ်းဆောင်ရွက်ရမည်ကို မီးမောင်းထိုးဖော်ပြနေပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ လွတ်လပ်ရေးသက်တမ်း နှစ် ၇၀ ပြည့်သည့် ယနေ့အခါသမယ၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီရပိုင်ခွင့်တို့ကို ပြည့်ဝစေမည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို (၂၁)ရာစုပင်လုံညီလာခံ လုပ်ငန်းစဉ်တို့ဖြင့် သန္နိဋ္ဌာန်ချဖော်ဆောင်ရမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

## ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃**

ရွှေတိဂုံစေတီတော်တွင် ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည့် ပင့်သံဃာအပါး ၁၈၀၀၀ ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အောင်ပွဲမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ပတ္တမြားဗိမာန်၌ ကျင်းပခဲ့သည်။

အဆိုပါ အောင်ပွဲအခမ်းအနားသို့ ပြည်တွင်း ပြည်ပ သာသနာပြု၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုဒ္ဒိဗလ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆု ဆရာတော်က ဩဝါဒကထာ ချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားကြီး အောင်အောင်မြင်မြင်ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ မိန့်ကြားပေးခဲ့သည်။

ဗုဒ္ဓသာသနာနှင့် ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းတွင် ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် မိန့်ကြားခဲ့ပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ရွှေတိဂုံစေတီတော်ကြီး၏ မုခ်လေးမုခ်၌ အများသူငါ အလှူရှင်များ၏ လှူဒါန်းမှု ငွေသားသိန်းသန့် ကျပ်သိန်းပေါင်း ၂ သောင်းကျော်အထိ ရရှိခဲ့သည့် သဒ္ဒါထက်သန်ခဲ့သော လှူဒါန်းမှုကြီးဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မင်္ဂလာအောင်ပွဲအခမ်းအနားနှင့် ပတ်သက်၍ ဆရာတော်ကြီးများအား တင်ပြလျှောက်ထားမှုများ ပြုလုပ်ခဲ့ပြီး အခမ်းအနားအောင်မြင်ခြင်းအတွက် အဘက်ဘက်က ပါဝင်သူများကို ကျေးဇူးတင်လွှာထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားတွင် ပါဝင်ခဲ့သည့် သံဃာတော်များ၊ ကျောင်းတိုက်များ၏ အမည်များကို မှတ်တမ်းပြုလုပ်ကာ စာအုပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်းနှင့် ငွေစာရင်းရှင်းတမ်းများကိုလည်း ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

အဆိုပါ မင်္ဂလာအောင်ပွဲ အခမ်းအနားကို ရွှေသံလွင်ကုမ္ပဏီ၏ ပတ္တမြားဗိမာန်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတစ်လျှောက် ရိုက်ကူးထုတ်လွှင့်ခဲ့သော မှတ်တမ်းများကို တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူကလည်း တင်ပြလျှောက်ထားခဲ့သည်။ အခမ်းအနားအပြီးတွင် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ပိတ်သိမ်းခဲ့ပြီး ဆရာတော်ကြီးများအား ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့သည်။

၀၀၁

## ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်မည့်နေရာ ကွင်းဆင်းကြည့်ရှု

**ကျိုင်းတုံ ဇန်နဝါရီ ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျိုင်းတုံမြို့နယ် အတွင်းရှိ မိုင်းနော့ ဖာတအုပ်စု ကွီနမ့်ကိုင် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းအတွက် ဆောင်ရွက်မည့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်မည့်နေရာအား ဇန်နဝါရီ ၁ ရက်က ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲခေါင်နှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၅ လုံး လူဦးရေ ၂၃၀ ရှိပြီး ယခင်က သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် စိမ့်စမ်းရေ သွယ်တန်းခြင်းဖြစ်ကာ လုပ်ငန်းများပြီးစီးသွားပါက အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀ မန္တလေး(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၄၅ ကျပ်၊ | ၉၂၀/၉၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၇၀/၈၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၅/၈၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၈၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၇.၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၁၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၉.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၆၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၂.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **တိုင်းရင်းသားအားလုံးမှ**

အသက်သွေးချွေး မြောက်မြားစွာ စတေးပြီး ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းမှု၏ ရလဒ်အဖြစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ပါသည်။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ကြိုးပမ်းမှုကြောင့် ရရှိခဲ့သည့် မြန်မာ့လွတ်လပ်ရေးသည် ယခုဆိုလျှင် နှစ်(၇၀) ပြည့်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့သည့် စနစ်ဆိုးကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ယနေ့ အချိန်အခါတွင်မူ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် တိုင်းရင်းသားအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၏ ဒုတိယအကြိမ် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖက်ဒရယ်အခြေခံမူအချို့ကို သဘောတူချမှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားအားလုံး လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှအခွင့်အရေးရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခြင်းဆိုသည့် မူများအပေါ် အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးကို မျှော်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် နိုင်ငံတော်နှင့်လျော်ကန်သင့်မြတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဒီမိုကရေစီ အခြေခံအုတ်မြစ်များ ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်လျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံသာယာဝပြောမှု၊ တိုင်းရင်းသားပြည်သူအပေါင်း သွေးစည်းညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများစားဝတ်နေရေးဖူလုံမှု၊ ယဉ်ကျေးမှုအမွေအနှစ် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မှု အစရှိသည်တို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးအတွက် များစွာအရေးပါလှသော အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်သည် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ သွေးစည်းညီညွတ်မှုစွမ်းပကားပင် ဖြစ်ပါသည်။ ရရှိပြီးလွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးသည်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ သွေးစည်းညီညွတ်မှုဖြင့်သာ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်သည့်အလျောက် ပြည်ထောင်စုကြီးအတွင်း ဥမကွဲ သိုက်မပျက် ရာသက်ပန် ပူးပေါင်းနေထိုင်သွားနိုင်ရန်၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တိုင်းရင်းသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိရန်တို့အတွက် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် " ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊
- စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ခံယူလျက် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် ယနေ့ကျရောက်သည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များ၊ မသန်စွမ်းသူကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်(UCCPF) ကော်မတီဝင်များဖြစ်ကြသည့် ဘန်ဆိုင်းဘူနှင့် နော်တကောထူးတို့က ဖိုရမ်ပထမနေ့တွင် ဆောင်ရွက်ခဲ့မှုနှင့် ဆွေးနွေးခဲ့မှုအခြေအနေများကို ခြုံငုံသုံးသပ် ရှင်းလင်းပြောကြားကြပြီး UCCPF ကော်မတီဝင်များဖြစ်ကြသည့် ဦးမြတ်သူဝင်းနှင့် ဆောင်ဝင်းတို့က မူဝါဒအကြံပြုစာတမ်းများကို အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကြီးကြပ်ရေး ကော်မတီဝင်များထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့မှ ကိုယ်စားလှယ်များက ပေးအပ်ပြီးသော မူဝါဒအကြံပြုစာတမ်းများနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်နိုင်သည့် အကြောင်းအရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဖွဲ့များခွဲ၍ သီးခြားစီဆွေးနွေးကြသည်။

ဆက်လက်၍ အဖွဲ့တစ်ဖွဲ့လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့ ၁၃ ဖွဲ့သည် မူဝါဒအကြံပြုစာတမ်းများနှင့်စပ်လျဉ်း၍ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့မှုအခြေအနေနှင့် အတွေ့အကြုံများကို ပြန်လည်ဆွေးနွေးမျှဝေကြသည်။



ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက နှစ်ရက်တာ ကျင်းပခဲ့သည့် အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အကြံပြုချက်များဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ပိတ်ပွဲအခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားတွင် UCCPF ကော်မတီဝင် ဦးမိုးသူအောင်က ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် နှစ်ရက်ကြာကျင်းပခဲ့သည့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)သို့ ဖက်ဒရယ်အခြေခံမူဝါဒဆိုင်ရာ အကြံပြုစာတမ်းနှင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒအကြံပြုစာတမ်းများကို ပေးအပ်နိုင်ခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်ကလေးစာပေပွဲတော်ကို သုံးရက်တာ ကျင်းပမည်



ကလေးစာပေပွဲတော် (ရန်ကုန်) ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ရန်ကုန် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(စိန့်ပေါလ်) အောင်ကျော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသမည့် ပြခန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခေါ်)မေစိုးက ကလေးစာပေပွဲတော်ကျင်းပမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကလေးစာပေပွဲတော်နှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ကလေးစာပေပွဲတော်ကို စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပြခန်းများဖြင့် သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော် ပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၂၀ ဖြင့် လည်းကောင်း၊ ဒုတိယနေ့တွင် အစီအစဉ် ၃၀ ဖြင့်လည်းကောင်း၊ တတိယနေ့တွင်အစီအစဉ် ၂၀ ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်သို့ လာရောက်သည့်ပရိသတ်များအား မျက်လှည့်၊ ကျောက်ဆည် ဆင်အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များအတွင်း စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာမြို့တို့၌ ကျင်းပခဲ့ပြီး ယခုရန်ကုန်တွင် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **အောင်မင်းဟန်**

# ကိုရီးယားနှစ်နိုင်ငံ ဆက်သွယ်ရေး အရေးပေါ်တယ်လီဖုန်းလိုင်း ပြုံယမ်း ပြန်လည်ဖွင့်ပေး

**ပြုံယမ်း ဇန်နဝါရီ ၃**

မြောက်ကိုရီးယားနိုင်ငံက ပြောင်ချန်ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ပေးပို့ရေး အပါ အဝင် အခြားသောကိစ္စရပ်များဆွေးနွေးတိုင်ပင်နိုင်ရေး အတွက် တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေး ဖြတ်တောက်ထားမှုကို ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

၂၀၁၆ ခုနှစ်တွင် ကိုရီးယားနှစ်နိုင်ငံစစ်မဲ့ဇုန်ရှိ ယာယီစစ်ပြေငြိမ်းရေးရွာဟု သတ်မှတ်ထားသည့် ပန်မန်ဂျုံ တွင် နှစ်နိုင်ငံအရေးပေါ် တယ်လီဖုန်းလိုင်းကို ပြုံယမ်းက ဖြတ်တောက်ခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးဆိုင်ရာ မြောက်ကိုရီးယားကော်မတီအကြီးအကဲ ရီဆွန်ဂွန်းက ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံပိုင်ရုပ်သံလိုင်းမှ ကြေညာချက်တစ်ခု ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်တွင် နှစ်နိုင်ငံအရေးပေါ်ဆက်သွယ်ရေး တယ်လီဖုန်းလိုင်းကို ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီခွဲ တွင် ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း ပါရှိသည်။ အဆိုပါနှစ်နိုင်ငံအရေးပေါ်တယ်လီဖုန်းလိုင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကစပြီး ဖြတ်တောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ နှစ်သစ်အဖွင့် မိန့်ခွန်းအပေါ် တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်၏ အပြုသဘောဆောင်သည့် တုံ့ပြန်မှုကို ခေါင်းဆောင် ကင်ဂျုံအန်က အားရကျေနပ်မှုရှိပါကြောင်း ကိုရီးယား နှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးဆိုင်ရာ မြောက်ကိုရီးယား ကော်မတီအကြီးအကဲ ရီဆွန်ဂွန်းက ဆိုသည်။

ထို့ပြင် ပြုံယမ်းအနေဖြင့် ပြောင်ချန်အိုလံပစ် အားကစားပြိုင်ပွဲသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ရေးနှင့် ပတ်သက်ပြီး တောင်ကိုရီးယားတာဝန်ရှိသူများနှင့် ဆွေးနွေး တိုင်ပင်ရန် ဆန္ဒရှိပါကြောင်း ကော်မတီအကြီးအကဲ ရီဆွန်ဂွန်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**





## အာတိတ်ဒေသရှိ ရုရှားတပ်ဖွဲ့များအတွက် လေယာဉ်ပစ်ဒုံးလက်နက်သစ်များ တပ်ဆင်မည်

**မော်စကို ဇန်နဝါရီ ၃**

ရုရှားနိုင်ငံ မြောက်ဘက်စွန်းနှင့် အာတိတ်ဒေသတို့ရှိ တပ်ဖွဲ့များအတွက် တိုး-အမ်-၂ ဒီတီ အမျိုးအစား တာတိုပစ် လေယာဉ်ခွင်းဒုံးကျည်များကို ၂၀၁၈ ခုနှစ်အတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဌာနက ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဒုံးလက်နက်သစ်များတပ်ဆင်ရေး ဆုံးဖြတ်ချက်ကို ရုရှားမြေပြင်တပ်ဖွဲ့များ၏ လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့မှူး အယ်လက်ဇန်းဒါး လီယိုနော့ဗ်က ထုတ်ပြန် ကြေညာခြင်းဖြစ်သည်။

တိုး-အမ်-၂ ဒီတီ လေယာဉ်ပစ်ဒုံးစနစ်သည် အလွန် အမင်းအေးမြသော ရာသီဥတုအခြေအနေနှင့် လိုက်လျော ညီထွေဖြစ်စွာ အသုံးပြုနိုင်ပြီး ကြမ်းတမ်းသည့် မြေမျက်နှာ ပြင်တွင်လည်း ပစ်ခတ်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီး ဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

မြောက်ဝင်ရိုးစွန်းဒေသ (အာတိတ်ဒေသ)ရှိ သဘာဝ သယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ ထုတ်ယူ အသုံးချရေးနှင့် ဝင်ရိုးစွန်း ပင်လယ်ရေလမ်းကြောင်းဖွင့် နိုင်ရေးအတွက် ရုရှားနိုင်ငံက ယင်းဒေသ၌ အင်အား တောင့်တင်းသော တပ်ဖွဲ့များကို တိုးမြှင့်လျက်ရှိသည်။

ရုရှားနိုင်ငံက အာတိတ်ဒေသ၌ အမြဲတမ်းစစ်ဘက် ဆိုင်ရာဇုန်များ တည်ထောင်ထားပြီး တပ်ဖွဲ့ဝင်များအား လေ့ကျင့်မှုများပြုလုပ်စေကာ ဒေသတွင်း၌ တပ်မကြီးများ ထားရှိရေးအတွက်လုပ်ဆောင်နေကြောင်း ရှေးရိုးဆန်သည့် ဗြိတိန်နိုင်ငံမှ ပညာရှင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဟင်နရီဂျက်ဆင်အဖွဲ့က ပြောကြားသည်။

ရုရှားနိုင်ငံသည် ရေခဲခွဲ ရေယာဉ်အုပ်စုတစ်ခုကို တပ်တော်ဝင်စေခဲ့ပြီး ဆိုဗီယက်ခေတ် စစ်စခန်းဟောင်း များကို ပြန်လည်ဖွင့်လှစ်ကာ ဒုံးကျည်ကြိုတင်သတိပေး ရေဒါစနစ်များကို အာတိတ်ဒေသတွင် ဖြန့်ချထားကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမရှိပါက ဂူဂဲလ်နှင့် ဖေ့စ်ဘွတ်တို့အပေါ် အခွန်သစ်များ ကောက်ယူမည်ဟုဆို

**လန်ဒန် ဇန်နဝါရီ ၃**

အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်ရန် လှုံ့ဆော်ပေးသော ထုတ်လွှင့်ချက်များကို ဖယ်ရှားပစ်နိုင်ရန် ပိုမိုကြိုးပမ်းခြင်းမရှိပါက ဂူဂဲလ်နှင့် ဖေ့စ်ဘွတ်ကဲ့သို့သော နည်းပညာ ကုမ္ပဏီကြီးများအပေါ် အခွန်အကောက်သစ်များ ကောက်ယူဖွယ်ရှိကြောင်း ဗြိတိန် လုံခြုံရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နည်းပညာ ကုမ္ပဏီကြီးများသည် ပြည်သူတို့၏ သတင်းအချက်အလက်များပေါ်မှ ဥစ္စာနေများရရှိနေကြသော်လည်း ဘာသာရေးအစွန်းရောက် လှုပ်ရှားမှုတိုက်ဖျက်ရေးလုပ်ငန်း၊ အကြမ်းဖက်သမားများအား လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းတို့အတွက် ရန်ပုံငွေပုံအောသုံးစွဲနေရသော မိမိတို့အစိုးရအဖွဲ့အတွက် ငွေကြေးထည့်ဝင်ခြင်းမရှိကြောင်း လုံခြုံရေးဝန်ကြီး ဘန်ဝေါလေ့စ်က စွပ်စွဲပြောကြားသည်။

နည်းပညာ ကုမ္ပဏီကြီးများအနေဖြင့် မိမိတို့အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းနေမည်ဆိုပါက မိမိတို့အနေဖြင့် ယင်းကုမ္ပဏီများအပေါ် အခွန်ကောက်ယူခြင်းကဲ့သို့သော နည်းလမ်းများကို ချမှတ်ကျင့်သုံးရလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးဝေါလေ့စ်က ဆန်းဒေးတိုင်းမ်သတင်းစာသို့ ပြောကြားသည်။

နည်းပညာ ကုမ္ပဏီကြီးများအပေါ် မည်သို့မည်ပုံ အခွန်ကောက်ယူနိုင်သည်ကို ဝန်ကြီးဝေါလေ့စ်က အသေးစိတ်ပြောကြားခြင်းမရှိပေ။ ၁၉၉၇ ခုနှစ်တွင် ဝန်ကြီးချုပ်တိုနီဘလဲ၏ အစိုးရအဖွဲ့က ပုဂ္ဂလိကပိုင်ပြုလုပ်သောရေ၊ လျှပ်စစ်မီးဖြန့်ချိရေးကဲ့သို့သော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ပုံမျိုးပြုလုပ်၍ ရနိုင်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

အများပြည်သူ ဘေးကင်းလုံခြုံရေးကို ဥပေက္ခာပြု၍ ပုဂ္ဂလိကငွေကြေးအမြတ်အစွန်းရရှိရေးကိုသာ ဦးတည်ကာနည်းပညာကုမ္ပဏီများက လုပ်ဆောင်နေကြသည်ဟုလည်း ဝန်ကြီးဝေါလေ့စ်က စွပ်စွဲပြောဆိုသည်။

ဝန်ကြီးဝေါလေ့စ်၏ ဝေဖန်ပြောကြားချက်ကို ဖေ့စ်ဘွတ်အမှုဆောင်အရာရှိ ဆိုင်မွန်မီလာက ပယ်ချသည်။

မိမိတို့သည် အများပြည်သူလုံခြုံရေးကို ငဲ့ကွက်ခြင်းမရှိဟု ဝန်ကြီးဝေါလေ့စ်၏ စွပ်စွဲချက်မှာ မှန်ကန်ခြင်းမရှိကြောင်း၊ အကြမ်းဖက်မှုကို အားပေးသည့် လွှင့်တင်ချက်များကို စုံစမ်းဖော်ထုတ်ကာ အွန်လိုင်းမှ ဖယ်ရှားနိုင်ရေးအတွက် မိမိတို့ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်လျက်ရှိကြောင်း မီလာက ပြောကြားသည်။

**ရိုက်တာ**

## နယူးယောက်ရှိ အများပြည်သူစုဝေးရာနေရာများ၌ လုံခြုံရေး အတားအဆီးသစ်များတပ်ဆင်မည်

**နယူးယောက် ဇန်နဝါရီ ၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မော်တော်ယာဉ်ကို အပြင်းမောင်းနှင်၍ အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် အကြမ်းဖက်မှုနှင့် ဆက်နွှယ်သောဖြစ်စဉ်များ ပေါ်ပေါက်ခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန် အများပြည်သူစုဝေးရာ နေရာများ၌ လုံခြုံရေးအတားအဆီးသစ် ၁၅၀၀ တပ်ဆင်သွားရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့ရှိ တိုင်းမ်စကွဲယားရင်ပြင်၌ ဇန်နဝါရီ ၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြို့တော်ဝန်ဘီလ်ဒီ ဘလာစီယိုက လုံခြုံရေးစီမံချက်သစ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခဲ့သည်။

နယူးယောက်မြို့ရှိ လူသွားလမ်းဧရိယာများအနီး ယာယီချထားပေးသော ကွန်ကရစ်ဘလောက်တုံး အတားအဆီးများ၏ နေရာတွင် သတ္တုဘလောက်တုံးအတားအဆီးများဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

နယူးယောက်မြို့ရှိ အများပြည်သူစုဝေးရာ နေရာများ လုံခြုံရေးအတွက် အမေရိကန်ဒေါ်လာသန်း ၅၀ ကျခံသုံးစွဲမည့် အစီအစဉ်တစ်ရပ်၏ တစ်စိတ်တစ်ဒေသအဖြစ် လုံခြုံရေးအတားအဆီးများ တပ်ဆင်သွားမည်ဆို၏။

နယူးယောက်မြို့၌ ဒီဇင်ဘာ ၁၁ ရက်က တိုင်းမ်စကွဲယားရင်ပြင်အနီး လူအများအပြား သွားလာနေချိန်အတွင်း လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့ရသည်။ ယင်းဖြစ်စဉ်မှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု မြို့တော်ဝန်က ပြောကြားခဲ့သည်။

အောက်တိုဘာ ၃၁ ရက်ကလည်း နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနအနီး လူသွားလမ်းတစ်နေရာတွင် တရကြမ်းမောင်းနှင်လာသော ထရပ်ကားတစ်စီးက သွားလာနေသူများကို ဝင်တိုက်ခဲ့ရာ ရှစ်ဦးသေဆုံးခဲ့ရပြီး လူ ၁၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ရသည်။

မေ ၁၈ ရက်ကလည်း တိုင်းမ်စကွဲယားရင်ပြင် လူသွားလမ်းတွင် ကားတစ်စီးက အရှိန်မြင့်မောင်းနှင်ကာ တိုက်ခိုက်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**



# မြန်မာနိုင်ငံ၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် နှစ်(၇၀)ပြည့် အချိန်သမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူလူထု ကိုယ်စားပြု၍ ကျွန်တော်၏ အမည်နာမဖြင့် အဆွေတော်အားလည်းကောင်း၊ အဆွေတော်မှတစ်ဆင့် အဆွေတော်တို့၏ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများအား လည်းကောင်း လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

လွန်ခဲ့သော တစ်နှစ်အတွင်းတွင် အဆွေတော်နှင့် မြန်မာအစိုးရ၏ ဦးဆောင်မှုအောက်၌ အဆွေတော်တို့၏ နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ် တွန်းအားပေးခြင်း၊ ပြည်ပနိုင်ငံများနှင့်ဆက်ဆံရေး တိုးမြှင့်ခြင်း အစရှိသည့် နယ်ပယ်များတွင် အရေးပါသော အောင်မြင်မှုများ ရရှိခဲ့ပါသဖြင့် တရုတ်နိုင်ငံအနေဖြင့် နှစ်နှစ်ကာကာ ဝမ်းမြောက်ဝမ်းသာဖြစ်မိခဲ့ပါသည်။

လက်ရှိကာလတွင် တရုတ်-မြန်မာဆက်ဆံရေးသည် ကောင်းမွန်စွာ၊ တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။ ယမန်နှစ်က ကျွန်တော်သည် အဆွေတော်နှင့် အကျိုးများစွာရှိခဲ့သည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကာ အခြေအနေသစ်အောက်တွင် တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးခြင်းနှင့် ပတ်သက်၍ အရေးကြီးသည့် သဘောတူညီမှုအသစ်များ ရရှိခဲ့ကြပါ၍ နောက်နောင်အချိန်ကာလတစ်ခုအတွင်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးရှူဦးတည်ချက်ကို ရှင်းလင်းစွာ ညွှန်ပြပေးနိုင်ခဲ့ပါသည်။ ကျွန်တော်သည် တရုတ်-မြန်မာ ဆက်ဆံရေးကို အင်မတန်မှ အလေးထားပြီး အဆွေတော်နှင့်တကွ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုကြီးကျယ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် တွန်းအားပေးကြ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံမှ ပြည်သူလူထုတို့အတွက် အကျိုးအမြတ်များ ပိုမိုကောင်းမွန်စွာ ပြုလုပ်ကြရန် ဆန္ဒရှိပါသည်။

အဆွေတော်တို့နိုင်ငံ စည်ပင်ဝပြောပြီး ပြည်သူပြည်သားများ ချမ်းမြေ့သာယာနိုင်ရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါ၏။ အဆွေတော်မှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် အစစအရာရာတွင် အဆင်ပြေပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါ၏ ဟု ဖော်ပြပါရှိသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ လီခချန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့သည့်သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့်နှစ်(၇၀)ပြည့် အချိန်သမယတွင် ကျွန်တော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အစိုးရအားကိုယ်စားပြု၍ အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သော တစ်နှစ်အတွင်း၌ မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကာကွယ်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုံးပန်းအားထုတ်ခဲ့ပါသည်။ ပြည်သူ့ဘဝ အဆင့်အတန်းမြှင့်တင်ပေးခဲ့ပြီး နိုင်ငံတကာဆက်ဆံရေး ပိုမိုကောင်းမွန်အောင်လည်း ချဲ့ထွင်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်တွင် အောင်မြင်မှုအသစ်လည်း အဆက်မပြတ်ရရှိခဲ့ပါသည်။

ယခုအခါတွင် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ကောင်းမွန်စွာ တိုးတက်လျက်ရှိပါသည်။ နှစ်နိုင်ငံအချင်းချင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်ရှိသည့် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တက်ကြွစွာတိုးတက်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများ လက်တွေ့ကျသည့် အကျိုးသက်ရောက်မှုလည်း ဆောင်ကြဉ်းလာပါသည်။ တရုတ်နိုင်ငံသည် နှစ်နိုင်ငံအကြားတည်ရှိသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို တန်ဖိုးထားပါသည်။ နှစ်ဦးနှစ်ဖက်အစဉ်အလာ ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေနိုင်သော ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်ရန်၊ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အဆင့်သစ်တက်လှမ်းနိုင်ရန် မြန်မာနိုင်ငံနှင့်အတူ ကြိုးပမ်းဆောင်ရွက်လိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူ ပြည်သားအားလုံး ဘဝအေးချမ်းသာယာပါစေ၊ အဆွေတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကျန်းမာရေးကောင်းမွန်၍ အလုပ်အကိုင်ချောမောပြေပြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ဟု ဖော်ပြထားသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

ဇန်နဝါရီလ ၄ နေ့ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူ ပြည်သားများ စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေကြောင်း ရုရှားသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဆုမွန်ကောင်းများ ပို့သခဲ့သည်။

ရုရှားနှင့်မြန်မာနိုင်ငံ နှစ်နိုင်ငံအကြားတွင် ကာလကြာမြင့်ပြီဖြစ်သည့် ကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်းနှင့် နှစ်နိုင်ငံ ပြည်သူ ပြည်သားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သမ္မတ ဗလာဒီမာ ပူတင်က ရေးသားထားသည်။

မြန်မာပြည်သူ ပြည်သားများအားလုံး ကျန်းမာချမ်းသာပြီး ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းဆန္ဒပြုထားသည်။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမက်ဒရီ မက်ဗီဒဗ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီရဂီ လာ့ဗရော့ဗ်တို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

**အမေရိကန်ပြည်ထောင်စု**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူ ပြည်သားများ စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေကြောင်း အမေရိကန်ပြည်သူများကိုယ်စား အမေရိကန်သမ္မတ မစ္စတာ ဒေါ်နယ်ထရန့်က ဆုမွန်ကောင်းများ ပို့သပါကြောင်း နိုင်ငံတော်သမ္မတဦးထင်ကျော်ထံ ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။

၂၀၁၅ ရွေးကောက်ပွဲရလဒ်၏ ဒီမိုကရေစီအသီးအပွင့်များသည် မြန်မာနိုင်ငံ၏ အနာဂတ်တွင် အကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းကာ တည်ငြိမ်အေးချမ်းမှုကို ကာလရှည်ကြာ ထိန်းသိမ်းထားနိုင်ရေးအတွက် အလွန်ပင် အရေးပါလှကြောင်းနှင့် အနာဂတ်ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရာတွင် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မဟာမိတ်အဖြစ် အစဉ်အမြဲရပ်တည်လျက်ရှိပါကြောင်း သမ္မတဒေါ်နယ်ထရန့်က ရေးသားထားသည်။

**အိန္ဒိယသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အချိန်အခါအတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ်နက်သ်ကိုဗင်ဒ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယဉ်ကျေးမှု၊ ဘာသာတရား၊ ဘာသာစကားနှင့် လူမျိုးစုအားဖြင့် နှစ်ပေါင်းများစွာ ခိုင်မာသောဆက်ဆံရေး တည်ရှိပြီး ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါသည်။ လွန်ခဲ့သည့် စက်တင်ဘာလအတွင်း အိန္ဒိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နယ်ပယ်ကဏ္ဍအတော်များများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အနာဂတ်တွင် ဆက်လက်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည် ဟု ဖော်ပြထားသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ဆက်လက်ဖော်ပြပါမည်**

**❁ ရွှေဖုံးမှ**

ယနေ့တွင် သာသနဓဇ မဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က "မေတ္တာစာချုပ်ဖြင့်သာ ထာဝရငြိမ်းချမ်းရေးရနိုင်သည်" တရားတော်ကို ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင် နှစ်သိန်းခန့် ရှိသေစွာနာယူကြည်ညိုကြသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကျင်းပမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ကျင်းပတာ နှစ်နှစ်ရှိပါပြီ၊ တိုင်းပြည်နဲ့ ပြည်သူတွေအတွက် အများကြီး အကျိုးကျေးဇူးရှိစေမှာပါ၊ လူဆိုတာ အသိုင်းအဝိုင်းနဲ့ နေတာဖြစ်တဲ့အတွက် အချင်းချင်း တစ်ဦးနဲ့တစ်ဦး မေတ္တာတွေ ပိုပြီးထားနိုင်မှာဖြစ်တာကြောင့် ကောင်းကျိုးတရားတွေရရှိမှာပါ၊ ဒီတရားပွဲကြီးမှာ ဆရာတော်ကြီးတွေ ဟောကြားသွားတဲ့ တရားတော်တွေဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ပြီး တရားအမြင်နဲ့ယှဉ် ဟောကြားသွားတာဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် လူထုကို တရားနဲ့ယှဉ်ပြီး အေးချမ်းမှုကို ဟောကြားသွားတာတွေ့ရတယ်၊ တိုင်းပြည်ကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်မလဲဆိုပြီးတော့ ဆရာတော်ကြီးတွေက တရားနဲ့ယှဉ်ပြီး ဟောသွားတာကြောင့် တိုင်းပြည်အတွက် အများကြီး အကျိုးရှိပါတယ်"ဟုပြောကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က "ပြီးခဲ့တဲ့နှစ်ကလည်း နှစ်ဦးတရားပွဲလုပ်ခဲ့တယ်၊ ဒီနှစ်မှာလည်းလုပ်တဲ့အတွက် တရားပွဲမှာ ဆရာတော်ကြီးတွေရဲ့ ဩဝါဒခံယူဖို့ လာရောက်ခဲ့တာပါ၊ ဗုဒ္ဓဘာသာဝင်တွေ အများဆုံးနေထိုင်ကြတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် ဆရာတော်ကြီးတွေ ဟောကြားတဲ့ တရားတော်တွေဟာ အလွန်အကျိုးကျေးဇူးဖြစ်ထွန်းပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပိုမိုပြုလုပ်လာနိုင်မယ်၊ တစ်ဦးနဲ့တစ်ဦး မေတ္တာတရားပွားများနိုင်ပြီး ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့ လောကကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်"ဟုပြောသည်။

တရားအလှူတော် ဓမ္မသဘင် ကျင်းပမှုနှင့်ပတ်သက်၍လည်း ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး(၂) ဘဏ္ဍာရေးတာဝန်ခံ ဦးငွေးမြင့်က "ပွဲဖြစ်မြောက်ရေးအတွက် မနှစ်က ပါဝင်လှူဒါန်းခဲ့တဲ့ မူလအလှူရှင်တွေကိုလည်း အကြောင်းကြားခဲ့ပါတယ်၊ အလှူရှင်အသစ်တွေလည်း အများကြီးရရှိခဲ့ပါတယ်၊ ဒီနှစ်မှာဆိုရင် မနှစ်ကထက် တရားနာပရိသတ်တွေ ပိုများလာတယ်၊ နေ့စဉ်ပရိသတ်နှစ်သိန်းခွဲလောက် လာရောက်တရားနာတာကို တွေ့ရတယ်၊ အခုလို အောင်အောင်မြင်မြင် စည်စည်ကားကားနဲ့ ကျင်းပနိုင်တာကြောင့် အင်မတန်ဝမ်းသာပါတယ်"ဟု ပြောသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်သို့ လာရောက်တရားနာယူကြည်ညိုကြသူများအား အလှူရှင်များက စတုဒိသာဖြင့် ဧည့်ခံခြင်း၊ ဓမ္မစာအုပ်များ အမှတ်တရ ဝေငှခြင်းတို့ ပြုလုပ်ခဲ့သည့်အပြင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကျန်းမာရေးဆေးခန်းများကိုလည်း အဆင်သင့် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ယနေ့တရားလာရောက်နာယူမှုအပေါ် ဒါရိုက်တာ ကြည်ဖြူသျှင်က "မနှစ်တုန်းကလည်း လာရောက်ပြီးတရားနာဖြစ်ပါတယ်၊ ဒီနှစ်မှာလည်း နေ့တိုင်း လာရောက်တရားနာဖြစ်ပါတယ်၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ အရိပ်အာဝါသအောက်မှာလုပ်တဲ့ပွဲဖြစ်တဲ့အတွက် အနှစ်သာရလည်းရှိပါတယ်၊ လာပြီးတရားနာတဲ့ ပရိသတ်အတွက်လည်း တစ်ချိန်တည်းမှာ စုစုစည်းစည်းနဲ့ အများကြီးလာရောက်တရားနာယူနိုင်တဲ့အတွက် အင်မတန်အကျိုးရှိပါတယ်၊ နှစ်သစ်ကို ကျက်သရေမင်္ဂလာရှိရှိနဲ့ ဖွင့်သန်းနိုင်တာပေ့ါ၊ ကျွန်မတို့ ဗုဒ္ဓဘာသာအနေနဲ့ဆိုရင် ဒီလိုနှစ်ဦးမှာ တရားသဘင်တွေလုပ်တဲ့အတွက် တိုင်းပြည်အတွက် ကောင်းကျိုးချမ်းသာတွေ အများကြီးရရှိမယ်လို့မျှော်လင့်ပါတယ်"ဟုပြောသည်။

အလားတူ အလုံမြို့နယ်မှ ဒေါ်ငွေငွေက "ကျွန်မတို့က ပရဟိတအနေနဲ့ လာရောက်ခဲ့တာပါ၊ တရားပွဲမှာ လိုအပ်တဲ့ အပိုင်းတွေမှာ ပါဝင်ဖြည့်ဆည်းပေးရတာပါ၊ အခုလို တရားနာခွင့်ရတဲ့အတွက်ကြောင့် အသိဉာဏ်တွေအများကြီးရပြီး ဉာဏ်အလင်းတွေရရှိပါတယ်၊ ဒါ့အပြင် ဆရာတော်ကြီးတွေ ဟောတဲ့တရားကနေ အသိပညာ၊ ဗဟုသုတတွေ အများကြီးရပါတယ်၊ ဗုဒ္ဓတရားတော်တွေနဲ့ ပတ်သက်ပြီး အခုလိုတရားပွဲကြီးကို စည်စည်ကားကားနဲ့ လုပ်နိုင်တာ ကျွန်မတို့နိုင်ငံပဲရှိပါတယ်၊ အဲဒီအတွက်ကိုလည်း ပီတိဖြစ်မိပါတယ်၊ အခုလိုတရားပွဲကြီးဖြစ်မြောက်အောင်လုပ်ပေးတဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟုဆိုသည်။

မရမ်းကုန်းမြို့နယ်မှ ဦးဝင်းအောင်ကလည်း "တရားပွဲကျင်းပတဲ့ သုံးရက်လုံး မိသားစုလိုက် လာရောက်တရားနာခဲ့တယ်၊ မနေ့ကဆိုရင် ဝေသာလီပြည်နဲ့ပတ်သက်ပြီး သီတဂူဆရာတော်ကြီး ဟောသွားတဲ့အထဲမှာ မှတ်သားစရာတွေ တော်တော်ရခဲ့တယ်၊ ဒီလိုနှစ်သစ်အချိန်မှာ ဆရာတော်ကြီးတွေရဲ့ တရားနာရတာဟာ အင်မတန်ကံထူးတယ်လို့ပဲဆိုရမှာပါ"ဟု ပြောသည်။

အဆိုပါ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပခဲ့ရာ ပထမနေ့တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက လည်းကောင်း၊ ဒုတိယနေ့တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော်ကလည်းကောင်း တရားတော်များကို ဟောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ယင်းကဲ့သို့ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ၂၀၁၇ ခုနှစ်ကလည်း ဇန်နဝါရီ ၁ ရက်မှ ၅ ရက် အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး ၊ ဓာတ်ပုံ-ဖေဇော်**

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




"လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာ ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရား မဟုတ်ဘဲ ကိုယ့်လူမျိုးကို ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်းမဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်"

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)*

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသည့် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးချုပ်၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မိခင်နှင့်ကလေးများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှု လုပ်ငန်းများကို စေတနာအားဖြင့် အောက်ခြေထိရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိခင်နှင့် ငါးနှစ်အောက်ကလေးများအတွက် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိပြီး ဉာဏ်ပညာတိုးတက်စေရန် ရည်ရွယ်ကာ တစ်နိုင်ငံလုံးတွင် နေ့ကလေးထိန်းကျောင်းပေါင်း ၂၁ ကျောင်း၊ မူလတန်းကြိုကျောင်းပေါင်း ၅၃၀ ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ မိဘများအနေဖြင့် မိမိတို့ သားသမီးများကို အာဟာရပြည့်ဝမျှတအောင်၊ အစာအုပ်စု အားလုံးပါဝင်အောင် ကျွေးမွေးတတ်စေရန်၊ အသက်အရွယ်အလိုက် ထိုးနှံရမည့် ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံသော အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကလေးငယ်များ၏ ပုံမှန်ကိုယ်အလေးချိန်ကို ချိန်တွယ်ပြီး ကလေးငယ်များ၏ ဖွံ့ဖြိုးမှုကို အမြဲမပြတ်စောင့်ကြည့်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် လွတ်လပ်ရေးနေ့မှစကာ ကလေးပြိုင်ပွဲအား ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် မွေးစမှ သုံးလအရွယ် ကလေးငယ်များအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မာလာဝင်းက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် သုံးလမှ ခြောက်လအရွယ် ကလေးငယ်များအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်သန်းသန်းစိန်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ခြောက်လမှ တစ်နှစ်အရွယ်၊ တစ်နှစ်မှ တစ်နှစ်ခွဲအရွယ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်အရွယ် ကလေးငယ်များနှင့် အမွှာအတွဲ ကလေးငယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အကဲဖြတ် အမှတ်ပေးကြသည့် ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သီတာနွယ်လမ်းမကြီးတွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယနေ့ ညမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်တိုင်းကျင်းပတာပါ၊ ဒီညမှာ ရွှေတံဆိပ်ငါးဆုရတဲ့ မချယ်ရီမော်က မြန်မာ့ရိုးရာ ခြင်းလုံးအလှ ကစားပြတာပါ၊ မနက် ၄ နာရီမှာ တာဝေးအပြေးပြိုင်ပွဲကို စတင်ကျင်းပမှာပါ၊ ပြိုင်ပွဲအမျိုးအစား ၁၀၀ ကျော်ပါတယ်၊ ဆုငွေတွေက အားလုံးပေါင်း သိန်း ၅၀ ရှိတယ်" ဟု ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းလတ်က ပြောသည်။

အဆိုပါအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဒေါပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိုးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးနှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

**ဇာနည်မောင်**



# သမိုင်းဝင် မြန်မာပြည် လွတ်လပ်ရေးအောင်ပွဲ

■ ကောင်းစျာန်သိမ်း

**ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ရာ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်လုလုတွင် မသမာသူများလက်ချက်ဖြင့် ရေတိမ်နစ်ခဲ့ရသည်။ ထို့နောက် နု-အက်တလီစာချုပ်အရ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ ကြားဖြတ်အစိုးရအား အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် သဘောတူခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန်မြို့ ဝန်ကြီးများရုံး၊ လွှတ်တော်အဆောက်အအုံရှေ့နှင့် အစိုးရအိမ်တော်ရှေ့တို့၌ ယူနီယံဂျက်အလံကိုချပြီး မြန်မာနိုင်ငံအလံ လွှင့်တင်ကာ မြန်မာ့လွတ်လပ်ရေးအောင်ပွဲ ကျင်းပပြီးနောက် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။**

လွတ်လပ်ရေးကြေညာသည့် အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံး ယာယီသမ္မတကြီး စဝ်ရွှေသိုက်၊ ယာယီဝန်ကြီးချုပ် သခင်နုနှင့် ဝန်ကြီးများ၊ ယာယီလွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော် ဝန်ကြီးချုပ်၊ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဟာမင်းကြီးများ၊ နိုင်ငံခြား အထူးသံတမန်များ၊ ဖဆပလအမှုဆောင် လူကြီးများ၊ လွှတ်တော်အမတ်များ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အကြီးအကဲများ၊ တိုင်းမင်းကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အတွင်းဝန်များ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွတ်လပ်ရေးကြေညာသည့်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဟမ်စစ်သင်္ဘောမှ အခါတော်ကြား အမြောက်များ ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် လွှတ်တော်အဆောက်အအုံရှေ့ရှိ အလံတိုင်ပေါ်မှ ယူနီယံဂျက်အလံကို အောက်သို့ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အလံလွှင့်ထူသည့်အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အလံတင် အခမ်းအနား ကျင်းပပြီးသောအခါ ယာယီသမ္မတ၊ ယာယီဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်တို့က လွှတ်တော်ခန်းမတွင် အသီးသီးနေရာယူကြသည်။ ထို့နောက် ယာယီသမ္မတ စဝ်ရွှေသိုက်က သမ္မတရာထူး လက်ခံသိမ်းပိုက်ကြောင်း ကြေညာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတည်ဖြစ်ကြောင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ဧည့်ပရိသတ်အပေါင်းက တစ်ခဲနက်သြဘာပေးကြသည်။

### လွတ်လပ်ရေးကြေညာ

မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရရှိပြီး အချုပ်အခြာအာဏာပိုင်ဖြစ်ကြောင်း ကြေညာလိုက်သည့် လွှတ်တော်ခန်းမကြီးမြင်ကွင်းမှာ တက်ရောက်လာကြသူအားလုံးအဖို့ ဖော်မပြနိုင်လောက်သော ဝမ်းသာကြည်နူးမှုများနှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ထိုသို့ မြန်မာပြည်လွတ်လပ်ရေးအောင်ပန်း ဆွတ်ခူးနေချိန်တွင် လွတ်လပ်ရေးရရှိရေးအတွက် အသက်စွန့်ကြိုးပမ်းပေးခဲ့ကြသော ပုဂ္ဂိုလ်များအား အခမ်းအနားသို့ တက်ရောက်လာကြသူအားလုံး သတိတရနှင့် စိတ်မကောင်းဝမ်းနည်း ဖြစ်ကြရသည်။ ထို့ကြောင့် သတိရသောအထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်စွာနေကြသည်။ ထိုသို့ ငြိမ်သက်လေ သတိရလေ ဖြစ်ကြရသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးနုက "အောင်စေသတည်း"အစချီသော လွတ်လပ်ရေးကြေညာစာတမ်းကို ဖတ်ကြားပြီး နိုင်ငံတော်သီချင်းကို တက်ရောက်လာကြသူများအားလုံးက သံပြိုင်သီဆိုကြရာ ခန်းမကြီးအတွင်း သာမက ဘဝင်္ဂသို့တိုင် ညံသည့်အလား ထင်မှတ်ရပြီး ကြက်သီးမွေးညင်းများပင် ထရသည်။ ထို့နောက် ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ရာထူးတံဆိပ် အပ်နှင်းခြင်း၊ ဝန်ကြီးချုပ် မိန့်ခွန်းပြောကြားခြင်းတို့ ပြုလုပ်ပြီးနောက် အခမ်းအနား ပြီးဆုံးခဲ့သည်။

### ထွက်တော်မူနန်းကခွာ


ထိုအခမ်းအနားအပြီး နံနက် ၆ နာရီတွင် အလုံလမ်းရှိ အစိုးရအိမ်တော်၌ ယူနီယံဂျက်အလံချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံတင်သည့် အခမ်းအနားကျင်းပသည်။ နိုင်ငံတော်သမ္မတနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)တို့ အလံတိုင်ရှေ့စင်မြင့်ပေါ်သို့ တက်ရောက်ပြီး အလံတင်၊ အလံချနေမှုကို ခံယူကြသည်။ ထို့နောက် ဘုရင်ခံက ဧည့်ပရိသတ်များအား လိုက်လံနှုတ်ဆက်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ထွက်ခွာရာ အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက ဆိပ်ကမ်းသို့ လိုက်ပါပို့ဆောင်ကြသည်။ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့်ဇနီးတို့ နံနက် ၈ နာရီ ၂၀ မိနစ်တွင် ဘာမင်ဟမ်သင်္ဘောပေါ်သို့ တက်ရောက်ပြီး ဧည့်ပရိသတ်များအား နှုတ်ဆက်ကာ ရေကြောင်းခရီးဖြင့် အင်္ဂလန်သို့ ထွက်ခွာသွားတော့သည်။ ဤနေ့ဤအချိန်မှ စတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကိုလိုနီလက်အောက်ကျွန်ဘဝမှ အပြီးတိုင်လွတ်မြောက်ပြီး လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ အဖြစ်သို့ ရောက်ရှိခဲ့သည်။


### လွတ်လပ်ရေးကျောက်တိုင်စိုက်ထူ

မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာသည့်နေ့ ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အုတ်မြစ်စီအခမ်းအနားကို တစ်ရက်ကျင်းပခဲ့သည်။ ဝန်ကြီးချုပ် သခင်နု တက်ရောက်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အစိုးရအဆောက်အအုံ၌ နိုင်ငံတော်အလံလွှင့်တင်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီတွင်ကျင်းပပြီး ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံဖွင့်ပွဲကို တစ်ပြိုင်တည်းကျင်းပသည်။ ညနေပိုင်းတွင် သမ္မတအိမ်တော်၌ လွတ်လပ်ရေးနေ့အခမ်းအနားကို ထပ်မံကျင်းပပြီး ကျမ်းသစ္စာကျိန်ဆိုကြသည်။

### လွတ်လပ်ရေးအောင်ပွဲ

လွတ်လပ်ရေးအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်း၌ ဇန်နဝါရီလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ မြန်မာ့ရိုးရာလှေပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ သမ္မတ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံခြားကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိုနေ့က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ပြည်ပနိုင်ငံများရှိ နိုင်ငံကြီးများ၏ သံရုံးများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေထိုင်လာခဲ့သည်။ ။




ရန်ကုန်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှိ လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန် ကိုးချက်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် တည်ဆောက်နေသည်ကို တွေ့ရစဉ်။ (ဟံသာဝတီလွတ်လပ်ရေးစာစောင်မှ)

ဖဆပလ အဖွဲ့ချုပ်က တည်ဆောက်သည်။ တည်ဆောက်သည့် အင်ဂျင်နီယာမှာ အေစီမာတင် ဖြစ်သည်။ အောက်ခံတွင် ကြယ်ကြီးငါးလုံး ခြံရံလျက် ခြင်္သေ့ကြီး ၁၀ ကောင်က စောင့်နေသည်။ ကျောက်သားပကတိပေါ်လွင်သည်။ ကောင်းကင်မှကြည့်လျှင် ကျောက်တိုင်ထိပ်တွင် ကြယ်ကြီးတစ်လုံးကို ကြယ်ငါးလုံးရံထားသည်ကို တွေ့နိုင်သည်။ အမြင့်ပေ ၁၅၀ ရှိပြီး တရားလွှတ်တော်နှင့် မြို့တော်ခန်းမတို့ထက် မြင့်သည်။

# မြန်မာ-ဘရာဇီး ကုန်သည်ကြီးများအသင်း တည်ထောင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဘရာဇီးလ်နိုင်ငံ ဆော်ပိုလိုမြို့မှ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr.Ricardo Cateb Cury အား ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဘရာဇီး ကုန်သည်ကြီးများအသင်း(Myanmar-Brazil Chamber of Commerce) တည်ထောင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များ၊ ဘရာဇီးနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ အသေးစိတ်ဆွေးနွေးညှိနှိုင်းသွားရေးတို့ အပါအဝင် ပို့ကုန်အလားအလာရှိသည့် ကဏ္ဍများတွင် ဘရာဇီးနိုင်ငံ၏ နည်းပညာများဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၈)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၈)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၈)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၈)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၈)ကိုလည်းကောင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# မန်းရေနံမြေထိစပ်ကျေးရွာဒေသခံများအတွက် လူမှုစီးပွားဘဝ အထောက်အကူပြု ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းပို့ချ

**မင်းဘူး ဇန်နဝါရီ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ MPRL E&P Pte., Ltd.နှင့်မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ MPRL E&P ကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ အစီအစဉ်တစ်ရပ်အနေဖြင့် ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မန်းရေနံမြေရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သင်တန်းခန်းမတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေအထွေထွေမန်နေဂျာဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ MPRL E&P Pte Ltd. မှ မန်းရေနံမြေမန်နေဂျာဦးမိုးဇော်တင့်နှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။



ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို လေးရက်ကြာကျင်းပခဲ့ပြီး ပဲစင်းငုံခေါက်ဆွဲ၊ ပဲစင်းငုံအာဟာရမှုန့်၊ ပဲစင်းငုံတိုဟူးခြောက်၊ ပဲစင်းငုံပြာရည်အပါအဝင် ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် အမျိုးပေါင်း ၁၈ မျိုးတို့၏ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သင်ကြားပို့ချနိုင်ခဲ့သည်။

မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော MPRL E&P Pte., Ltd. သည် လုပ်ငန်းလုပ်ကိုင်ရာဒေသရှိ ဒေသခံများအတွက် လူမှုတာဝန်သိလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးမှုအစီအမံများဖြစ်စေရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများကို ပို့ချလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ကို ပို့ချနိုင်ခဲ့ပြီး ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းသည် တတိယအကြိမ်မြောက်ပို့ချသည့် သင်တန်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် မန်းရေနံမြေထိစပ်ကျေးရွာများမှ ဒေသခံသင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၂၉ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ညောင်လေးပင်မြို့၌ ဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ညောင်လေးပင်မြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် မဒေါက်-ရွှေကျင် ကားလမ်းဆုံ(ဗိုလ်ချုပ်လမ်းဆုံ)တွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ညောင်လေးပင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

"ကျွန်တော်တို့ ညောင်လေးပင်မြို့မှာ တိုင်းပြည်ရဲ့ဖခင်၊ တပ်မတော်ရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင်းစီးရုပ်တုကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပါပြီ၊ အခုဆက်လက်ပြီး နံနက် ၉ နာရီမှာ အာဇာနည်လမ်းမှာရှိတဲ့ သီရိရတနာခန်းမမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖြစ်မြောက်ရေးအတွက် လုပ်အားနဲ့ ဝိုင်းဝန်းကူညီကြတဲ့ မြို့သူ မြို့သား တွေရော ငွေအားနဲ့ လှူဒါန်းပေးတဲ့ အလှူရှင်များကိုပါ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်မြင်းစီးရုပ်တု ဖြစ်မြောက်ရေးကော်မတီဝင် ဦးခင်မောင်လွင် (ညောင်လေးပင်)က ပြောသည်။



တည်ဆောက်ခဲ့သည့် ဗိုလ်ချုပ်မြင်းစီးရုပ်တုသည် သုံးပေမြင့်သောတြိဂံအုတ်ခုံပေါ်တွင် နောက်ခံအမြင့် ကိုးပေ၊ အလျား ၁၃ ပေ၊ အနံခြောက်ပေရှိကာ ဗိုလ်ချုပ်မြင်းစီးရုပ်တု ဖြစ်မြောက်ရေးအတွက်မြို့ပေါ်မှ လုပ်ငန်းရှင်များ၊ ရပ်ဝေး ရပ်နီးမှ အလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၂၅၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝိန်းဇလုပ်သိန်းညွန့်**

# YRTA အသိအမှတ်ပြု ပထမဆုံး အမျိုးသမီးယာဉ်မောင်း YBPC ကုမ္ပဏီ၏ YBS 37 ယာဉ်လိုင်းတွင် စတင်မောင်းနှင်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)၏ အသိအမှတ်ပြု ပထမဆုံး အမျိုးသမီး ယာဉ်မောင်းတစ်ဦး YBPC အများပိုင်ယာဉ်လိုင်းကုမ္ပဏီတွင် စတင်ခန့်အပ်လိုက်ပြီး YBS 37 ယာဉ်လိုင်းတွင် မောင်းနှင်နေပြီဖြစ်ကြောင်း ရန်ကုန်ဘတ်စ်အများပိုင်ကုမ္ပဏီလီမိတက် YBPC မှ သိရသည်။


YBS ယာဉ်လိုင်းများရှိ ခရီးသည်တင်ယာဉ်များတွင် မောင်းနှင်ရန် ကျွမ်းကျင်ယာဉ်မောင်းများစွာ လိုအပ်လျက်ရှိရာ အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)မှ (၄)အထိ ဇူလိုင်လမှ နိုဝင်ဘာလဆန်းပိုင်းအထိ ဆက်တိုက်ဖွင့်လှစ်ခဲ့ရာ သင်တန်းအပတ်စဉ်(၄)တွင် တက်ရောက်အောင်မြင်ခဲ့သူ အမျိုးသမီးယာဉ်မောင်းတစ်ဦးအား အဆိုပါ ယာဉ်လိုင်းကုမ္ပဏီတွင် ပထမဦးဆုံး စတင်ခန့်အပ်လိုက်ခြင်းဖြစ်သည်။

"သင်တန်း အပတ်စဉ်(၁)ကနေ(၄)အထိ ဆက်တိုက်ဖွင့်လာတဲ့အခါ အပတ်စဉ်(၄)မှာ အမျိုးသမီးယာဉ်မောင်းလေးဦးစတင်ပြီး တက်ရောက်လာပါတယ်၊ အဲဒီလေးဦးထဲက တစ်ဦးကတော့ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးပြီးတော့ သင်တန်းကို အောင်မြင်ခဲ့တဲ့အတွက် သူ့ကို YBPC ယာဉ်လိုင်းမှာ YRTA အသိအမှတ်ပြု ပထမဦးဆုံး အမျိုးသမီးယာဉ်မောင်းအဖြစ် ခန့်အပ်လိုက်တာပါ၊ သူ့ကို ကုမ္ပဏီကနေပြီး မွမ်းမံသင်တန်းနဲ့ လေ့ကျင့်မှုတွေ ပြုလုပ်ပြီးမှ ယာဉ်လိုင်းမှာ မောင်းနှင်ခွင့်ပြုခဲ့တာပါ၊ YBS 37 မှာ မောင်းနှင်နေတာ တစ်ပတ်လောက်ရှိပါပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

YBS အထူး ယာဉ်မောင်းသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့ လေ့ကျင့်သင်ကြားမှုများကို ပိုမိုသင်ကြားပေးသွားမည်ဟု သိရသည်။ သင်တန်းတက်ရောက်ရန် လာရောက်လျှောက်ထားသူများကို ခရီးသည်တင်ယာဉ်ကြီး မောင်းနှင်နိုင်မှုရှိ၊ မရှိ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ အပါအဝင် ကနဦးစစ်ဆေးချက်များ အောင်မြင်မှသာ သင်တန်းသို့ တက်ရောက်ခွင့်ရခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင်အနိမ့်ဆုံး(ခ)လိုင်စင် သုံးနှစ်သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများကိုသာလက်ခံသည်ဟု သိရသည်။

သင်တန်းအောင်မြင်သူများကို သင်တန်းဆင်းလက်မှတ်ပေးအပ်သည့်အပြင် YRTA အသိအမှတ်ပြု ယာဉ်မောင်းကတ်ပြားများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝဝ၁**

# ရွှေတိဂုံစေတီတော် ခြေတော်ရင်းတွင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအောင်ပွဲ ကမ္ပည်းမော်ကွန်းနှင့် ပိဋကတ်သုံးပုံ ကျောက်စာရေးထိုးမည်



**ရန်ကုန် ဇန်နဝါရီ ၃**

ရွှေတိဂုံစေတီတော်တွင် ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည့် ပင့်သံဃာအပါး ၁၈၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအောင်ပွဲ ကမ္ပည်းမော်ကွန်းနှင့် ပိဋကတ်သုံးပုံကျောက်စာ ရေးထိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ပတ္တမြားဗိမာန်၌ ကျင်းပခဲ့သည့် မင်္ဂလာအောင်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ပင့်သံဃာအပါး ၁၈၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် သံဃာတော်များ၏ဘွဲ့အမည်များ၊ ကြွရောက်ခဲ့ကြသည့်မြို့နယ်များ၊ ကျောင်းတိုက်များအားလုံးကို မှတ်တမ်းတင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအလှူတော်တွင် အစ၊အလယ်၊အဆုံး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ခဲ့ကြသည့် ဌာနဆိုင်ရာအသီးသီးနှင့်ပါဝင်ကူညီခဲ့ကြသူများအားလုံးကို စာအုပ်မှတ်တမ်းပြုစုနိုင်ရန်အတွက် မော်ကွန်းကမ္ပည်း စိုက်ထူမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

“ရွှေတိဂုံစေတီတော်ကြီးရဲ့တောင်ဘက်မုခ်မှာ ကမ္ပည်းကျောက်စာတိုင်တစ်ခုစိုက်ထူဖို့ အစီအစဉ်ရှိပါတယ်၊ ခါတ်လှေကားရဲ့ဘေး၊ ကျောက်စာတိုင်ကြီးရဲ့ဘေးမှာ စိုက်ထူဖို့ စတင်ပြင်ဆင်စဉ်ကတည်းက ပြင်ဆင်ထားတာရှိပါတယ်၊ ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့ အခြေအနေကိုလည်း အသိပေးအပ်ပါတယ်၊ ဆရာတော်တို့ကိုလည်း လျှောက်ထားအပ်ပါတယ်”ဟု ဝန်ကြီးချုပ်က အသိပေးလျှောက်ထားခဲ့သည်။

ယင်းအပြင် ငွေစာရင်းရှင်းတမ်းများနှင့်ပတ်သက်ပြီး အလှူခံထားသည့် ငွေစာရင်းရှင်းတမ်းရှိသကဲ့သို့ အလှူရှင်များကိုယ်တိုင် စိုက်ထုတ်ပြီး ဆောင်ရွက်ခဲ့သည့် အခြေအနေများရှိကြောင်း၊ နောက်ဆုံးအပြီးချုပ်ငွေစာရင်းရှင်းတမ်းကို မှတ်တမ်းစာအုပ်တွင် ထည့်သွင်းဖော်ပြဆောင်ရွက်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းငွေစာရင်းရှင်းတမ်းပြီးသွားသည့်အချိန်တွင် ကျန်ခဲ့သည့်အလှူငွေများကို ဆက်လက်ဆောင်ရွက်မည့်ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ပင့်သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ မင်္ဂလာမှတ်တမ်းစာအုပ်ထုတ်ခြင်းနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းတွင် ပိဋကတ်သုံးပုံကို ကျောက်စာအဖြစ် မှတ်တမ်းတင်ထားရှိနိုင်ရန်တို့အတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**ဆုနှင်းလှဲ့**

# ရုပ်ရှင်ကြည့်ခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို သိရှိနားလည်စေရန် ရုပ်ရှင်ပွဲတော်ပြသ

**ရန်ကုန် ဇန်နဝါရီ ၃**

နှစ်(၇၀)ပြည့် မြန်မာ့လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားနိုင်ငံ ဟန်အီးရုပ်သံသမိုင်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပထမအကြိမ် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ (မြန်မာနိုင်ငံ) အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO)ရုပ်ရှင်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

“လွတ်လပ်ရေးနဲ့ပတ်သက်တဲ့ ရုပ်ရှင်ပွဲတော်ပါ၊ လွတ်လပ်ရေး ဘယ်လိုရအောင် လှုပ်ရှားခဲ့ကြတယ်ဆိုတဲ့ ကြိုးပမ်းမှုရုပ်ရှင်တွေကို ပြတဲ့ပွဲဖြစ်ပါတယ်၊ ရဟန်းတော်တွေရော ကျောင်းသားတွေရော၊ ပြည်သူတွေရော လွတ်လပ်ရေးကို တိုက်ယူခဲ့တာဖြစ်ပေမယ့် ကိုရီးယားဘက်က ရဟန်းတော်တစ်ပါးနဲ့ အရှင်ဥတ္တမနဲ့ သက်တူရွယ်တူ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားတာကို ရွေးပြီးတင်ပြသွားတာဖြစ်ပါတယ်၊ ‘ငဘ’ ရုပ်ရှင်ဇာတ်ကားကို ဒီပွဲမှာ ပြသွားတာလည်း သဘောကျတယ်၊ ဆရာမောင်ထင်ရဲ့ဝတ္ထုကလည်း ကောင်းပါတယ်၊ ကောင်းလွန်းလို့လည်း ၁၉၅၀ ဝန်းကျင်လောက်က ဒါရိုက်တာချစ်ခင်က ရိုက်ခဲ့ဖူးသေးတယ်၊ အဲဒီတုန်းက ရုရှားနိုင်ငံ ပို့ပြီးပြရပါတယ်၊ ဒီငဘကတော့ ကိုရီးယားနိုင်ငံ သွားပြရတဲ့ကားဖြစ်ပါတယ်၊ နိုင်ငံတကာ ရုပ်ရှင်တွေနဲ့ ဆရာတို့ရုပ်ရှင်တွေက ကူးလူးဆက်ဆံမှုရှိရမယ်၊ ဒါမှ ကိုယ့်ရဲ့ပျော့ကွက်ကိုလည်း သိမယ်၊ သူတို့ရဲ့ အားသာချက်တွေကိုလည်း သိမယ်။ ဒါမှလည်း ကြိုးစားချင်တဲ့စိတ်တွေ ဝင်လာမယ်လို့ထင်ပါတယ်၊ လွတ်လပ်ရေးကို ထိန်းသိမ်းချင်တဲ့စိတ်၊ လူအများစည်းကမ်းရှိအောင်၊ ပြည်သူ့နီတိနဲ့အညီ နေနိုင်အောင် အဲဒီလိုရုပ်ရှင်ကားတွေကို အားပေးပြီးတော့ ပြည်သူလူထုကို အကျိုးပြုမယ့်ကားမျိုးတွေ ရွေးပြီးအားပေးစေချင်ပါတယ်”ဟု မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနာယက ဒါရိုက်တာကြည်စိုးထွန်းက ပြောသည်။



**လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် (မြန်မာနိုင်ငံ)ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး အမှာစကားပြောကြားစဉ်။**
ဓာတ်ပုံ-ဇော်မင်းလတ်

ရုပ်ရှင်ပွဲတော်အစီအစဉ်တွင် ၂၀၁၇ ခုနှစ် ကိုရီးယားနိုင်ငံမှာ ကျင်းပသည့် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့သော ပရဟိတခေါင်းဆောင် ရုပ်ရှင်မင်းသား ဦးကျော်သူ၏ ရုပ်သံအင်တာဗျူး အတိုနှင့် ၂၀၁၈ ခုနှစ် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ပေးပို့သည့် အမှာစကားအား ပြသခြင်း၊ မြန်မာ-ကိုရီးယား လွတ်လပ်ရေးသမိုင်းတွင် ထူးခြားတိုက်ဆိုင်သည့် မွေးနေ့တူ ခေတ်ပြိုင်ဆရာတော်နှစ်ပါးဖြစ်သည့် မြန်မာနိုင်ငံမှ ဆရာတော်ဦးဥတ္တမနှင့် ကိုရီးယားနိုင်ငံမှ မန်ဟဲဆရာတော် ဟန်ယွန်းအုန်းတို့၏ တူညီသောလွတ်လပ်ရေးကြိုးပမ်းမှုအား စာတမ်းဖတ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၃ရက်မှ ၅ ရက်ထိ(သုံးရက်တိုင်တိုင်)ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲ၌ မြန်မာရုပ်ရှင် “ငဘ”ဇာတ်ကားကိုပြသခဲ့ရာ ကျန်ရက်များတွင် နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားများကို ပြသသွားမည်ဖြစ်သည်။ နိုင်ငံတကာရုပ်ရှင် (မြန်မာနိုင်ငံ)ပြပွဲသည် ရုပ်ရှင်ကြည့်ခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို သိရှိနားလည်စေရန်၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးကို ခိုင်မာစေရန်၊ လွတ်လပ်ရေးစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်နှင့် နိုင်ငံတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသူများ များပြားလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**



**လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် (မြန်မာနိုင်ငံ) ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဒါရိုက်တာကြည်စိုးထွန်း အမှာစကား ပြောကြားစဉ်။** ဓာတ်ပုံ-ဇော်မင်းလတ်



**ဟန်အီးရုပ်သံသမိုင်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Lee Won Hyuk က မန်ဟဲဆရာတော်ဟန်ယွန်းအုန်းနှင့် ဆရာတော်ဦးဥတ္တမတို့၏ တူညီသော လွတ်လပ်ရေးလှုပ်ရှားမှုနှင့် ဘာသာရေးဆိုင်ရာ ကြိုးပမ်းမှုအကြောင်းစာတမ်းကို ဖတ်ကြားစဉ်။** ဓာတ်ပုံ-ဇော်မင်းလတ်



**ရုပ်ရှင်ပွဲတော် ဖွင့်ပွဲတွင် “ငဘ”ရုပ်ရှင်ဇာတ်ကားကို ပြသနေစဉ်။** ဓာတ်ပုံ-အေးမင်းသူ

# ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ပြီးနောက် အခြားနိုင်ငံတွေကြားမှာ မြန်မာနိုင်ငံက လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရခဲ့တယ်

## ၂၀၁၆-၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း



မောင်နေဦးကျော်

**ကိုရီးယားသမ္မတနိုင်ငံတွင် ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ကျင်းပခဲ့သည့် World Skills Korea ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးကွန်ပျူတာတက္ကသိုလ်မှ မောင်နေဦးကျော်ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ ။World Skills Korea အကြောင်းနဲ့ ပြိုင်ပွဲဝင်ဖြစ်ပုံကို သိပါရစေ။**

ဖြေ။ ။World Skills Korea ကတော့ ပရိုဂရမ်တစ်ခုအနေနဲ့ ကိုရီးယားမှာ ကျင်းပတာ ဖြစ်ပါတယ်။ ပြိုင်ပွဲလျှောက်ဖြစ်ပုံက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)က ပံ့ပိုးပေးတာဖြစ်ပါတယ်။ UCSM (မန္တလေးကွန်ပျူတာတက္ကသိုလ်)၊ UCSY (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ YCC (နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီး)တွေကို Local အလိုက် ရွေးချယ်ပြီး ကျောင်းသားတွေက ပြိုင်ရတယ်။ အဲဒီမှာ ပြိုင်ပြီးနောက် ရွေးချယ်ခံရတဲ့အတွက် ကျွန်တော်က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ကိုရီးယားနိုင်ငံကို သွားရောက်ခဲ့ရပါတယ်။ ဩဂုတ် ၁၆ ရက်ကနေ စက်တင်ဘာ ၁၄ ရက်အထိ ကိုရီးယားနိုင်ငံ ဆူဝမ်၊ ဆိုးလ်နဲ့ ဂျယ်ဂျူ စတဲ့မြို့တွေမှာ ကွန်ပျူတာသိပ္ပံဘာသာရပ်နဲ့ဆိုင်တဲ့ ပရိုဂရမ်တွေကို သွားရောက်လေ့လာယှဉ်ပြိုင်ခဲ့ရပါတယ်။

ဒီပြိုင်ပွဲမှာ ကိုရီးယားနိုင်ငံမပါဘဲ မြန်မာ၊ နီပေါ၊ ဗီယက်နမ်၊ လာအို၊ မွန်ဂိုလီးယား၊ အရှေ့တီမောအပြင် လက်တင်အမေရိကမှ နိုင်ငံအချို့လည်း ပါဝင်ပါတယ်။ တချို့နိုင်ငံတွေက နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြီး ယှဉ်ပြိုင်ပါတယ်။ မြန်မာနိုင်ငံကတော့ ကျွန်တော်နဲ့ ကျွန်တော့် ဆရာမ သွားရောက်ခဲ့တာပါ။ ကျွန်တော်တို့ကို ဧည့်သည်အနေနဲ့ ဝင်ပြိုင်ခိုင်းတယ်။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ဖိတ်ခေါ်ခံရတာပါ။

Korea National Skills Competition 2017 ပါ။ ပြိုင်ပွဲအမျိုးအစား ၅၀ ကျော်ပါဝင်ပြီး ကွန်ပျူတာသိပ္ပံနဲ့ဆိုင်တဲ့ ဘာသာရပ်တွေကို ယှဉ်ပြိုင်ရပါတယ်။ ပြိုင်ပွဲဝင် နှစ်ထောင်ကျော် ပါဝင်တဲ့အထဲမှာ ကျွန်တော်က Web design and development ဆိုတဲ့ subject မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။

**မေး။ ။ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုရရှိခဲ့တဲ့ ဆုအမျိုးအစားနဲ့ ဆုရရှိခဲ့ပုံကို ပြောပြပေးပါ။**

ဖြေ။ ။ကျွန်တော်ရရှိခဲ့တဲ့ ဆုကတော့ ပထမဆု ( Gold Medalist) ဖြစ်ပါတယ်။ ဒုတိယဆုက အရှေ့တီမော၊ တတိယဆုက ဂွာတီမာလာတို့က အသီးသီးရရှိခဲ့ပါတယ်။ ဆုရရှိခဲ့တာကတော့ ကျွန်တော် အများကြီး ကြိုးစားပြီးရခဲ့တာပါ။ လွယ်လွယ်နဲ့တော့ မရခဲ့ပါဘူး။ ကိုရီးယားမှာ ပြိုင်ပွဲမဝင်ခင် သူတို့က Training ပုံစံမျိုးပေးတယ်။ အဲဒီအချိန်မှာ ကျွန်တော် သေချာလေ့လာတယ်၊ အာရုံစူးစိုက်တယ်။ မသွားခင် မြန်မာနိုင်ငံမှာကတည်းကလည်း ကျွန်တော် သေချာလေ့လာသွားတယ်။ Survey တွေ၊ Thesis Papers တွေ လေ့လာထားတယ်။ ပြီးတော့ တကယ်ပြိုင်ရမယ့် Subject ကို သေချာပြန်ကြည့်တယ်။ လက်တွေ့လုပ်ရမှာဆိုတော့ တကယ်လုပ်တတ်မှ၊ တကယ်သိမှရမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ အတွေ့အကြုံတွေကတော့ အများကြီးပါပဲ။ ပထမဦးဆုံး အတွေ့အကြုံကတော့ အခုလို နိုင်ငံတကာအဆင့် ပြိုင်ပွဲဆိုတာ ကျွန်တော့်အနေနဲ့ ပထမဆုံးပါပဲ။ ပြိုင်ပွဲဝင်တုန်းကရော ဆုယူတုန်းကပါ အတော်ရင်ခုန်ပါတယ်။ ဆုလည်းရရော ပျော်လိုက်တာပြောပြဖို့ စကားလုံးတောင် ရှာမရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရလိုက်တာက ဆုယူပြီး ပြီးသွားတာမဟုတ်ပါဘူး၊ နောက်ဆက်တွဲ အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ သူများနိုင်ငံတွေအလယ်မှာ မြန်မာကွဆိုတာ ပြသခွင့်ရလိုက်တယ်။ နောက်ပြီး ကျွန်တော့် ကျောင်းပေါ့။ ဆုလည်းရပြီးရော အားလုံးစိတ်ဝင်စားသွားကြတာက ကျောင်းကိုပါပဲ။ ဘယ်ကျောင်းကလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် ပြုံးပြုံးကြီးဖြေခဲ့ရတယ်။ ကျောင်းအတွက်



**ပထမဆု လက်ခံရယူနေပုံ။**

လုပ်နိုင်သလောက် လုပ်ပြခွင့်ရတဲ့အတွက်လည်း ပျော်မိတာတော့ အမှန်ပါပဲ။ နောက်ပြီး ကျွန်တော့် မိဘတွေအတွက် သူတို့ ဂုဏ်ယူရအောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့ပါတယ်။

ရင်ဆိုင်ရတဲ့ အခက်အခဲကတော့ နည်းနည်းတော့ ရှိတာပေါ့။ တချို့ case တွေက ကိုယ်ထင်ထားသလို မဟုတ်ဘူးလေ။ ပထမဆုံးပြိုင်ပွဲကို နှစ်ရက်ပြိုင်ရတယ်။ ဒုတိယနေ့မှာ ပြိုင်ရတာက ကျွန်တော့်မှာ အတွေ့အကြုံလုံးဝမရှိဘူး။ ကျွန်တော် Korea ရောက်မှ သိရတာ၊ တွေ့ဖူး၊ မြင်ဖူးထားတာတော့ ရှိတယ်ပေါ့။ ကျွန်တော် အစိမ်းသက်သက်ကြီး လေ့လာရတယ်။ အချိန်ကလည်း သိပ်မရဘူး။ ရတဲ့အချိန်မှာ မြန်မြန်လေ့လာရတယ်။ သွားပြိုင်တော့ ငါဖြစ်ပါ့မလားဆိုပြီး စိတ်တော့လှုပ်ရှားတာပေါ့။ အရမ်းကြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူး။ ဒါပေမယ့် ကျွန်တော် ကောင်းကောင်းပြိုင်နိုင်ခဲ့ပါတယ်။ Well Done ပါပဲ။ ပြိုင်ပွဲရက်က ကျွန်တော် သိပ်မအိပ်ခဲ့ရဘူး။ ပြိုင်ပွဲနေ့တွေမှာဆို တစ်နေ့ကို သုံးနာရီ၊ လေးနာရီလောက်ပဲ အိပ်ခဲ့ရတယ်။ တခြား အခက်အခဲကြီးကြီးမားမားတော့ မရှိပါဘူး။ စကားပြောတာလည်း အင်္ဂလိပ်လိုပဲ ဆိုတော့လေ။ ကိုရီးယားတွေနဲ့ စကားပြောရင်တော့ နည်းနည်းတော့ ခက်တယ်။ ကျွန်တော်က ကိုရီးယားစကား မပြောတတ်ဘူးလေ။ သူတို့ကလည်း မိခင်ဘာသာစကားပဲ ပိုအားသန်တော့ လက်ဟန်ခြေဟန်နဲ့ ပြောရတာပေါ့။

အခုလို နိုင်ငံတကာမှာ ကျင်းပတဲ့ ပြိုင်ပွဲတွေ၊ ပရိုဂရမ်တွေမှာ ဘာသာစကားကလည်း အရေးပါတယ်။ အထူးသဖြင့် အင်္ဂလိပ်စာပါပဲ။ ကျွန်တော် ကိုရီးယားစကား မပြောတတ်ဘူး။ ဒါပေမယ့် အင်္ဂလိပ်စာတော့ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ဖို့တော့ လိုတာပေါ့။ ဒါမှ ပြောဆိုဆက်ဆံလို့ရမှာ။ မဟုတ်ရင် စကားမပြောတတ်တဲ့ လူအကြီးဖြစ်နေမှာလေ။

**မေး။ ။ ဒီပြိုင်ပွဲကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ပထမဆုံး အကျိုးပြုတာက ကျွန်တော် ကိုယ်တိုင်ပါပဲ။ ဒီပြိုင်ပွဲမှာ ကျွန်တော် အများကြီးစွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ပြီးနောက် အခြားနိုင်ငံတွေကြားမှာ မြန်မာနိုင်ငံက လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရလို့ ကျေနပ်ပီတိဖြစ်မိတယ်။ ဒီပြိုင်ပွဲမှာ ဂွာတီမာလာတို့ဆိုတာ အခြားနိုင်ငံတွေနည်းတူ နိုင်ငံတကာပြိုင်ပွဲတွေမှာ အတွေ့အကြုံရှိပြီးသားတွေပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံမရှိခဲ့ဘူး။ ဒါပေမယ့် ပထဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရခဲ့တယ်။ အထူးသဖြင့် မြန်မာနိုင်ငံအနေနဲ့ လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ပြသခွင့်ရခဲ့တယ်။ နောက်ပြီး နိုင်ငံတော်ကပေးတဲ့ ဆုတွေလည်း ထပ်လောင်းရရှိခဲ့ပါတယ်။

**မေး။ ။နောင်နှစ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ညီငယ်၊ ညီမငယ်တွေအတွက် စကားလက်ဆောင်လေး ပြောပေးပါ။**

ဖြေ။ ။အရင်တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံကို မဖိတ်ခေါ်ဘူး။ အခုဆိုရင် သူတို့ပိုပြီး စဉ်းစားလာကြပါပြီ။ နောက်နောင်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ညီငယ်ညီမငယ်တွေအနေနဲ့ (KOICA) နဲ့ ချိတ်ဆက်လို့ရသလို ကျောင်းတွေမှာလည်း ရှိပါတယ်။ အခြားနိုင်ငံတွေနဲ့ ပြိုင်ရတာဆိုတော့ လေ့လာစရာအနေနဲ့က အများကြီးပါ။

ပထမအချက်ကတော့ ကိုယ်ရွေးချယ်လိုက်တဲ့ ဘာသာရပ်နယ်ပယ်ကို ကျွမ်းကျင်ပိုင်နိုင်ဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့က ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့ အခုမှ စလုပ်တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးငါးလလောက်ကတည်းက ရရှိခဲ့တဲ့ အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး ဖြည့်စွက်လေ့လာသွားတာပါ။ အခုသွားပြိုင်တဲ့ ဘာသာရပ်က ကျွန်တော့် ဝါသနာနဲ့ အံဝင်ခွင်ကျဖြစ်တယ်။ ကျွန်တော် အလွန်စိတ်ဝင်စားတဲ့ ဘာသာရပ်ပါ။ ညီလေး ညီမလေးတွေကို ပြောချင်တာက မိမိအလုပ်ကို အာရုံစူးစိုက်ပြီး တစိုက်မတ်မတ် လုပ်နေရမယ်။ အမေရိကန်သမ္မတကြီး လင်ကွန်းက ပြောဖူးပါတယ်။ နှေးချင်နှေးလို့ရပါတယ်။ မင်းအပြစ်မဟုတ်ဘူး။ ဒါပေမယ့် ရပ်တန့်လို့တော့ မရဘူးတဲ့။ အမြဲတမ်းကြိုးစားနေပါ၊ အမြဲတမ်းလေ့လာနေပါ၊ ကြိုးစားနေတဲ့ လူအတွက် အရှုံးဆိုတာဘယ်တော့မှ မရှိပါဘူး။ နောက်ပြီး ကိုယ့်မှာ ပြိုင်ဆိုင်မှုတွေရှိရင်လည်း နောက်မတွန့်ပါနဲ့။ ပြိုင်ဆိုင်မှုရှိမှ ပိုတိုးတက်တာ မြန်ပါတယ်။

ဒီပြိုင်ပွဲမှာ ကျွန်တော်မဟုတ်ဘဲ မြန်မာနိုင်ငံကိုယ်စားပြု အခြားတစ်ယောက်ဆိုရင်လည်း ကျွန်တော့်လို ဆောင်ရွက်နိုင်စွမ်းရှိမယ်လို့ ထင်တယ်။ မြန်မာနိုင်ငံဟာ စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်၊ မြန်မာနိုင်ငံက လူတွေ မညံ့ပါဘူး၊ အခြားနိုင်ငံတွေနဲ့ တန်းတူလုပ်နိုင်စွမ်းရှိကြတယ်။ သူများထက်မသာတောင် ရင်ပေါင်တန်းနိုင်တဲ့ စွမ်းရည်တွေ ရှိကြပြီးသားပါ။ ကြိုးစားပါ။ အမြဲကြိုးစားနေသူအတွက် အခွင့်အရေးက လက်တစ်ကမ်းမှာ ရှိနေပါတယ်လို့ ပြောချင်ပါတယ်။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**




**Closing Ceremony တွင် GIFTS Institute ကျောင်းအုပ်ကြီးမှ ဆုလက်မှတ်ပေးအပ်နေပုံ။**



**Country Report မြန်မာနိုင်ငံအကြောင်း Presentation လုပ်နေပုံ။**

**○ ကျောဖုံးမှ**

ထို့အပြင် အဆိုပါကျေးရွာ၌ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က စာသင်ကျောင်းတစ်ကျောင်း၊ စေတနာရှင် အလှူရှင်တစ်ဦး၏ အလှူငွေဖြင့် ကျေးလက်ဆေးပေးခန်းကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

အလားတူ မောင်တောမြို့နယ်မြောက်ပိုင်း ကြိမ်ချောင်း-ခမောင်းဆိပ်လမ်းအနီးတွင် မြို့တိုင်းရင်းသားကျေးရွာသစ်များ စတင်တည်ဆောက်ပေးလျက်ရှိသည်။

ထို့ပြင် ခမင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ရခိုင်တိုင်းရင်းသားများအတွက် နေအိမ် ၄၅ လုံး တည်ဆောက်ပေးသွားမည်ဖြစ်ပြီး မြဝတီကျေးရွာတွင်လည်း မြို၊ ခမီ၊ ဒိုင်းနက်၊ ချင်း လူမျိုးများအတွက် နေအိမ်များတည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ သစ်တုံးနားခွဆုံကျေးရွာတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေအိမ် ၄၄ လုံးကို စတင်တည်ဆောက်ပေးလျက်ရှိပြီး ခမောင်းဆိပ်-ကြိမ်ချောင်းလမ်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူလျက် ခုံတိုင်မြို တိုင်းရင်းသားကျေးရွာကို စတင်တည်ဆောက်လျက်ရှိသည့်အပြင် စာသင်ကျောင်းနှင့် ဆေးပေးခန်းများကိုပါ ထည့်သွင်းတည်ဆောက်ပေးလျက်ရှိသည်။

ဤသို့ကျေးရွာသစ်များ စုစုစည်းစည်း ထူထောင်ပေးလိုက်ခြင်းဖြင့် နေထိုင်မှုပုံစံသစ်များဖြင့် လူမှုဘဝများ ပြောင်းလဲလာတော့မည်ဖြစ်သည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ- နေဝင်းထွန်း**

**○ မန္တလေးမြို့မှ**


"နှစ်စဉ်နီးပါး ဇန်နဝါရီလမှာမိုးရွာသွန်းမှုတွေရှိခဲ့ပေမယ့် မိုးနည်းတဲ့မန္တလေးတိုင်းဒေသကြီးမှာ ၂၄ နာရီအတွင်း တစ်လက်မခွဲအထိ ရွာသွန်းခဲ့တယ်၊ အခု သုံးရက်အတွင်းဆိုရင် နှစ်လက်မခွဲ သုံးလက်မအထိ ရှိတယ်၊ မိုးများတယ်လို့ ပြောလို့ရတယ်၊ ယခင်ထက် ထူးထူးခြားခြားစံချိန်တင် မိုးရွာသွန်းမှုတွေရှိခဲ့တယ်"ဟု ၎င်းကပြောသည်။

ယခုနှစ်ဆန်းပိုင်းတွင် ဆောင်းမိုးများရွာသွန်းမှုကြောင့် နေ့အပူအချိန်များ သိသာစွာကျဆင်းလျက်ရှိပြီး ညအပူချိန်များနှင့်တူညီလုနီးပါး ဖြစ်ပေါ်ခဲ့ကာ ၂၄ နာရီ အပူချိန်များအရ ဇန်နဝါရီ ၁ ရက်တွင် ၂၀ ဒီဂရီစင်တီဂရိတ်၊ ၂ ရက်တွင် ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်၊ ၃ ရက်တွင် ၁၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ် အနိမ့်ဆုံးအပူချိန်များ ဖြစ်ပေါ်ခဲ့သည်။

မတ္တရာမြို့မှ ပဲစိုက်တောင်သူ ဦးသိန်းဝင်းကလည်း "ဒီမိုးကြောင့် အတောင့်အရွယ်ရောက်နေတဲ့ ပဲလွမ်းဖြူတွေမိုးမှန်သွားလို့ အနီကြောင်တွေဖြစ်ကုန်ပြီး အထွက်နှုန်းလည်း လျော့သွားတယ်၊ ဒါ့အပြင် အပင်မှာ ခြောက်သွေ့နေတဲ့ မတ်ပဲတွေကလည်း မှိုသန်းသွားတဲ့အတွက် အထွက်နှုန်းနဲ့ အရည်အသွေးတွေ လျော့သွားနိုင်တယ်" ဟုပြောသည်။

အဆိုပါတိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၃ ရက် မိုးရေချိန်တိုင်းထွာချက်များအရ ပုသိမ်ကြီးမြို့နယ်တွင် ၁ ဒသမ ၂ လက်မ၊ ပြင်ဦးလွင်တွင် ၁ ဒသမ ၃၄ လက်မ၊ မတ္တရာမြို့နယ်တွင်၁ ဒသမ ၄၂ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့်မြင်းခြံမြို့နယ်တွင် ၁ ဒသမ ၃၃ လက်မအထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင် ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး




ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၆ ကောင်နှင့် ဆိတ် ၇၂၉ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အဖွဲ့များက တပ်ဌာနချုပ်များနှင့် လားရှိုး-မူဆယ် ပြည်ထောင်စု ကားလမ်းမကြီးအား နှောင့်ယှက်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မန်တပ်မြို့နယ်ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းတွင် လက်နက်ကိုင်အဖွဲ့အချို့က လက်နက်ကြီးများဖြင့် လာရောက်နှောင့်ယှက်တိုက်ခိုက်ခဲ့ရာ တပ်ဧရိယာအနီး ပတ်ဝန်းကျင်၌ ၁၀၇ မမ ဗုံးသီး လေးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။



ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းတွင် လက်နက်ကိုင်အဖွဲ့များက မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီး လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ မိုင်းယုကျေးရွာနှင့် အထက်တုန်ခန်ကျေးရွာများ အတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးနှင့် နွားတစ်ကောင် သေဆုံးခဲ့ကာ ဒေသခံတိုင်းရင်းသားပြည်သူသုံးဦးနှင့် နွား ၁၆ ကောင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် လားရှိုး-မူဆယ်ပြည်ထောင်စု ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်နေသည့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်စခန်း၊ နမ့်ခိုင်စခန်းနှင့် နမ့်ဖတ်ကာမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်တို့အား လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် နမ့်ခိုင်စခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်လည်းကောင်း လာရောက် တိုက်ခိုက်ခဲ့သဖြင့် စခန်းများ၊ နောက်တန်းတပ်ဌာနချုပ်နှင့် ပြည်ထောင်စု ကားလမ်းမကြီး အနီးပတ်ဝန်းကျင်တို့တွင် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။

အလားတူ လက်နက်ကိုင်အဖွဲ့များက ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းနှင့် ဒီဇင်ဘာ ၃၁ ရက်နံနက်ပိုင်းတို့တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အားလည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မုံးကိုးမြို့ ပတ်လည် လုံခြုံရေးဆောင်ရွက်နေသည့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား မြို့အထွက် တံတားအနီး၌လည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မုံးကိုးမြို့၏ အနောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာရှိ မန်ဂျီးနှင့် ကြူကုတ်ကျေးရွာသွား ကားလမ်းဘေး၌ လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မူဆယ်မြို့နယ် ဆယ်လန့်ကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွား ကားလမ်းပေါ်၌ လည်းကောင်း ခရီးသွားလာနေသည့် အများပြည်သူများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လျက် အဝေးထိမ်းမိုင်း၊ ရှေ့ထွက်မိုင်းနှင့် ဒေသန္တရလက်လုပ်မိုင်းများဖြင့် နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက်တွင်လည်း လက်နက်ကိုင်အဖွဲ့သည် ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှဒူဇွပ်ကျေးရွာရှိ နယ်မြေခံတပ်ဌာနချုပ်ကို အင်အား ၇၀ ခန့်ဖြင့် နံနက် ၆ နာရီခွဲခန့်မှ ၁၁ နာရီခွဲခန့်အတွင်း နေရာသုံးနေရာမှ သုံးကြိမ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် မိမိတပ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည်နှစ်ဦး နိုင်ငံတော်အတွက် အသက်စွန့်လှူတ်ခဲ့ရသည်။ အလားတူ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းကလည်း ဖားကန့်မြို့နယ် မြစ်ကြီးနား-ဖားကန့်သွား ကားလမ်းပေါ်ရှိ ဒွန်ဘုံးခကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် ရီမုမိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် လမ်းပေါ်၌ ခရီးသွားလာနေသည့် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကာ ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုကဲ့သို့ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းKIA နှင့်TNLAလက်နက်ကိုင်အဖွဲ့များက အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ထိခိုက်ပျက်စီးစေရန်နှင့် နောက်တန်းတပ်ဌာနချုပ်ရှိ မိသားစုဝင်များနှင့် ကလေးငယ်များအား အန္တရာယ်ကြီးစွာ ဖြစ်စေနိုင်သည့် နှောင့်ယှက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက တရားဥပဒေစိုးမိုးမှုရှိစေရေးနှင့် နယ်မြေအေးချမ်းစေရေးအတွက် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။

**သတင်းစဉ်**

# မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ၌ ဆုံးရှုံးခဲ့သည့် လက်နက်များအနက် သေနတ်လေးလက် ပြန်လည်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောဒေသ တောင်ပြိုလက်ဝဲမြို့နယ် သဘော်လှကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ၌ ဆုံးရှုံးခဲ့သည့် လက်နက်များအနက် သေနတ်လေးလက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံ့သာတောင်ကျေးရွာအနီးဝန်းကျင်၌ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နံ့သာတောင်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ နေရာ မဲဒီကျေးရွာနှင့် သဘော်လှချောင်းအကြား တောင်ကုန်းအနီးတွင် အထုပ်တစ်ထုပ်တွေ့ရှိခဲ့ကြောင်း ဒေသခံများက သတင်းပေးပို့လာသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ဘီအေ ၉၄ သေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခုနှင့် မောင်းတုံးမပါသည့် အမ်အေ ၁၁ သေနတ်သုံးလက်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လက်နက်များအနက် ဘီအေ ၉၄ သေနတ် တစ်လက်သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးတိုက်ရဲကင်းစခန်းအား ဝင်ရောက်တိုက်ခိုက်စဉ် လုယူသွားခဲ့သည့် လက်နက်ဖြစ်ပြီး အမ်အေ ၁၁ သေနတ် သုံးလက်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဆုံးရှုံးသွားခဲ့သည့် လက်နက်များဖြစ်ကာ ကျန်ရှိ အမ်အေ ၁၁ သေနတ်(နံပါတ်ဖတ်မရ) တစ်လက်အား တိုက်ဆိုင်စစ်ဆေးဆဲဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။

**သတင်းစဉ်**

# စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မိုးမောက်မြို့၏ အရှေ့ဘက် ကိုးမိုင်ခန့်အကွာရှိ စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက လက်နက်ကိုင်တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် လူ၊ယာဉ် ဝင်၊ ထွက်မှုများအား စစ်ဆေးရာ မြစ်ကြီးနားဘက်မှ လွယ်ဂျယ်ဘက်သို့ မောင်းနှင်လာသော နှင်းတောင်တန်းခရီးသည်တင်ယာဉ်အမှတ် 1M/....ပေါ်တွင် လိုက်ပါလာသည့် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့မှ အင်ခွန်တူးလွမ်(ဘ) ဦးအင်ခွန်ဂမ် မြစ်ကြီးနားမြို့နေသူကို ၎င်း၏ ခရီးဆောင်အိတ်အတွင်းမှ ယူနီဖောင်း နှစ်စုံ၊ မိုင်းထောင်ရာတွင် အသုံးပြုသည့် နိုင်လွန်ကြိုး၊ မိုင်းထောင်ငုတ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီတွင် အင်းတော်မြို့နယ် အင်းတော်-နဘား-မိုးညှင်းကားလမ်း မိုင်တိုင်အမှတ် (၂၃၄)၌ အောင်ဌေး မောင်းနှင်ပြီး ငွါးယိုရဲ လိုက်ပါလာသည့်မော်တော်ဆိုင်ကယ်နှင့် ထွန်းစိန်မောင်းနှင်ပြီး အားဒီးဆာ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှစ်စီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၈၀၊ ငွေကျပ် ခုနစ်သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် မနော်ဟရီ(၄)လမ်း အမှတ်(၂၄၈)နေ အောင်မင်းထွန်း (ခ)ညီညီ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ခိုင်သူရိန်အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ည ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန် (အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ်(၁၀)ရပ်ကွက် နတ်မောက်လမ်းနေ ကျော်မျိုးလှိုင် (ခ)ကိုမျိုး၏ နေအိမ်ကိုရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား



**အောင်ဌေး၊ ငွါးယိုရဲ၊ ထွန်းစိန်နှင့် အားဒီးဆာတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ကျွန်းသစ် ၆၆၁၇ ဒသမ ၉၅၆၄ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများအား တားဆီးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဖမ်းဆီးအရေးယူမှုများကို လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင်သစ်ထုတ်လုပ်မှုများအား စစ်ဆေးဖမ်းဆီး အရေးယူဆောင်ရွက်မှုများရှိသော်လည်း နိုင်ငံပိုင်သစ်တောကြိုးဝိုင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများမှ အဖိုးတန်ကျွန်းသစ်နှင့် အခြားသစ်မာများကို တရားမဝင်ထုတ်လုပ်လျက်ရှိနေသည်ကို တွေ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း တရားမဝင် သစ်ထုတ်လုပ်၍ သိမ်းဆည်းရမိမှုများမှာ ကျွန်းသစ် ၆၆၁၇ ဒသမ ၉၅၆၄ တန်၊ သစ်မာ ၉၀၂၈ ဒသမ ၇၅၈၁ တန်၊ အခြားသစ်ရောနှော ၁၆၈၂၀ ဒသမ ၃၅၃၆ တန်၊ မီးသွေး ၄၅၆၈ ဒသမ ၆၅၄၃ တန်နှင့် သစ်ထုတ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ် ၁၆၈၇ စီး၊ မြေတူးစက်၊ မြေကော်စက်၊ ကရိန်း ခုနစ်စီး၊ ထော်လာဂျီ၊ ဒိန်းဒေါင်း၊ ထွန်စက် ၁၀၈ စီး၊ ဆိုင်ကယ် ဆိုက်တွဲယာဉ် ၄၇၄ စီး၊ စက်လှေ၊ ပဲ့ထောင်၊ ရေယာဉ် ၁၆၈ စင်းတို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်

**မင်းမြတ်ဦး (နေပြည်တော်)**

## ကုမ္ပဏီရှစ်ခုမှ ထုတ်လုပ်သော မြေဩဇာခုနစ်မျိုးနှင့် တင်သွင်းမြေဩဇာတစ်မျိုး ပေါင်းရှစ်မျိုးအား မှတ်ပုံတင်ပယ်ဖျက်

**နေပြည်တော် ဇန်နဝါရီ ၃**

အရည်အသွေး မြင့်မားရေး၊ သီးနှံအထွက်နှုန်း တိုးတက်စေရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်သူများက မြေဩဇာအမျိုးမျိုးကို နည်းလမ်းမျိုးစုံဖြင့် သုံးစွဲနေကြောင်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေး ပြည့်ဝမှုရှိသည့် မြေဩဇာများကို သုံးစွဲမှသာ တောင်သူများ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် ဝင်ငွေအမြတ်အစွန်း ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များကိုသာ တောင်သူများဝယ်ယူသုံးစွဲနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက ဖွဲ့စည်းပေးထားပြီး အတုအပနှင့် အရည်အသွေးမပြည့်မီသော မြေဩဇာများကို ဈေးကွက်တွင် ပပျောက်သွားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တင်သွင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေး ပြည့်ဝသော မြေဩဇာများကို တောင်သူများ သုံးစွဲနိုင်စေရန် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို မြေဩဇာဆိုင်ရာ နည်းပညာကော်မတီနှင့် မြေဩဇာကော်မတီတွင် သုံးလတစ်ကြိမ် အစည်းအဝေးများ ကျင်းပ၍ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး မြေဩဇာကော်မတီမှ ယနေ့ထိ အရည်အသွေးပြည့်မီသော မှတ်ပုံတင်လက်မှတ် ၃၂၈၁ စောင်ကို စိစစ်ခွင့်ပြုပေးပြီးဖြစ်ကြောင်း (၂၂) ကြိမ်မြောက် မြေဩဇာကော်မတီအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အချို့မြို့နယ်များတွင် ရွှေနဂါး Top One မြေဩဇာသုံးစွဲ၍ စပါးခင်းအချို့ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် စိစစ်တွေ့ရှိချက်အရ မြေဩဇာဥပဒေပုဒ်မ ၉ (က) (ခ) (ဂ)တို့ကို ဖောက်ဖျက်သဖြင့် တောင်သူများ ထိခိုက်နစ်နာမှုမရှိစေရေးနှင့် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီပြည့်မီခြင်းမရှိသော မြေဩဇာများဖြစ်သည့် ရွှေနဂါး Top One စပါးသီးသန့်အသီးအားဆေး မြေဩဇာ(၄၀)Kg (တသ-၁၉၆၃) ( N:25%, ဒိုင်အီသိုင်း အမိုင်နိုအီသိုင်းအသီးအားဆေးဟော်မုန်း-၁ ရာခိုင်နှုန်း)နှင့် ရွှေနဂါး Top One စပါးသီးသန့်အသီးအားဆေး မြေဩဇာ (၄၀) Kg (ထလ-၆၀၃) (N: 45 %, ဒိုင်အီသိုင်း အမိုင်နိုအီသိုင်း အသီးအားဆေး ဟော်မုန်း-၁%) တို့အား မြေဩဇာဥပဒေပုဒ်မ(၂၄)(ဂ) စီမံခန့်ခွဲရေး နည်းလမ်းအရ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းကို ဇန်နဝါရီ ၁ ရက်မှစ၍ တားမြစ်ရန်နှင့် သီးနှံပင်များ ထိခိုက်ပျက်စီးမှုရှိသည့်ဒေသများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီနှင့် ထိခိုက်ပျက်စီးသော တောင်သူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်သည်။ မြေဩဇာမှတ်ပုံတင် သက်တမ်းတိုးဆောင်ရွက်ရန် ရက်ပေါင်း ၉၀ ထက်ကျော်လွန်သည့်တိုင် ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီရှစ်ခုမှ ထုတ်လုပ်မြေဩဇာ ခုနစ်မျိုးနှင့် တင်သွင်းမြေဩဇာ တစ်မျိုး၊ စုစုပေါင်း ရှစ်မျိုးတို့ကို မှတ်ပုံတင်ခွင့်ပြုထားခြင်းမှ ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

**မင်းမြတ်ဦး (နေပြည်တော်)**

## ကျိုက်ထိုမြို့နယ်၌ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ကျိုက်ထို ဇန်နဝါရီ ၂**

ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာနှင့် ကွန်းတောကျေးရွာကြား ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၁၁၂/၁ အနီး၌ ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခန့်တွင် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘီးလင်းဘက်မှ ကျိုက်ထိုမြို့သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသည့် ဟိုက်ဂျက် အမျိုးအစားအဖြူရောင် ယာဉ်အမှတ်/--- ယာဉ်မှာ ဘက်ထရီအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်စိုးငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့၍ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မော်တော်ယာဉ်မှာ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုး ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါယာဉ်တွင် ယာဉ်မောင်းတစ်ဦးသာပါ၍ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ပခုက္ကူမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တမာပင်အမြစ်မှ ကျွတ်လဲ

**ပခုက္ကူ ဇန်နဝါရီ ၃**

ပခုက္ကူမြို့ မြို့မလမ်း အထက(၂)ရှေ့တွင် သက်တမ်းနှစ် ၁၀၀ ခန့်ရှိ တမာပင်တစ်ပင်သည် ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီခန့်က အမြစ်မှ ကျွတ်လဲမှုဖြစ်ပွားခဲ့သည်။

တမာပင်လဲပြိုရာသို့ ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများ ပူးပေါင်း၍ လဲကျသစ်ပင်ရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများ၊ ဆက်သွယ်ရေးလိုင်းကြိုးများအား အန္တရာယ်မဖြစ်စေရန် စနစ်တကျ ရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သစ်ပင်ပြိုလဲမှုကြောင့် လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း သိရသည်။ ရှင်းလင်းခြင်းဆောင်ရွက်ရာသို့ ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့က ဝန်ထမ်းများနှင့်အတူ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းမှစ၍



ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းအထိ အချိန်အခါမဟုတ် မိုးရွာသွန်းလျက်ရှိသည်။ **ကိုတမာ**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၇ စီး၊ သွင်းကုန် ၈၆၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် အစီး ၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၄၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒိုက်ဦးသွားရာလမ်းပေါ်ရှိ မြစ်ကျိုးကျေးရွာ လမ်းထိပ်အနီးတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့က Light Truck ယာဉ်တစ်စီးပေါ်တွင် Chang Beer များ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ လာရောက်အပ်နှံခဲ့ရာ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Chang Beer (330 ml) 340 PKgs နှင့် ပစ္စည်းတင်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရေနေနို့တိုက်သတ္တဝါများအား ဖမ်းဆီးသတ်ဖြတ် ရောင်းချခြင်း ပြုလုပ်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံရှိ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် မြန်မာ့ကမ်းရိုးတန်းများတွင် နေထိုင်ကျက်စားသည့် အလွန်ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်တွင်ပါရှိသည့် ဧရာဝတီလင်းပိုင်၊ ကျောဘို့ပါလင်းပိုင်၊ လင်းရှူး၊ ရေဝက်၊ ဘရိုင်းဝေလငါး၊ ဝေလငါးပြာ၊ ဖယောင်းဆီထုတ်ခေါင်းကြီးဝေလငါး၊ ကျောရိုးဆူးတောင်ကြီး ဝေလငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်းများ မပြုလုပ်ကြရန်နှင့် မတော်တဆ အသက်ရှင်လျက် ဖမ်းဆီးရမိပါက အမြန်ဆုံးပြန်လွှတ်ပေးရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဇန်နဝါရီ ၂ ရက်စွဲဖြင့် ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

အဆိုပါညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ရေနေနို့တိုက်သတ္တဝါများသည် သဘာဝအကြောင်းတရားများကြောင့် သောင်တင်ခြင်း၊ လူသားတို့၏ ပယောဂကြောင့် သောင်တင်ခြင်း၊ ရေလုပ်ငန်းများတွင် အသုံးပြုသော ငါးဖမ်းပိုက်များတွင် မတော်တဆ ငြိတွယ်ခြင်းများကြောင့် သေဆုံးခြင်းနှင့် အရှင်အတိုင်းဖြစ်စေ၊ ဒဏ်ရာအနာတရကြောင့်ဖြစ်စေ သောင်တင်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ရှင်မင်း**

# စပါး၏ ဂိုးအတွက် လက်ထောက်ဒိုင်က တောင်းပန်ခဲ့ဟု ဆွမ်ဆီးနည်းပြ ကာဗာဟယ် ဖွင့်ဟ

ဆွမ်ဆီးက စပါးကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် စပါးတိုက်စစ်မှူး လော်ရန်တေး၏ လူကျွံဘောကို ခွင့်ပြုပေးခဲ့မိသည့်အတွက် လက်ထောက်ဒိုင် မက်ပါရီက လာရောက်တောင်းပန်ခဲ့ကြောင်း ဆွမ်ဆီးနည်းပြ ကာဗာဟယ်က ထုတ်ဖော်ပြောကြားခဲ့သည်။

လော်ရန်တေးက ပွဲချိန် ၁၂ မိနစ်တွင် ဖေဘီယန်စကီးကို ကျော်ပြီး ဂိုးသွင်းလိုက်ချိန်တွင် လူကျွံအနေအထားတွင်ရှိနေသော်လည်း ပါရီက အလံထောင်ပြရန် ပျက်ကွက်ခဲ့သဖြင့် ဒိုင်လူကြီး ဘော်ဘီမက်ဒလေက ဂိုးအဖြစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စရပ်အတွက် ကာဗာဟယ်က ပွဲကိုကြီးကြပ်ခဲ့သူများကို ပြစ်တင်ရန် ငြင်းဆန်ခဲ့ပြီး "စည်းကြပ်ဒိုင်က တောင်းပန်ခဲ့ပါတယ်၊ ဒါက ပွဲတစ်ပွဲရဲ့ အစိတ်အပိုင်းပါပဲ၊ ကျွန်တော်ကိုယ်တိုင်လည်း အမှားလုပ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆွမ်ဆီးနောက်ခံလူ အိုလက်စ်ဆန်ကို စပါးနောက်ခံလူ ဆန်းချက်ဇ်က ပြစ်ဒဏ်နှစ်ကြိမ်ကျူးလွန်ခဲ့သော်လည်း ထုတ်ပယ်မခံခဲ့ရသဖြင့် ဆွမ်ဆီးအတွက် ကံဆိုးသည့် ပွဲဟုပင် ဆိုရတော့မည်ဖြစ်သည်။ ဆန်းချက်ဇ်ကို ပထမအဝါကတ်ပြသချိန်တွင် ဒိုင်လူကြီး မက်ဒလေက နှုတ်ဖြင့်ပါ သတိပေးခဲ့သော်လည်း ဒုတိယအကြိမ် ထပ်မံပြစ်ဒဏ်ကျူးလွန်ခဲ့ပြန်ရာ စပါးနည်းပြ ပိုချက်တီနိုက အလျင်အမြန်ပင် လူစားလဲခဲ့ရသည်။

ကာဗာဟယ်က "ကျွန်တော်က ဒိုင်တွေရဲ့ အကြောင်းကိုပြောဖို့ စမှာ မဟုတ်ဘူး၊ စပါးနည်းပြအနေနဲ့ ပါးနပ်တဲ့ လူစားလဲမှုကို ပြုလုပ်ခဲ့ပါတယ်။ ဒါက ဘာလို့လဲဆိုတာ လူတိုင်းသိပါတယ်" ဟု ဆန်းချက်ဇ်၏ လူစားလဲမှုအပေါ် သုံးသပ်ပြောကြားခဲ့သည်။ ဗစ်တာဝါယာမာနှင့် ပွဲချိန် ၅၉ မိနစ်တွင် လူစားလဲခဲ့ရသည့် ဆန်းချက်ဇ်မှာ ပြီးခဲ့သည့်နွေစျေးကွက်အတွင်းက အေဂျက်ဇ်မှ ရောက်ရှိလာခြင်းဖြစ်ပြီး လတ်တလောတွင် ခက်ခဲမှု ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ပိုချက်တီနိုက ဝန်ခံခဲ့ပြီးဖြစ်သည်။

## ကော်တင်ဟိုကို ဇန်နဝါရီစျေးကွက်အတွင်းမှာပင် ခေါ်ယူနိုင်မည်ဟု ဘာစီလိုနာ ယုံကြည်မှုပြည့်ဝ

ဘာစီလိုနာအသင်းက သူတို့ရဲ့ ကာလရှည်ပစ်မှတ်ဖြစ်တဲ့ လီဗာပူးကြယ်ပွင့် ကော်တင်ဟိုရဲ့ ပြင်းထန်တဲ့ဆန္ဒကြောင့် ဒီဇန်နဝါရီစျေးကွက်အတွင်းမှာပဲ သေချာပေါက် ခေါ်ယူနိုင်မယ်လို့ ယုံကြည်မှုအပြည့်အဝရှိနေတယ်လို့ သိရပါတယ်။ လီဗာပူးဟာ ပြီးခဲ့တဲ့နွေစျေးကွက် တစ်လျှောက်လုံး ကော်တင်ဟိုအတွက် ဘာကာရဲ့ ကမ်းလှမ်းမှုတွေကို ဆန့်ကျင်ခဲ့ပြီး ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာစီလိုနာဘက်ကတော့ ပေါင် သန်း ၁၃၀ အထက်ဆို လီဗာပူးတောင့်မခံနိုင်ဘဲ ကော်တင်ဟို ကို ထုတ်ရောင်းလိမ့်မယ်လို့ ယုံကြည်ထားတာပါ။

## ဒီဘရိုင်းကို နောက်ကောက်ချပြီး ဘယ်လ်ဂျီယံ အကောင်းဆုံးကစားသမားဆုကို ဟာဇက် ဆွတ်ခူး

ချယ်လ်ဆီးစူပါစတား ဟာဇက်ဟာ လတ်တလော ပရီမီယာ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ထားတဲ့ ဒီဘရိုင်းနဲ့ မန်ယူတိုက်စစ်မှူး လူကာကူတို့နှစ်ဦးကို နောက်ကောက်ချပြီး ဘယ်လ်ဂျီယံ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဟာဇက်ဟာ ဒဏ်ရာပြဿနာကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဘယ်လ်ဂျီယံအသင်းအတွက် ငါးပွဲသာ ဝင်ရောက်ကစားနိုင်ခဲ့ပေမယ့် သွင်းဂိုး သုံးဂိုး ဖန်တီးမှု နှစ်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သလို ယခုလို တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဟာဇက်ဟာ မဲအရေအတွက် ၁၀၂၈၀ ရရှိခဲ့တာကြောင့် ကီဗင်ဒီဘရိုင်းထက် နှစ်ဆကျော်၊ လူကာကူထက် သုံးဆကျော် ပိုမိုရရှိခဲ့တာဖြစ်ပါတယ်။ ဒီဘရိုင်းဟာ ယခုနှစ်ဘောလုံးရာသီ မန်စီးတီးအတွက် ၂၁ ပွဲမှာ ခုနစ်ဂိုး၊ ဂိုးဖန်တီးမှု ၁၂ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တာကြောင့် ဟာဇက် ဒီဆုရရှိသွားတဲ့အပေါ် အံ့အားတသင့်ဖြစ်ရတယ်ဆိုတဲ့ ဝေဖန်မှုတွေလည်း ရှိပါတယ်။

# ဘက်ခမ်း၏ တစ်ရက်ဝင်ငွေ ပေါင် ၄၀၀၀၀ အထိ ရှိနေ

မေလှုံသင်း ရေးသားသည်



အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းမှာ စီးပွားရေးလုပ်ငန်းများမှ နှစ်နှစ်အတွင်း ဝင်ငွေ ပေါင် ၂၉ သန်းအထိ ရရှိခဲ့ရာ သူ၏တစ်ရက်ဝင်ငွေမှာပင် ပေါင် ၄၀၀၀၀ အထိရှိနေကြောင်း သိရသည်။ စာရွက်စာတမ်းများ၏ စာရင်းအရ ဘက်ခမ်းမှာ ၂၀၁၇ ခုနှစ် တစ်နှစ်ထဲမှာပင် ဝင်ငွေ ပေါင် ၁၈ ဒသမ ၇၅ သန်း ရရှိခဲ့ရာ ပြီးခဲ့သည့်နှစ် ဝင်ငွေပေါင် ၁၀ ဒသမ ၂ သန်းထက် သိသိသာသာ များပြားလာခဲ့သည်ကို တွေ့ရသည်။

ဒေးဗစ်ဘက်ခမ်း ကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်ပြီး ဘက်ခမ်းပိုင် ဒီဘီကုမ္ပဏီက လိုင်စင်ကြေးနှင့် စျေးကွက်ရှာဖွေရေးတို့မှ ဝင်ငွေများစွာ သဲ့ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းမှာ အက်ဒီးဒက်စ်ကဲ့သို့ အားကစားပစ္စည်းကုမ္ပဏီအပြင် H&M၊ Haig Clubman တို့လို နာမည်ကျော် ကုမ္ပဏီများနှင့်လည်း စာချုပ်ရှိသူဖြစ်သည်။ ဘက်ခမ်းမှာ ပြီးခဲ့သည့် အောက်တိုဘာလအထိ တစ်ရက်ပျမ်းမျှဝင်ငွေ ပေါင် ၃၅၀၀၀ ရရှိနေသည်ဟုသာ ထုတ်ပြန်ခဲ့သော်လည်း နှစ်ကုန်ချိန်တွင် ဝင်ငွေ သိသာစွာ များပြားလာခြင်းဖြစ်သည်။

စပါးနည်းပြ ပိုချက်တီနိုက ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်မှာ အရှေ့အာရှတစ်ခွင်တွင် ဘက်ခမ်း၏ စူပါစတားအဆင့်ကို လိုက်မိသည့်အဆင့်ရှိသူဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆွန်ဟောင်မင်မှာ ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ကိုးဂိုး သွင်းယူထားနိုင်ပြီးဖြစ်ကာ နောက်ဆုံးကစားခဲ့သည့် ခုနစ်ပွဲတွင် ငါးဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

ပိုချက်တီနိုက ဆွန်ဟောင်မင်ကို ချီးကျူးမှုပြုခဲ့ပြီး ဆွန်မှာ သူ၏ဇာတိမြေ ကိုရီးယားကျွန်းဆွယ်အပြင် အရှေ့အာရှတစ်ခွင်၌ ကမ္ဘာ့ဘောလုံးစူပါစတား ဒေးဗစ်ဘက်ခမ်း၏ အောင်မြင်မှုနှင့် ယှဉ်နိုင်သူဖြစ်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။

**ပရီမီယာလိဂ်ထိပ်တန်းကစားသမားများ၏ တစ်နေ့ဝင်ငွေ**

| အမည် | တစ်နေ့ဝင်ငွေ |
| --- | --- |
| ပေါလ်ပေါ့ဘာ | ၄၁၅၀၀ |
| လူကာကူ | ၃၆၀၀၀ |
| ဆာဂျီယိုအဂွဲရိုး | ၃၁၀၀၀ |
| ယာယာတိုရေး | ၃၁၀၀၀ |
| အီဗရာဟီမိုဗစ် | ၃၁၀၀၀ |
| ကီဗင်ဒီဘရိုင်း | ၂၈၀၀၀ |
| ဒီဂီယာ | ၂၈၀၀၀ |
| ဟာဇက် | ၂၈၀၀၀ |
| ဗန်ဒိုက် | ၂၆၀၀၀ |
| ကော်တင်ဟို | ၂၆၀၀၀ |

ပိုချက်တီနိုက "ကျွန်တော်တို့က ဘက်ခမ်း အကြောင်းပြောတဲ့အခါ သူက ကမ္ဘာ့ထင်ရှားတဲ့ ပုံရိပ်အဖြစ်ပါ ရှုမြင်ကြတယ်၊ ဒါက အရှေ့အာရှမှာတော့ ဆွန်နီ (ဆွန်ဟောင်မင်)နဲ့ တူညီပါတယ်၊ ဆွန်ကတော့ နှိမ့်ချတတ်သူဖြစ်သလို သာမန်ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိ ပရီမီယာလိဂ်တွင် ကစားနေသည့် ကစားသမားများထဲတွင် ဘက်ခမ်းထက် တစ်နေ့ဝင်ငွေများသူဆို၍ ပေါ့ဘာ တစ်ဦးသာရှိပြီး ပေါ့ဘာ၏ တစ်နေ့ဝင်ငွေမှာ ပေါင် ၄၁၅၀၀ ဖြစ်သည်။

# နိုင်ပွဲပျောက်ဆုံးမှုတွေကိုရပ်တန့်ဖို့ အားစိုက်လာမယ့် အင်တာ

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၀

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၀ ကို လာမယ့် ဇန်နဝါရီ ၅၊ ၆၊ ၇ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကြီး နှစ်သင်းဖြစ်တဲ့ ဖီအိုရင်တီးနားနဲ့ အင်တာမီလန်တို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လာဇီယိုကလည်း နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### ချီယေဗို - အူဒီးနီးစ် ည ၁၁း၃၀ (၅-၁-၁၈)

လက်ရှိခြေစွမ်းပိုင်းအရ အူဒီးနီးစ်ခြေက ကောင်းမွန်မှုရှိနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခံစစ်က အနည်းငယ်အားနည်းတတ်ပေမယ့် တုံ့ပြန်ကစားပုံကောင်းမွန်တတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ချီယေဗိုက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းက သာမန်သာရှိတာကို တွေ့ရပါတယ်။ အူဒီးနီးစ်တို့ သရေလောက်ကစားနိုင်ဖို့ရှိတယ်။

### ဖီအိုရင်တီးနား - အင်တာ နံနက် ၂း၁၅ (၆-၁-၁၈)

လက်ရှိအချိန်မှာ ဖီအိုရင်တီးနားရဲ့ခြေက တည်ငြိမ်မှုအားနည်းနေတယ်ဆိုပေမယ့်လည်း အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အင်တာကလည်း ခြေစွမ်းပိုင်းကောင်းမွန်တဲ့ အသင်းဖြစ်နေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဖီအိုရင်တီးနားတို့ ရှန်းကန်ရနိုင်ပြီး အမြင့်ဆုံး သရေလောက်ပဲရမယ်။

### တိုရီနို - ဘိုလော့နာ ည ၆း၀၀ (၆-၁-၁၈)

တိုရီနိုတို့ အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် တိုရီနိုခြေက သာမန်သာရှိကာ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင် သရေပွဲတွေများနေပါတယ်။ ဘိုလော့နာကတော့ အဝေးကွင်းကစားအား ကောင်းမွန်တဲ့အသင်းဖြစ်နေကာ တုံ့ပြန်ကစားပုံလည်း မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ တိုရီနိုတို့အိမ်ကွင်းမှာ အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးမပြတ်ဘူး။

### မီလန် - ခရိုတိုနီ ည ၈း၃၀ (၆-၁-၁၈)

အေစီမီလန်အနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုမရှိတာမှန်ပေမယ့်လည်း ရလဒ်တွေဆိုးရွားခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ခရိုတိုနီ ကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ အားနည်းလွန်းတာကြောင့် ဒီပွဲမှာတော့ အိမ်ကွင်းမှာ အေစီမီလန်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

### နာပိုလီ - ဗီရိုနာ ည ၈း၃၀ (၆-၁-၁၈)

ဗီရိုနာခြေစွမ်းပိုင်းက အနည်းငယ်တိုးတက်မှုတွေ ရှိလာတယ်ဆိုပေမယ့် နာပိုလီကိုတော့ အဝေးကွင်းမှာတုံ့ပြန်ကစားနိုင်ဖို့ဆိုတာ ခက်ခဲမှုတွေ ရှိလာနိုင်ပါတယ်။ နာပိုလီက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေသလို အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ပိုမိုကောင်းမွန်တတ်ပါတယ်။ ဗီရိုနာကတော့ အဝေးကွင်းမှာ ခံစစ်ပိုင်းအားနည်းမှုတွေရှိတတ်တာကြောင့် နာပိုလီကသာ ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

### SPAL - လာဇီယို ည ၈း၃၀ (၆-၁-၁၈)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် လာဇီယိုလိုအသင်းမျိုးကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ လာဇီယိုက အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ကစားပုံရော တိုက်စစ်ပိုင်းကပါ ကောင်းမွန်တတ်တဲ့အသင်းဖြစ်လို့ ဒီပွဲမှာ လာဇီယိုကသာ နိုင်ပွဲရသွားမှာပါ။

### ဘီနီဗန်တို - ဆမ်ဒိုးရီးယား ည ၈း၃၀ (၆-၁-၁၈)

ဘီနီဗန်တိုတို့ အိမ်ကွင်းဖြစ်နေတဲ့အတွက် ရလဒ်ကောင်းရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေများနေပါတယ်။ ဆမ်ဒိုးရီးယားကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိတတ်ပေမယ့် အသင်းလိုက်ကစားပုံမှာတော့ ဘီနီဗန်တိုထက် ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ဆမ်ဒိုးရီးယားတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

### ကယ်ဂလီယာရီ - ဂျူဗင်တပ် နံနက် ၂း၁၅ (၇-၁-၁၈)

ကယ်ဂလီယာရီအနေနဲ့ အိမ်ကွင်းမှာ ရလဒ်ပိုမိုကောင်းမွန်တတ်ပြီး တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ ပိုမိုကောင်းမွန်မှုရှိတတ်ပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် ဂျူဗင်တပ်ရဲ့တိုက်စစ်ကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဂျူဗင်တပ်ကတော့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်သလို တိုက်စစ်အားပြုကစားလာမှာဖြစ်ပါတယ်။ ဂျူဗင်တပ်ကသာ နိုင်ပွဲရသွားမှာပါ။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ၊ မိုးကောင်းစာသင်တိုက်၊ ဗိုလ်အောင်ဇေယျ ရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာသီဟနာဒကျောင်းတိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၃။ ဘဒ္ဒန္တသောဘန၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပဏ္ဍိတ၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်၊ ကုန်တန်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၅။ ဘဒ္ဒန္တဝိဇ္ဇောတ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ်-၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ၊ မိုးကောင်းစာသင်တိုက်၊ တာကလေးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကန္ဒာစရိယ၊ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ သယ်န်းကျွန်းကြီးစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကေတုမာလာ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဉာဏဝရ၊ ဝိပဿနာမဟာဂန္ဓာရုံကမ္မဋ္ဌာန်းတိုက်၊ ဝါးချက်ကျေးရွာအုပ်စု၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဓမ္မပါလစာသင်တိုက်၊ အမှတ်-၉ ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တနေမိန္ဒ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၅။ ဘဒ္ဒန္တကုန္ဒကာဘိဝံသ၊ ကန်ဦးကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ မင်္ဂလာသာစည်ကျောင်းတိုက်၊ အုံမြားစုရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇောတိပါလ၊ ကိုးဆောင်ကျောင်းတိုက်၊ အမှတ်-၁၀ ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၊ ပဒေသာရွှေကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကောဝိဒ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသံဝရ၊ သုခဝတီစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တထုတိဝရ၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပဒုမသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသောမ၊ ဓမ္မသုခကျောင်းတိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တအဂ္ဂသာမိ၊ တိပိဋကာလင်္ကာရစာသင်တိုက်၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တကောသိယ၊ ပထမတောင်ကျောင်းကြီးစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တကုန္ဒောဘာသ၊ စန္ဒာရုံစာသင်တိုက်၊ စက်တော်ရာရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၉။ ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ မြို့မ ၉-ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသောဘဏ၊ ရွှေမြင့်မိုရ်ကျောင်းတိုက်၊ အမှတ်-၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တဝါယာမာနန္ဒ၊ ရတနာဖြိုးဝေစာသင်တိုက်၊ ကင်းလတ်ကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပဏ္ဍဝံသ၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တကောသလ္လာဘိဝံသ၊ သောဘိတာရာမရွှေသမားကျောင်းတိုက်၊ ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဓမ္မာစာရ၊ ဒက္ခိဏာရာမအလယ်ကျောင်းတိုက်၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသုဇန၊ မြို့ဦးတိုက်သစ်သံလမ်းစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်
၅။ ဒေါက်တာဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာကျောင်းတိုက်၊ ၁၀-မိုင်ကုန်း၊ ဘူးလယ်အင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိက္ခဉာဏ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသာသနာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မာဂဓနေယျပဒေသကျောင်း၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဉာဏသေဋ္ဌ၊ အောင်မြေရတနာစာသင်တိုက်၊ အမှတ်-၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝိလာသ၊ ကန်ဦးဇေတဝန်စာသင်တိုက်၊ အမှတ်-၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဓမ္မိကာလင်္ကာရာဘိဝံသ၊ သာမဏေကျော်မဟာဂန္ဓာရုံ ကျောင်းတိုက်၊ လိပ်ပွတ်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဉာဏဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်-၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါက်တာဘဒ္ဒန္တစန္ဒောဘာသ၊ ကျောက်နီတောရစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်
၁၅။ ဘဒ္ဒန္တစန္ဒသိရီဘိဝံသ၊ မြစ်ကွေ့စာသင်တိုက်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၆။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ အောင်ချမ်းသာကျောင်းတိုက်၊ လော့စ်အိန်ဂျယ်လိစ်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တသာသန၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါက်တာဘဒ္ဒန္တကဝိဓဇ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညို့ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကဝိန္ဒ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တကောဝိဒ၊ ရွှေမဥ္ဇူကျောင်းတိုက်၊ ညောင်စာရေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဝီရိယ၊ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ်-၈ ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တနိမ္မလ၊ ဒီပင်္ကရာကျောင်းတိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝဏ္ဏိသရ၊ ဒေါနခြံအုဋ္ဌကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပဏ္ဏဝ၊ မင်းမာအုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကောဝိဒ၊ ပညာဓိကာရုံစာသင်တိုက်၊ အုန်းပင်ခြံကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဉာဏာလောကာလင်္ကာရ၊ ရွှေလဝန်းကျောင်း၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင် ၁-ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဒေါက်တာဘဒ္ဒန္တဓမ္မသီလိတာဘိဝံသ၊ ဓမ္မပါလကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ပဏ္ဍိတာရုံစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၆။ ဘဒ္ဒန္တပညာဘောဂ၊ ပညာဗိမာန်စာသင်တိုက်၊ ရွာသစ်ကေရပ်ကွက်၊ မြေပုံမြို့၊ ရခိုင်ပြည်နယ်
၁၇။ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တသုစိတ္တသာမိ၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်-၁၁ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝိလာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်-၅ ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဝေပုလ္လ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုဘောဂ၊ ဟော်ခမ်းကျောင်းစာသင်တိုက်၊ အမှတ်-၁ ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တစက္ကိန္ဒ၊ စံကျောင်းစာသင်တိုက်၊ အမှတ်-၂ ရပ်ကွက်၊ အင်္ဂပူမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တပညာသိရီရတနာဘိဝံသ၊ မြောင်းမြစာသင်တိုက်၊ အမှတ်-၃ ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၄။ ဒေါ်ကညဝတီ၊ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကောဝိန္ဒ၊ အင်းညီနောင်ကျောင်း၊ ပေါ်ကြူးကုန်းကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တကောဝိဒ၊ အရှေ့လေးထပ်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကုန္ဒဝံသ၊ တောင်ကြီးစာသင်တိုက်၊ တောင်ကြီးစံပြကျေးရွာ၊ ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇနိန္ဒ၊ တိုက်ဝါကြီးကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဉာဏိဿရ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုဇန၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တကုန္ဒက၊ ဝါဆိုဦးစာသင်တိုက်၊ ရွာမရပ်ကွက်၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသြဿဓ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသေဋ္ဌိလဇောတိ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဇဝန၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ အမှတ်-၁ ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တသုစိတ္တ၊ ကန်တော်မင်းစာသင်တိုက်၊ မောင်းတိုင် ၁-ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တနာယက၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တတေဇနိယဓမ္မ၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဉာဏိဿရ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဝါသဝ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တပညာသာမိဘိဝံသ၊ တိုင်းကြည်ဘိဝံသကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တစန္ဒ၊ ရတနာဒေဝဿာရုံခြသေ့ကျောင်းတိုက်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၉။ ဘဒ္ဒန္တဓမ္မိက၊ တောင်ရွှေရွာကျောင်းတိုက်၊ ကုန်တန်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၀။ ဘဒ္ဒန္တဇာနေယျ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တပါရမီ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်-၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**စာမျက်နှာ ၁၆ သို့** ❖

❖ စာမျက်နှာ ၁၅ မှ

### ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်(အဆက်)

၂၃။ ဘဒ္ဒန္တဝဏ္ဏိသရသိရီ၊ အောင်မြေရတနာစာသင်တိုက်၊ အမှတ်-၅၀ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တကဿပ၊ ဓမ္မာစရိယကျောင်းတိုက်၊ အမှတ်-၁ ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တပညာဇောတ၊ ရန်အောင်မြင်စာသင်တိုက်၊ အမှတ်-၁ ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တနန္ဒိယ၊ ကွင်းကျောင်းစာသင်တိုက်၊ အိမ်မဲကြီးရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တကောမလ၊ ဓမ္မဝိနယပဋ္ဌမပြန်တိုက်သစ်စာသင်တိုက်၊ အမှတ်-၉ ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၈။ ဒေါ်ဓမ္မသိင်္ဂီ၊ ကျီးသဲလေးထပ်ဗိုလ်ရုံသီလရှင်စာသင်တိုက်၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၉။ ဒေါ်မာလာသိင်္ဂီ၊ ဗောဓိမဏ္ဍိုင်သီလရှင်စာသင်တိုက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၀။ ဒေါ်ဝဏ္ဏသိင်္ဂီ၊ ကျိုက္ကဆံသီလရှင်စာသင်တိုက်၊ ဆ/က ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစိတြဉာဏ၊ အင်ဘက်တောကျောင်းတိုက်၊ အင်ဘက်တောကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တစန္ဒဝံသ၊ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကုန္ဒောဘာသ၊ နိဂြောဓာရာမ(ညောင်ပင်)ကျောင်းတိုက်၊ ရွာလွတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၅။ ဘဒ္ဒန္တယောသိတာရမ္မာ၊ မြို့မမြောက်ကျောင်း၊ တက္ကသီလသာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဂါတ္တန်းလမ်း၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၆။ ဘဒ္ဒန္တနန္ဒာစရိယ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုသရိယ၊ မြိုင်သဇင်ကျောင်းတိုက်၊ (၂)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တကုသလ၊ ကိုးနဝင်းဘုရားကျောင်း၊ (၄)ရပ်ကွက်၊ ကမမောင်းမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဉာဏိက၊ လုံပီးသာသနာ့ရက္ခိတပရိယတ္တိစာသင်တိုက်၊ တလန်လိုရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တကုသလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ (၇)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ သိရီဓဇကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုနန္ဒ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ကသစ်ကုန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျပရိယတ္တိစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၈။ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ၊ သုခါရာမကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ဓမ္မဝါစကကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုန္ဒရ၊ ကျောင်းကြီးကျောင်းတိုက်၊ ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသြဘာသ၊ သုဒ္ဓဝိပဿနာကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တကဥ္စန၊ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်၊ မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တအရိယဝံသ၊ သူငယ်တော်တောရကျောင်းတိုက်၊ သူငယ်တော်ကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တတိဿ၊ မင်္ဂလာကျောင်းတိုက်၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဇောတိကာရုံပရိယတ္တိစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၈။ ဘဒ္ဒန္တဝဏ္ဏသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မောင်နှမကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်

၁၉။ ဘဒ္ဒန္တစက္ကိန္ဒ၊ ယပ်လှဲကျောင်းပရိယတ္တိစာသင်တိုက်၊ ဘုန်းကြီးကျောင်းလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်

၂၀။ ဘဒ္ဒန္တဝိဇယ၊ ညောင်ပင်ကွင်းမြောက်ကျောင်း၊ ညောင်ပင်ကွင်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဂုဏိကာဘိဝံသ၊ ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်၊ (၁/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တခေမိန္ဒ၊ ကုစ္ဆာသယရန်ကင်းကျောင်းတိုက်၊ အောင်မြေကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တသုဇာတာဘိဝံသ၊ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်၊ ရွှေဘုန်းရှိန်လမ်း၊ (၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တနာဂိတ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ သံလွင်လမ်း၊ (၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တခေမိန္ဒ၊ ခင်မကန်ကျောင်းတိုက်၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ၊ စူဠာမုနိပရိယတ္တိစာသင်တိုက်၊ ရွှေသူဌေးကုန်းရပ်၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၈)၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၉။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာမုနိဗဟိုသာသနာပြုကျောင်းတိုက်၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၃၀။ ဘဒ္ဒန္တသောဘဏ၊ ရွှေကျောင်းတိုက်၊ မန်ကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဝေပုလ္လ၊ မဟာပုညာရာမထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်၊ (၁)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၂။ Ven.Jisun, Baekyangsa Temple, Baekyang-ro 1239, Bukha-myeon, Jangseong-gun, Jeonnam, Republic of Korea

၃၃။ Dr.Ven.Xuecheng၊ ကွမ်းဟွာဘုရားကျောင်း၊ ပူထျန်မြို့၊ ဖူကျန့်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၃၄။ ဘဒ္ဒန္တဖရာ့ရဏံဂမုနီဝုန်ဇောတိဝရော၊ ဝပ်စုဝဏ္ဏဂီရိဝိဟာန်ဖရာ့အာရာမ်လဝမ်ကျောင်းတိုက်၊ ရနောင်းမြို့၊ ထိုင်းနိုင်ငံ

၃၅။ ဒေါက်တာဘဒ္ဒန္တသြသဓသောရ၊ သီတဂူဓမ္မဝိဟာရကျောင်းတိုက်၊ ချီစာဂိုမြို့၊ မီနီဆိုးတားပြည်နယ်၊ အမေရိကန်နိုင်ငံ

၃၆။ ဒေါက်တာဘဒ္ဒန္တစန္ဒာသိရီ၊ သီတဂူသံဃဝိဟာရကျောင်းတိုက်၊ ဝက်စ်ပန်းဘိချ်မြို့၊ ဖလော်ရီဒါပြည်နယ်၊ အမေရိကန်နိုင်ငံ

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကေသရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒိုက်ဖားကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တသြသဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါဘူးကူးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တသောဘဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ စံပြရပ်ကွက်၊ မင်းတပ်မြို့၊ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ တီးတိန်မြို့၊ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တအာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဘုတ်ကန်ကျေးရွာ၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုန္ဒရ၊ တက္ကသိုလ်မုခ်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးမိုင်ကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဇဝနတိက္ခ၊ အင်္ဂမော်ကျောင်းတိုက်၊ အင်္ဂမော်စံပြကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပညာဝံသ၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသဒ္ဓမ္မောဒယ၊ ဘိုကြီးကုန်းကျောင်းတိုက်၊ ဘိုကြီးကုန်းကျေးရွာ၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တယုဇန၊ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသာသန၊ အဘယသုတာရာမစာသင်တိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၂။ ဘဒ္ဒန္တသောဘန၊ ကသစ်တောကျောင်းတိုက်၊ ကသစ်တောကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၃။ ဘဒ္ဒန္တဝိဇ္ဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခထီးလှကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပါယ်လှကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တစန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စည်ပင်သာယာကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဓဇ၊ သာယာကုန်းပြာသာဒ်ကျောင်းတိုက်၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တဇနက၊ အောင်မြေစံဗိမာန်ကျောင်း၊ ဦးဘိုးသိမ်းလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိသရ၊ ရွှေမေတ္တာမဟာစည်သာသနာ့ရိပ်သာ၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တပညာသာရ၊ ဇေတဝန်ကျောင်းတိုက်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တသောဘိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျီနွဲ့ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တစန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရွှေတောင်ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တပညာစာရ၊ ပုံလို့တောရကျောင်းတိုက်၊ ဝမ်လုံးရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၃။ ဘဒ္ဒန္တဝိသုဒ္ဓိဉာဏ၊ ဗောဓိပရိယတ္တိစာသင်တိုက်၊ ပန်ပုံရပ်ကွက်၊ ရွှေလီမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၄။ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယ၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်း၊ ဘာလာရှီးဟာရပ်ကွက်၊ မော်စကိုမြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**လူပုဂ္ဂိုလ်**

၂၅။ ဦးကျော်ဝေ၊ အမှတ်(၃)၊ လမ်း(၃၀)၊ (၇၀×၇၁)လမ်းကြား၊ ရွှေပြည်မန္တလာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဇာတ၊ သုဇနာရာမကျောင်းတိုက်၊ ထီးချိုင့်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံရှာယာန်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တသီဟနန္ဒ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တအကုံရ၊ တောင်ဝိုင်းကျောင်းတိုက်၊ (၄)ရပ်ကွက်၊ ဘုရားသုံးဆူမြို့၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တပဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဇိုခွားကျေးရွာ၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တကုသလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ္မသူးကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တကဝိန္ဒ၊ မင်္ဂလာအောင်မြေပရိယတ္တိစာသင်တိုက်၊ ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံခင်ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကုန္ဒဉာဏ၊ မြို့မယဉ်ငေးသာသနာ့ရိပ်သာ၊ ကျောက်မော်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကုသလဇောတိ၊ ငြိမ်းချမ်းအောင်ကျောင်းတိုက်၊ ဆလုံကျေးရွာ၊ ဂျလန်းကျွန်း၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နတ်အိမ်တောင်ကျေးရွာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တမေဏ္ဍက၊ တောင်ပို့ကိုးလုံးကျောင်းတိုက်၊ တောင်ပို့ကိုးလုံးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဝါယာမ၊ မဟာဗောဓိအောင်မြေကျောင်းတိုက်၊ ညောင်ကျစ်ပင်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဥတ္တမသာရ၊ မနောသုခကာရီအုဋ္ဌကျောင်း၊ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ဒေးဝန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တခေမိန္ဒ၊ ရွှေဂူကျောင်းတိုက်၊ (၅)ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ၊ အောင်ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ ကေသဝတီရပ်ကွက်၊ တောင်စွန်းကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တသောဘနသာရ၊ သာသနာ့ရောင်ခြည်ကျောင်း၊ စက်မှုဇုန်နယ်မြေ(၂)လမ်း၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၈။ ဘဒ္ဒန္တစာရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝါးနက်ရုံကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၉။ ဘဒ္ဒန္တစရဏ၊ နံ့သာတောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ပြိုလက်ဝဲမြို့၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်

၂၀။ ဘဒ္ဒန္တဥတ္တမ၊ စံကျောက်ကျင်ရှာ တရုတ်ဘုန်းတော်ကြီးကျောင်းတိုက်၊ ဓမ္မာရုံလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကောလိယ၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ရပ်ကွက်(၄)၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တသံဝရ၊ ပန်ကောက်သာသနာပြုကျောင်းတိုက်၊ ဟိုပန်မြို့၊ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တဝိသုတာဘိဝံသ၊ မဟာမဂ္ဂင်ကျောင်းတိုက်၊ ဝါးတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၄။ ဒေါက်တာဘဒ္ဒန္တဉာဏာလင်္ကာရ၊ ဓမ္မဗိမာန်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၅။ ဘဒ္ဒန္တနန္ဒမာလာလင်္ကာရ၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်း၊ ဘာလာရှီးဟာရပ်ကွက်၊ မော်စကိုမြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၆။ ဒေါ်သီရိစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သန္တိသုခသီလရှင်ကျောင်းတိုက်၊ ထွယ်ဆန်ယာန်ရပ်ကွက်၊ ကာမိုင်းမြို့၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်

၂၇။ ဒေါ်သုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသုခိတာရုံ သီလရှင်စာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂၈။ ဒေါ်ပညာသိင်္ဂီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ဒေါ်ဝိမလစာရီ၊ ဇမ္ဗူဉသျှောင်သီလရှင်စာသင်တိုက်၊ မြိုင်သာယာ(၁)ရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# မြစ်ကြီးနားမြို့၌ မြစ်ဖျားရောအဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြစ်ဖျားရော အဝေးပြေး ယာဉ်ရပ်နားစခန်းပွဲဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ အဆိုပါ အဝေးပြေးကားဝင်းမုခ်ဦး၌ ကျင်းပသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က "မြစ်ဖျားရောယာဉ်ရပ်နားစခန်း" မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက မြစ်ဖျားရော ယာဉ်ရပ်နားစခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မြစ်ဖျားရော အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်ရပ်နားစခန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မဥ္ဇူသာဆောက်လုပ်ရေးကုမ္ပဏီမှ အကျိုးတူပူးပေါင်း၍ မြစ်ကြီးနားမြို့နယ်အတွင်း မြို့၏အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေးဟူသော ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာမှ စတင်ကာ တည်ဆောက်ရေးလုပ်ငန်းကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အလျား ၁၈ ပေ၊ အနံပေ ၃၀ ရှိ အာစီနှစ်ထပ်ဖြစ်ပြီး အခန်းပေါင်း ၇၀၊ ကုန်လှောင်ရုံအဖြစ် အလျား ၃၆ ပေ၊ အနံပေ ၃၀ ရှိ အာစီနှစ်ထပ် ကုန်လှောင်ရုံ ခုနစ်ခန်း၊ အလျား ၁၅ ပေ၊ အနံပေ ၂၀ ရှိ အာစီနှစ်ထပ် စားသောက်ဆိုင်ခန်း ၃၀၊ အမြင့်ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ သံရေစင် တစ်လုံးနှင့် ယာဉ်ရပ်နားစခန်း ကြီးကြပ်ရေးရုံးတို့ပါဝင်ကာ ယခုအခါ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပြည်နယ်တွင်းနှင့် အခြားမြို့များသို့ သွားလာပို့ဆောင်သည့် ယာဉ်အသင်းပေါင်း ၇၀ ကျော် အဝေးပြေးယာဉ်ရပ် နားစခန်းအား စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**



# ပုပ္ပားတောင်ထူပါရုံစေတီတော်မြတ်ကြီး ကျောက်ထီးတော်တင်လှူပွဲကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးရှိ ဣစ္ဆာသယ(ခေါ်) ထူပါရုံစေတီမြတ်ကြီးအား ကျောက်ထီးတော်တင် အလှူမင်္ဂလာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါစေတီတော်၏ ကျောက်ထီးတော်ကို သာမညစကြာတောင်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနက ဦးဆောင်ပြီး အမြို့မြို့အနယ်နယ်မှ တိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် တင်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ် (၁၉) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာဦးအောင်ဇေမြင့်ထွေးက လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများကိုမေးမြန်းပြီး ထူးချွန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှထုတ်ဝေသည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် 'သတင်းစကား' လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်ပြဘုတ်များကို ရှင်းလင်းပြသခဲ့ကြရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ရွှေကုက္ကို**

# မုံရွာကားလေးဝင်းအတွင်း အခမဲ့ဆေးခန်းဖွင့်လှစ်

**မုံရွာ ဇန်နဝါရီ ၃**

မုံရွာမြို့ ကားလေးဝင်းအတွင်း ခရီးသွားများအတွက် ကျန်းမာရေးဝန်ဆောင်မှု ပြုနိုင်ရန် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ(မုံရွာမြို့)နှင့် ယာဉ်အသင်းနှင့် ယာဉ်ပိုင်များ စုပေါင်း၍ အခမဲ့ဆေးခန်းဖွင့်ကာ ဇန်နဝါရီ ၂ ရက်မှစတင်ကာ အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

"မုံရွာ မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးရုံးမှာ ဇန်နဝါရီ ၂ ရက်ကစပြီး အခမဲ့ကုသပေးနေပါပြီ၊ အခုမှ အစဆိုတော့ ဆရာဝန် တစ်ယောက်၊ ဆရာမလေးနှစ်ယောက် ဆေးခန်းစထိုင်နေပါပြီ၊ အဓိကကတော့ ခရီးသွားတွေကို ရှေးဦးသူနာပြုအဖြစ် ကုသပေးနိုင်အောင် ဖွင့်တာပါ။ မူးတာမော်တာလောက်နဲ့ အရေးကြီးလူနာတွေကို ကူညီနိုင်အောင် ဖွင့်တာပါ၊ခရီးသွားတွေနဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကို ဦးစားပေးကုပေးသွားမှာပါ၊ ဆေးခန်းကိုနေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်မှာပါ၊ အခုလောလောဆယ်ကတော့ ပိတ်ရက်မရှိ ဖွင့်လှစ်ကုသပေးသွားမှာပါ" ဟု မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။

မုံရွာ ကားလေးဝင်းအတွင်း ဆိုက်ရောက်-ထွက်ခွာသည့် ခရီးသွားများ ဖြစ်ပေါ်လာသည့် လတ်တလောဖြစ်ပေါ်လာသော ကျန်းမာရေးကိစ္စများကို အလျင်အမြန် ရှေးဦးသူနာပြုကုသပေးနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာ ကားလေးဝင်းမှာ အခမဲ့ဆေးခန်းဖွင့်တာဒါပထမဆုံးပါ၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ကားဝင်းတွေမှာတောင် အခုလိုအခမဲ့ဆေးခန်း မလုပ်ကြသေးတာတွေ့ရပါတယ်၊ တစ်နိုင်ငံလုံး မုံရွာ ကားလေးဝင်းမှာ အခမဲ့ဆေးခန်းဖွင့်တာ ပထမဆုံးလို့တောင်ပြောရင်ရပါတယ်" ဟု ဦးမျိုးမင်းက ဖြည့်စွက်ရှင်းပြသည်။

ယခုလို မုံရွာကားလေး ဝင်းအတွင်း အခမဲ့ဆေးခန်းဖွင့်သကဲ့သို့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီးမြို့စသည့် ကားလေးဝင်းများတွင် ဖွင့်လှစ်လျှင် ခရီးသွားများအတွက် ကျန်းမာရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ခရီးသွားတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မြောင်မြို့တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေနုတ်မြောင်းများတူးဖော်

**မြောင် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် မိုးရာသီအတွင်း လမ်းမများပေါ်တွင် ရေလျှံမှုကင်းဝေးစေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ပြုလုပ်နေကြောင်း သိရသည်။

"မိုးရာသီမှာဆို ဒီလမ်းတွေက ရေလျှံကာ မြို့သစ်ရပ်ကွက်အနိမ့်ပိုင်းရှိ အိမ်များအတွက် အန္တရာယ် ကြီးပါတယ်၊ ဒါ့ကြောင့် မြို့သာယာရေး၊ လမ်းများ ပျက်စီးခြင်းမှ ကင်းဝေးစေရေးကို အဓိကထား ပြုလုပ်ဆောင်ရွက်နေပါတယ်" ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သောင်းက ပြောကြားခဲ့သည်။

အဆိုပါ ရေနုတ်မြောင်း ပြုလုပ်ပြီးစီးပါက မြောင်-ပရိမ္မ ကားလမ်းနှင့် မြို့ပေါ်ရှိ ရပ်ကွက်အသီးအသီး၌ မိုးတွင်းကာလတွင် မိုးရေလျှံခြင်းကင်းဝေးပြီး သွားလာရေးကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

**တင်ကိုကို**

# အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းများ၏အားကစားပြိုင်ပွဲ အား/ကာသိပ္ပံ (ရန်ကုန်)အနိုင်ရဗိုလ်စွဲ



**နေပြည်တော် ဇန်နဝါရီ ၃**

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားပြိုင်ပွဲများအား ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 လေ့ကျင့်ရေးရုံ၌ကျင်းပသော ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီးပြိုင်ပွဲတွင် အား/ကာသိပ္ပံ (မန္တလေး)နှင့် အား/ကာသိပ္ပံ(တောင်ကြီး) တို့ ယှဉ်ပြိုင်ကစားကြပြီး အား/ကာသိပ္ပံ(မန္တလေး)မှ (၇၇)မှတ်၊ (၄၇) မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အား/ကာသိပ္ပံ (မန္တလေး)နှင့် အား/ကာသိပ္ပံ (မော်လမြိုင်)တို့ ယှဉ်ပြိုင်ကစားကြပြီး အား/ကာသိပ္ပံ(မန္တလေး) မှ (၉၀)မှတ်၊ (၈၆) မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)ရုံ၌ ကြက်တောင်ပြိုင်ပွဲ၊ TC-1 တင်းနစ်လေ့ကျင့်ရေးကွင်း၌ တင်းနစ်ပြိုင်ပွဲ၊ TC-2 လယ်ဝေးအားကစားရုံ၌ သေနတ်ပစ်ပြိုင်ပွဲ၊ TC-2 လယ်ဝေးအားကစားရုံ၌ ကျွမ်းဘားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ကစားခဲ့ကြသည်။

ဆက်လက်၍ TC-2 လယ်ဝေးအားကစားရုံ၌ ဝူရှူး (ဆန်းဆို) ပြိုင်ပွဲ၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် အမျိုးသား ဘောလုံးပြိုင်ပွဲများကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းအလိုက် အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများမှ ဆုရရှိသော အားကစားသမားများအား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားပြိုင်ပွဲတွင် ပထမ ရွှေ(၁၁၂)၊ ငွေ(၁၀၇)၊ ကြေး (၁၁၈) ဖြင့် အား/ကာသိပ္ပံ (ရန်ကုန်)၊ ဒုတိယ ရွှေ (၉၄)၊ ငွေ (၈၇)၊ ကြေး (၉၈) ဖြင့် အား/ကာသိပ္ပံ (မန္တလေး)၊ တတိယ ရွှေ(၂၆)၊ ငွေ (၃၃)၊ ကြေး (၃၇)ဖြင့် အား/ကာသိပ္ပံ(မော်လမြိုင်)နှင့် စတုတ္ထရွှေ(၂၆)၊ ငွေ (၃၁)၊ ကြေး (၃၅) ဖြင့် အား/ကာသိပ္ပံ (တောင်ကြီး)တို့မှ အသီးသီး ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။ **မောင်မောင်ဇော်**

# အဘယဒါန ဇီဝိတဒါန မြတ်သော ပေးလှူ ကုသိုလ်ယူ

## မြို့တော်ထွန်းရည်

နေ့စဉ်ထုတ်သတင်းစာတွေမှာ ရက်ခြားဆိုသလို သတင်းတွေ ဖတ်လိုက်ရပါတယ်။ "ဘီပီအိုင်တံဆိပ်ကပ်ထားတဲ့ ဆေးဝါးအတုတွေမိ"၊ "အများပြည်သူများသုံးစွဲရန် မသင့်တဲ့ အလှကုန်ပစ္စည်းများ" စတဲ့သတင်း၊ "အစားအစာများကို မမှန်မကန် ဆေးဝါးများသုံးစွဲထား"ဆိုတဲ့ သတင်းတွေပဲ ဖြစ်ပါတယ်။ ဒီသတင်းတွေ ဖတ်ရတော့ စာရေးသူ အလွန်ပဲစိတ်မကောင်းဖြစ်မိပါတယ်။ ဆေးဝါးအတုတွေ၊ ရက်လွန်ဆေးဝါးတွေနဲ့ အများပြည်သူ မစားသုံးသင့်တဲ့ အစားအစာတွေဟာ လူတွေကို အလွန်ပဲ ဒုက္ခပေးမှာဖြစ်ပါတယ်။ စာရေးသူဟာ ဘာသာရေးနဲ့ ကျန်းမာရေးစာတွေ ရေးသားနေသူဖြစ်တော့ ဒီသတင်းကြောင့် စာရေးသူနှလုံးသားကို တိုက်ရိုက်ထိမှန်သွားခဲ့ပြီး နှလုံးသား အနာဖြစ်သွားရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ရပ်ကွက်ထဲက တရားပွဲမှာ ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားတော်မူတဲ့ "သမုဒ္ဒရာဝမ်းတစ်ထွာ" တရားတော်ကို နာကြားလိုက်ရတဲ့အတွက် တရားတော်ကို မှီငြမ်းပြီး ဆောင်းပါးတစ်ပုဒ်အသွင် ဖန်ဆင်းလိုက်ရပါတယ်။

အစာအာဟာရဆိုတာ အားလုံးမှီဝဲပြီးရင် စားသုံးသူကို တစ်နည်းနည်းနဲ့ အကျိုးဖြစ်စေမှ ကောင်းသလို အကျိုးမဖြစ်စေတဲ့အရာတွေကို လူတွေစားသုံးဖို့၊ သုံးစွဲဖို့ထုတ်လုပ်ရင် ကိုယ့်မှာ အမြတ်အစွန်းရရုံ၊ စီးပွားဖြစ်ရုံသာဖြစ်မှာပါ။ အများသတ္တဝါ သူသူငါငါ ချမ်းသာဖို့ဆိုတဲ့ မေတ္တာတရားရှေ့ထား ပြဟ္မာစိုရ်တရား ရှေ့ထားပြီး စီးပွားရှာသင့်ပါတယ်။ ဒီလိုလုပ်ခဲ့ရင် စီးပွားကတော့ ဖြစ်မှာပါ။ ဖြစ်လာတဲ့စီးပွားကြောင့် မိမိပစ္စည်းသုံးစွဲတဲ့ ပုဂ္ဂိုလ်တွေ ဒုက္ခအန္တရာယ်နဲ့ ကြုံတွေ့နိုင်ပါတယ်။ ထို့အတူ ဒီဘဝမှာ မကောင်းသလို နောင်သံသရာမှာလည်း ကောင်းတဲ့ဘဝအမွေကို ရလာနိုင်မှာမဟုတ်ပါဘူး။ တရားဓမ္မကိုလည်း နှလုံးမသွင်း အားမထုတ်နိုင်ကြဘဲ ဘဝတစ်ခုကို အဆုံးသတ်သွားကြမှာဖြစ်ပါတယ်။ မိမိရလာတဲ့ ဘဝလေးတစ်ခုမှာ တန်ဖိုးရှိရှိဖြစ်မလာတော့ဘဲ လူမမာဘဝကို ရောက်ရှိပြီး သနားစရာ အနေအထားနဲ့ ဘဝတစ်ခုကို နိဂုံးကမ္ပတ်အဆုံးသတ်သွားရမှာဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးရှိရှိ ကျန်းကျန်းမာမာ အသက်ရှည်ဖို့အတွက် ကိုယ်ထုတ်လုပ်လိုက်တဲ့ပစ္စည်းဟာ အကူအညီဖြစ်ပြီး လူတွေကိုအကျိုးပြုကာ မြင့်မြတ်တဲ့စိတ်ဓာတ်တွေ မွေးမြူပြီး ဆောင်ရွက်လုပ်ကိုင်သင့်ပါတယ်။

မြန်မာနိုင်ငံမှာ ဆေးဝါးနဲ့ပတ်သက်ပြီး စီးပွားရှာနေသူတွေ၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ပြီး စီးပွားရှာနေသူတွေ၊ အစာအာဟာရနဲ့ပတ်သက်ပြီး စီးပွားရှာနေသူတွေဟာ ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိခိုက်နစ်နာစေပြီးမှ စီးပွားဖြစ်မယ်ဆိုရင် မိမိကိုယ်တိုင်က မလုပ်သင့်ပါဘူး။ တစ်ဖက်လူက လုပ်ကိုင်နေရင်လည်း တားဆီးရပါမယ်။ ဘာလို့ မလုပ်ကိုင်သင့်၊ တားဆီးသင့်သလဲဆိုရင် တစ်ဖက်သား နစ်နာစေမှာဖြစ်ပါတယ်။ တစ်ဖက်သားကို မနစ်နာစေဘဲ အဘယဒါန ဇီဝိတဒါန အလှူတော်ကြီးကို ပေးဖို့လိုအပ်ပါတယ်။ မိမိနဲ့ မိမိ မိသားစု စီးပွားရေးကောင်းပြီး တစ်ဖက်သား ဒုက္ခရောက် အန္တရာယ်ဖြစ်မယ့် အလုပ်မျိုးကို မလုပ်ကိုင် မဆောင်ရွက်သင့်ပါဘူး။

နေ့စဉ် သတင်းမီဒီယာတွေမှာ ဖော်ပြထားတာတွေ့နေရတာကတော့ ဆန်အတု၊ ကြက်ဥအတု၊ ဆိုးဆေးရောထားတဲ့ အစားအစာတွေ၊ ကလေးသရေစာအတုတွေ၊ ဆိုးဆေး၊ အမှည့်လွန်ဆေးဖျန်းထားတဲ့ အသီးအနှံတွေပါပဲ။ ဒီကိစ္စကြောင့် ရောဂါဆိုးတွေ လူတွေမှာဖြစ်နေကြရပါတယ်။ စာရေးသူတို့ ငယ်စဉ်ကဆို ကင်ဆာရောဂါဆိုတာ ကြားတောင်မကြားခဲ့ပါဘူး။ ခုခေတ်မှာတော့ ရင်သားကင်ဆာ၊ ပါးစပ်ကင်ဆာ၊ အဆုတ်ကင်ဆာ စုံလို့ပါပဲ။ ဒီအစားအစာတွေကြောင့် လူတွေမှာ ရောဂါပိုရလာနိုင်ပါတယ်။ ဘုရားဒါယကာ၊ ကျောင်းဒါယိကာမဖြစ်မှ ကုသိုလ်ရတာမဟုတ်ပါဘူး။ စိတ်နေစိတ်ထား ကောင်းကောင်းမွန်မွန်နဲ့ အများချမ်းသာဖို့ ဆောင်ရွက်တာ မှန်သမျှဟာ ကုသိုလ်ရတာချည်းပါပဲ။ မိမိတို့ စီးပွားရှာကြတဲ့နေရာမှာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကိုယ်ရှာတဲ့ စီးပွားရေး ကိုယ့်ဘာသာ ဆင်ခြင်သုံးသပ်ပြီး ဘယ်သူ့ကိုမှ မထိခိုက်စေဘဲ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အစပေါ့။ မှန်မှန်ကန်ကန် ထုတ်လုပ်လိုက်တဲ့ ပစ္စည်းကို စားသုံးရတဲ့ပုဂ္ဂိုလ်တွေဟာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ပျော်ရွှင်ရွှင် လူ့ဘဝကောင်းကျိုးတွေ ဆောင်ရွက်နိုင်ကြပြီး စေတနာ၊ မေတ္တာ၊ ကရုဏာတရားတွေထားကာ ထုတ်လုပ်ရောင်းချမယ်ဆိုရင် အဘယဒါန ဇီဝိတဒါန လို့ခေါ်တဲ့ အလှူတော်ကြီးကို နေ့စဉ်ပေးလှူနေရသလိုပါပဲ။ အင်မတန်မှ မွန်မြတ်သန့်စင်မှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင် နိုင်ငံတစ်ခုအနေနဲ့ မမှန်မကန်ပစ္စည်းတွေ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတွေဟာ ခိုးခြင်း ၂၅ ပါးမှာ ပါဝင်တယ်လို့ မြတ်စွာဘုရားရှင်က ဟောကြားခဲ့ဖူးပါတယ်။ ခိုးခြင်း ၂၅ မျိုးဟာ အတုလုပ်ပြီး ခိုးတာလည်း ခိုးတာပါပဲ။ အစစ်ကို အတုရောထည့်ပြီး ခိုးတာဟာလည်း ခိုးတာပါပဲ။ ရောဂါတစ်ခုကို မြန်မြန်ပျောက်မှာသိပြီး ဆေးကို ဆွဲကာကုနေကြတဲ့ ဆရာဝန်တွေဟာလည်း ခိုးတာပါပဲ။ ဒါတွေဟာ မလုပ်သင့်မလုပ်ထိုက်တဲ့ အရာတွေလည်းဖြစ်လို့ အကုသိုလ်တွေဟာ မိမိတို့ထံကို တစ်ပုံကြီး ဝင်လာနိုင်ပါတယ်။ ပမာပြရရင်တော့ ကျောက်တုံးကျောက်ခဲကြီးတွေ အဆမတန်တင်လာတဲ့ လှေကြီးတစ်စင်းလိုပဲပေါ့။ တဖြည်းဖြည်းနဲ့ ဒီလှေကြီးဟာ နစ်မြုပ်သွားနိုင်သလို နေ့စဉ်နဲ့အမျှ မိမိအကျိုး၊ မိသားစုအကျိုးတွေကို ရှေ့တန်းတင်ပြီး စီးပွားရှာခဲ့ရင် ဘဝသံသရာမှာ အကုသိုလ်လှေကြီး နစ်မြုပ်သွားသလို နစ်မြုပ်သွားနိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က ဟောကြားဆုံးမခဲ့ဖူးပါတယ်။ သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြည့်တင်းတဲ့ ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။ မကောင်းတဲ့အမျိုးအစားနဲ့ စီးပွားရှာခြင်း၊ ဒီပုဂ္ဂိုလ်မျိုးတွေဟာ စီးပွားဖြစ်လွယ်တယ်။ မကောင်းမှုဒုစရိုက်တွေကို လုံးဝမရှက်ကြောက် မစက်ဆုပ် မရွံ့ရှာကြပါဘူး။ ဒီပုဂ္ဂိုလ်တွေဟာ အသက်မွေးဝမ်းကျောင်းအတွက် လွယ်ကူတယ်။ နောက်ပုဂ္ဂိုလ်တစ်ယောက်ကတော့ မှန်ကန်တဲ့နည်းနဲ့ စီးပွားရှာပြီး အများချမ်းသာဖို့အတွက်၊ အများကောင်းကျိုးအတွက် မေတ္တာတရားကို အခြေခံပြီး စီးပွားရှာတဲ့ ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်တွေဟာ မကောင်းတဲ့အလုပ်နဲ့ စီးပွားဖြစ်မှာမလိုလားသလို ဒီအလုပ်ဆို လုပ်ရမှာရွံ့ရှာကြောက်ရွံ့တတ်ကြတယ်။ အများကို လှေကားလို နင်းတက်ပြီး စီးပွားမရှာလိုကြဘူး။ တစ်ဖက်သားရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကိုလုပ်ပြီး စီးပွားမရှာကြဘူး။ မှန်ကန်တဲ့နည်းနဲ့ သမ္မာအာဇီဝရှာဖွေပြီး အများကောင်းကျိုးကို ဆောင်ရွက်ကြသူတွေပဲ၊ ဖြစ်ပါတယ်။ ဒီလောကကြီးမှာ မဟုတ်တာတွေ၊ ညစ်ပတ်တာတွေ လုပ်နေကြသူတွေက စီးပွားဖြစ်နေကြပြီး မှန်မှန်ကန်ကန် သမ္မာအာဇီဝ လုပ်ကိုင်နေကြသူတွေက ကမောက်ကမတွေဖြစ်ပြီး ဒုက္ခပင်လယ်ဝေပေမယ့် သူ့မှာအကုသိုလ်ဆိုတာ မရှိပါဘူး။ သူခံရလည်း ခဏတာမျှပါပဲ။ ထာဝရကျတော့ သူ့မေတ္တာ စေတနာတွေ အရင်းခံပြီးလုပ်တဲ့အတွက် အဘယဒါန ဖြစ်ပါတယ်။ မိမိပစ္စည်းစားသုံးသူတွေ ဘေးကင်းကြပါစေ။ ဇီဝိတဒါနနဲ့ မိမိပစ္စည်းစားသုံးတဲ့ပုဂ္ဂိုလ်တွေ အသက်ရှည်ကြပါစေဆိုတဲ့ မေတ္တာကို အခြေခံတရားထားပြီး ရှာဖွေတာကြောင့် ဒီပုဂ္ဂိုလ်တွေဟာ တစ်ဘဝထက် တစ်ဘဝ မြင့်တက်သွားတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ပါတယ်။ မမှန်မကန် စီးပွားရှာသူတွေအဖို့ ဒီဘဝမှာ မော်ကြွားတိုးတက်လာနိုင်ပေမယ့် မကြာခင်မှာပဲ အကုသိုလ်တွေ အကျိုးပေးပြီး ဆင်းရဲဒုက္ခန္ဒွံထဲမှာ နစ်မွန်းသွားမှာဖြစ်ပါတယ်။

လောကမှာ မမှန်မကန်နည်းနဲ့ စီးပွားရှာနေကြတဲ့သူတွေဟာ ခိုးခြင်း ၂၅ ပါးမှာ ပါဝင်တဲ့ အဒိန္နာဒါနကံကြီးကို တွင်တွင်ကျူးလွန်နေကြသူတွေလည်း ဖြစ်ပါတယ်။ သူတို့စီးပွားတက်ရင်လည်း မှန်ကန်တာမဟုတ်တာကြောင့် ခဏတာပါပဲ။ နေ့စဉ်ရလာမှာကတော့ အကုသိုလ်တွေပဲဖြစ်ပါတယ်။ လူတွေကို ဒုက္ခရောက်အောင်လုပ်တဲ့ပြစ်မှုနဲ့ အကုသိုလ်တရားတွေပွားပြီး မိမိကိုယ်ကို တုံ့ပြန်ဖိစီးနှိပ်စက်လာမှာလည်း ဖြစ်ပါတယ်။ လူ့ဘဝရခဲလှတဲ့ ခဏတာအချိန်လေးမှာ သမုဒ္ဒရာဝမ်းတစ်ထွာကို အစားအစာအတု၊ ဆေးဝါးအတုတွေကို အသုံးပြုပြီး မိမိသန္တာန်မှာ ဒုက္ခရောက်နိုင်တဲ့ အကုသိုလ်တရားတွေနဲ့ ဝမ်းတစ်ထွာကို မဖြည့်သင့်သလို မိမိ မိသားစုကိုလည်း ရှာမကျွေးသင့်ပါဘူး။

တစ်ခါက အရာရှိ မိတ်ဆွေကြီးတစ်ယောက်နဲ့ စာရေးသူ တွေ့ဆုံခဲ့ပါတယ်။ ဈေးက သူဝယ်လာတဲ့ ငှက်ပျောသီး ဖီးကြမ်းဟာ ဝယ်လာခါစက အစိမ်းကြီး အမာကြီးဖြစ်ပါတယ်။ အိမ်ရောက်တော့ နာရီပိုင်းမှာပဲ ငှက်ပျောသီးဖီးကြမ်းဟာ ဝင်းမှည့်လာပါတယ်။ ညလည်းရောက်ရော ဒီငှက်ပျောသီးဖီးကြမ်းဟာ ညိုမည်းလာပြီး အရည်တွေပျော်ကျလာတာကို ဓာတ်ပုံနဲ့တကွ စာရေးသူကို ပြဖူးပါတယ်။ ဒါဟာ အမြန်မှည့်စေတဲ့ ဆေးဝါးတွေ ဖျန်းထားခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခု စားသုံးဆီကတော့ ဆီသိုလှောင်ရုံကြီးတစ်ခုထဲကို ဆီလာထည့်ကြတဲ့ ဆီသယ်ကားတွေပေါ် လူငယ်တချို့က တက်ပြီး ဖော့ပတ်ထားတဲ့တုတ်တွေနဲ့ ဆီတိုင်ကီကြီးတွေထဲကို နှိုက်ပြီး တုတ်နဲ့မွှေကြကာ ဖော့တွေကိုပါလာတဲ့ ပုံးတွေထဲကို ညှစ်ချကြပါတယ်။ ဆီချေးတွေနဲ့ ဆီကျန်တွေဟာ ပုံးထဲမှာ မည်းနက်နေပါတယ်။ နောက် ဆပ်ပြာမှုန့်လို အမှုန့်တွေနဲ့ စောစောက မည်းနေတဲ့ ဆီထဲကို ဖျော်လိုက်ပါတယ်။ ပြီးတော့ ပါလာတဲ့ ပလတ်စတစ်ရေသန့်ဘူးထဲကို သွန်ထည့်လိုက်တော့ အဝါရောင်ဆီအကြည်တွေဖြစ်သွားပြီး ဆိုင်တွေကို လိုက်ရောင်းတယ်လို့ စုံစမ်းသိရပါတယ်။ ဒါဟာ စာရေးသူကိုယ်တိုင် မြင်ရတဲ့မြင်ကွင်းပါပဲ။ စားသုံးမိသူအဖို့ ဘယ်လောက်အန္တရာယ်ကြီးမားမယ်ဆိုတာ မတွေးဝံ့ပါဘူး။ ငါးပိရေကျိုရောင်းသူတွေကလည်း ဓာတ်မြေသြဇာတွေနဲ့ ငါးပိကို ရောကြသလို ကော်ဖီထုပ်တွေကလည်း မန်ကျည်းစေ့တွေကို ကြိတ်ပြီးရောင်းကြတယ်ဆိုတာ ကြားမိပါရဲ့။ နို့ဆီထုတ်တဲ့သူတွေကလည်း တာရှည်ခံဆေးဝါးတစ်မျိုးကို ရောစပ်တယ်လို့လည်း ကြားမိပါတယ်။ အသီးအနှံတွေကိုလည်း ဓာတ်မြေသြဇာတွေ အလွန်အကျွံအသုံးပြုနေပါတယ်။ ဒီကိစ္စတွေကြောင့် စားသုံးသူတွေဟာ ရောဂါတွေ တစ်မျိုးပြီးတစ်မျိုး ရလာကြရပါတယ်။ ဒါဟာ တရားပျက်တာပါပဲ။ ဆရာတော်ကြီး ဟောသလိုပြောရရင် တရားပျက်တော့ တစ်ရက်ပြားကြမှာပါလို့ ဆိုသလိုပေါ့။ နောက်ဆုံးရဟန်းဝတ်တဲ့သင်္ကန်းကိုတောင်မှ ဓာတုဆိုးဆေးတွေ ဆိုးတဲ့အတွက် အရေပြားအထူးကု ဆရာဝန်ကြီးနဲ့ တွေ့တဲ့အခါ ပြောပြတာကတော့ ဘုန်းကြီးသင်္ကန်းမှာ အရေပြားကို ထိခိုက်စေတဲ့ ဓာတုဆေးဝါးသုံးစွဲထားလို့ ယားယံတဲ့ ဝေဒနာဖြစ်ပေါ်ကြောင်း၊ ဒီသင်္ကန်းကို စွဲစွဲမြဲမြဲဝတ်ရင် ဘုန်းကြီးမှာ အရေပြားကို ထိခိုက်ပြီး အရေပြားရောဂါရနိုင်တယ်လို့ ဆိုပါတယ်။ ကဲ ကောင်းကြသေးရဲ့လား။ ငယ်ငယ်တုန်းက ကြည့်ဖူးတဲ့ ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေးပြောတဲ့အသံကို ပြန်ကြားမိတာကတော့ "ပြောကို မပြောချင်တော့ပါဘူး" ဆိုတာပါပဲ။

ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ အဆုံးအမဩဝါဒကို ကြည်ညိုလေးစားအားထားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ မိစ္ဆာအာဇီဝမှန်သမျှကို ရှောင်ကြဉ်ကြပြီး သမ္မာအာဇီဝနဲ့ အသက်မွေးကြဖို့ အင်မတန်မှ လိုအပ်ပါတယ်။ သမ္မာအာဇီဝဆိုတာ မဂ္ဂင်ရှစ်ပါး တရားတော်မှာပါတဲ့ သီလမဂ္ဂင်တရားပဲဖြစ်ပါတယ်။ ဒါဟာ နိဗ္ဗာန်ကိုသွားတဲ့အခါမှာ အရေးပါတဲ့ နေရာမှာ ရှိတာကြောင့် လူတိုင်း ကိုယ်စီကိုယ်င သဘောပေါက်ကြပြီး သမ္မာအာဇီဝဖြင့် အသက်မွေးကြိုးစားအားထုတ်ကြပါလို့ နှစ်သစ်ကူးအခါသမယမှာ ဆန္ဒပြုလိုက်ပါတယ်။ ။

# လူငယ်နှင့် နိုင်ငံရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ် မြို့မဈေးမဂ်လာခန်းမ၌ ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း(Public Talk)ကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက လူငယ်နှင့် နိုင်ငံရေးခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်က အဖွင့်အမှာစကား ပြောကြားပြီး ဦးသက်လွင်(SAN YAY Computer Service & Training)၊ ဦးစည်သူ (THE WINNER ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးဇေယျာဦး (Telecom Engineer MPTJO)၊ ဒေါ်ကေသွယ်စိုး(ခ) ဒေါ်ချောစု (NLD မြို့နယ်အလုပ်အမှုဆောင်) တို့က ဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လှည်းကူးမြို့နယ် ရပ်ကွက်များမှ ပြည်သူစုစုပေါင်း ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများမှ ဦးဆောင်ကျင်းပသော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီခွဲက ထီးချိုင့်မြို့တွင် ကျင်းပစဉ်။**

မြို့နယ်(ပြန်/ဆက်)

# E. ရွေးချယ်တင်မြှောက်ပွဲ (E.Election)

ပါမောက္ခဒေါက်တာမြင့်မောင်မောင်

ယခုနှစ်ဒီဇင်ဘာ ၂၃ ရက် စနေနေ့ ညနေ ၅ နာရီခန့်က ဆရာဝန်အသင်းတိုက်၊ ဘီဆောင် ကြော်ငြာသင်ပုန်းတွင် ဆရာဝန်များ တိုးဝှေ့ကြည့်နေကြသည်။ ရန်ကုန်တိုင်းဒေသကြီး အမှုဆောင်သစ် ၂၀၁၈-၂၀၂၀ ရွေးချယ်ခံရသူများစာရင်း ထွက်လာခြင်းကြောင့်ဖြစ်သည်။

ယခင် ၂၀၁၄-၂၀၁၆ ခုနှစ်တုန်းကတော့ ရွေးကောက်ပွဲအပြီး နောက်တစ်နေ့မှ အဖြေသိကြရသည်။ မဲရုံပိတ်သည့် ညနေ ၅ နာရီမှစတင်ပြီး ရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ကြီးကြပ်ကာ လုပ်အားပေး ၄၀ ကျော်တို့နှင့်အတူ မဲစာရွက်များကို မဲပုံးများထဲမှ တစ်မဲချင်းစီ ရေတွက်ရသည်။ အရေအတွက်ကိုက်ညီမှုရှိပြီးမှ တစ်ဦးချင်းစီ၏ ရမဲများကို တစ်ဦးကအော်ဖတ်လိုက်မှ ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့်တွဲလျက်ရှိသော ဇယားကွက်များတွင် Soft pin နှင့်တစ်ချောင်းချင်း ခြစ်ရသည်။

မဲပေးသူဆရာဝန်ဦးရေက ရန်ကုန်တိုင်းဒေသကြီးအတွက် ၄၀၀ ခန့်နှင့် ဗဟိုအတွက် ၆၀၀ ကျော်ခန့်ရှိသည်။ ထပ်မံစစ်ဆေးနိုင်ရန်အတွက် ဆေးသုတေသနဦးစီးမှ ကွန်ပျူတာအဖွဲ့က တစ်ပြိုင်တည်း ရေတွက်ကြသည်။ သို့နှင့် ပထမပွဲဦးထွက် ၂၀၁၄ ခုနှစ်က သန်းခေါင်ကျော်မှ အားလုံးပြီးသည်။ လုပ်အားပေးများကိုကားနှင့်ပြန်ပို့ပေးသော်လည်း နံနက်လင်းအားကြီး နှစ်နာရီကျော်မှ အိမ်ပြန်ရောက်ကြသည်။ စေတနာ့ဝန်ထမ်းများပီပီ တစ်ဦးတစ်ယောက်မျှ ညည်းညူသံမကြားရ၊ မိမိတို့ ဆရာဝန်အသင်းကြီးအတွက် တာဝန်ယူကြရမည့် ဆရာဝန်များအတွက် ခွန်အားစိုက်ရခြင်းကြောင့်ပင်ဖြစ်ဟန်တူသည်။ ကော်မရှင်မှ ဆရာဝန်ကြီးများတွင် လေးဦးက အသက် ၈၀ ကျော်၊ ငါးဦးက အသက် ၇၀ ကျော်နှင့် နှစ်ဦးသာ ၇၀ အောက် အငြိမ်းစားများဖြစ်ကြသည်။

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံဆရာဝန်အသင်း အမှုဆောင်ရွေးကောက်ပွဲများတွင်တော့ ယခင်ကအတွေ့အကြုံကြောင့် မဲရေတွက်တာ မြန်လာသည်။ ည ၁၁ နာရီခန့်တွင် အားလုံးချောမောစွာ ပြီးနိုင်ခဲ့ကြသည်။

ယခုတစ်ဖန် ၂၀၁၈ ခုနှစ်အတွက် ရွေးကောက်ပွဲ ချိန်နီး၍ လာပေပြီ။ တစ်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌကြီးနှင့် လုပ်သက်ရလာသော ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌကြီးတို့ တွေ့ကြရ၊ ယခုလို 'e' ခေတ်တွင် 'e' စနစ်များသုံးလိုက်ရင် ဆရာကြီးတို့ကော်မရှင်အဖွဲ့ ပိုပြီးသက်သာမယ့်အပြင် အဖြေလည်းမြန်မြန်ထွက်လာမှာပဲဟု ပြောမိကြပါသည်။ ထိုတွေ့ဆုံခြင်းမှာ ယခုနှစ် ဇူလိုင်လဆန်းကဖြစ်သည်။

> ဆာဗာမှ ကွန်ပျူတာ တာဝန်ရှိသူက မဲလက်ခံသည့် ခလုတ်ကို တရားဝင်ပိတ်သည်။ အဖြေထုတ်သည်။ မိနစ်ပိုင်းအတွင်းတွင် မဲအရေအတွက် အဖြေထွက်လာ . . .




ကော်မရှင်ဥက္ကဋ္ဌကြီးကတော့ သူ၏ မူဝါဒအတိုင်း အချိန်ကလည်း ငါးလလောက်လိုသေးတော့ ဖြစ်တဲ့နည်းနဲ့ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချကာ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမိန့်ထွက်လာပြီးပြီးချင်း အစည်းအဝေးများ ခေါ်ပါတော့သည်။

ဤငါးလတာအချိန်အတွင်း တရစပ် လုပ်ဆောင်မှုများကတော့ မှတ်သားလောက်ပါသည်။ ကွန်ပျူတာဒီစနစ်ကလည်း တစ်ခါမှမလုပ်ဖူးကြ။ သို့ရာတွင် တစ်ဆင့်ချင်းစီ စိတ်ရှည်စွာလုပ်ကြမည်ဟု အဖွဲ့ဝင်များ သဘောတူခဲ့ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူးများက မိမိဦးစီးဌာနရှိ ကွန်ပျူတာပညာရှင်များနှင့် စတင်ဆွေးနွေးကြသည်။ အထိုက်အလျောက်တော့ ခရီးပေါက်သည်။

သို့ရာတွင် ဤမျှလောက်သော လူဦးရေအထိ တာဝန်ယူရန် မဝံ့မရဲဖြစ်နေကြသည်။ မကြာမီ လမ်းစတော့ပေါ်လာပေပြီ။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးက သူနှင့်ဆက်သွယ်နေသော တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာသည် တက္ကသိုလ်မှ ကွန်ပျူတာဌာနနှင့်ချိတ်ဆက်မိသည်။ ဌာနတာဝန်ခံက သူ၏ ဆိုဗီယက်ရုရှားတွင် ရခဲ့သော အတတ်ပညာ၊ အတွေ့အကြုံနှင့် Software များ ကြိုးစားပြီးလုပ်ပါတော့သည်။

တစ်နေ့သော ကော်မရှင်အစည်းအဝေးတွင် တပ်မတော်တက္ကသိုလ်မှ ပညာရှင်က ကော်မရှင်အဖွဲ့ဝင်များကို ကွန်ပျူတာသုံး၍ လက်တွေ့သူ၏ လုပ်ဆောင်ထားမှုများကို ပြသပါတော့သည်။ ကော်မရှင်အဖွဲ့ဝင်များက မေးလိုသည်များကိုမေးကြသည်။ ကျေနပ်ဖွယ်ရှိကြပါသည်။ ဤအဖွဲ့နှင့်ပင် လေ့ကျင့်လိုက်၊ ပြင်လိုက်၊ အနီးကပ်ဆွေးနွေးလိုက်နှင့် သုံးလခန့်အချိန်ကုန်သွားပါသည်။ ခက်သည်က ၎င်းတို့တက္ကသိုလ်မှ သင်ကြားရေးများ၊ စာမေးပွဲများနှင့် တိုက်ဆိုင်နေပါက အချိန်ပြည့်တာဝန်ယူဆောင်ပေးဖို့ အခက်ကြုံပါတော့သည်။

ဤတွင် ကော်မရှင်ဥက္ကဋ္ဌကြီးက အစည်းအဝေးတွင် မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်သို့ အကူအညီတောင်းရန် အကြံပြုပါသည်။ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌမှတစ်ဆင့် စာဖြင့် မေတ္တာရပ်ခံရန် ပဏာမအနေဖြင့် လက်ခံသဘောတူညီမှုရခဲ့ပါသည်။

နောက်တစ်ကြိမ် ကော်မရှင် အစည်းအဝေးတွင် ကွန်ပျူတာအဖွဲ့ချုပ်မှ နာယကကြီး၏ ခွင့်ပြုစီမံမှုအရ ကွန်ပျူတာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အရေးကြီးအဖွဲ့ဝင်များပါ အသေးစိတ်ဆွေးနွေးတိုင်ပင်ကြရာ ရွေးကောက်ပွဲအဆုံးတိုင်ထိ စက်ပစ္စည်းများနှင့် ပညာရှင်များပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြသဘောတူညီနိုင်းမှုရရှိခဲ့ကြပါသည်။ ကြားကာလတွင် ကော်မရှင်နှင့် အဖွဲ့ချုပ်တို့ အပြန်အလှန် ကူးလူးကာ လိုအပ်သည်များကို အသေးစိတ်လုပ်ဆောင်ခဲ့ကြရပါသည်။ ကော်မရှင်မှ ရုံးအဖွဲ့များ၊ အထောက်အကူပြု အဖွဲ့ဝင်များကလည်း အကြိမ်ကြိမ် တွေ့ဆုံစည်းဝေးကာ အချိန်ပြဇယား (Grant Chart) အတိုင်း ပြည့်မီရန် ကြိုးစားကြရသည်။

ရွေးကောက်ပွဲက ၂၃-၁၂-၂၀၁၇ စနေနေ့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိဖြစ်သည်။ မဲဆန္ဒပေးကြရန်နှင့်လိုအပ်ချက်များကို နိုင်ငံပိုင်သတင်းစာများတွင် နှစ်ကြိမ်ကြေညာပြီးဖြစ်သည်။ MMA Website တွင်လည်း မဲပေးပုံပေးနည်း တင်ထားကာ အင်တာနက် (Youtube) မှ ဖွင့်ယူလေ့လာနိုင်ပေသည်။

အပြီးသတ်အစမ်းလေ့ကျင့်ပွဲက ၂၀-၁၂-၂၀၁၇ ရက်နေ့မှာဖြစ်သည်။ ထိုရက်မတိုင်မီကတည်းက ကွန်ပျူတာအသင်းသားများ ပင်ပန်းကြသည်။ Laptop များထားမည့်စားပွဲများနှင့် ကွန်ပျူတာဆာဗာများ ဆက်သွယ်သည်အလုပ်က အလွန်လက်ဝင်သည်။ သပ်ရပ်မှုရှိပြီး ဆက်သွယ်မှု သေချာဖို့လိုသည်။ သုံးမည့်ပစ္စည်းများအားလုံးကလည်း အသစ်စက်စက်များဖြစ်သည်။ ထိုနေ့က အသင်းချုပ်နာယက ကိုယ်တိုင်လာရောက်အားပေး၍ ဝမ်းသာကြရသည်။

၂၃-၁၂-၂၀၁၇ စနေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၏ နှစ်ပတ်လည်အစည်းအဝေးကို ခန်းမဆောင်(အေ)တွင် ကျင်းပရန်ရှိသည်။ ယင်း အစည်းအဝေးတွင် အသင်းသားများ ကြိုတင်သိရှိနိုင်ရန် ကော်မရှင်မှ တာဝန်ရှိသူနှစ်ဦးက ကွန်ပျူတာဖြင့် မဲဆန္ဒပေးခြင်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနေ့ နံနက် ၁၀ နာရီတွင် ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းများအတိုင်း မဲရုံမှူးနှင့်တာဝန်ရှိသူများက စိစစ်၍ မဲရုံဖွင့်သည်။ ဖွင့်လျှင်ဖွင့်ချင်း နှစ်ပတ်လည်အစည်းအဝေးမစသေး၍ ဆရာဝန်တော်တော်များများ မဲစထည့်ကြသည်။ မဲမထည့်မီ ရွေးချယ်ခံကိုယ်စားလှယ်အားလုံး၏ ကိုယ်ရေးအပြည့်အစုံကို ဓာတ်ပုံနှင့်တကွ ကြော်ငြာသင်ပုန်းတွင် ကပ်ထား၍ အသေးစိတ်လေ့လာခွင့်ရကြသည်။

ပထမနေရာတွင် ဆမကတ်ပြား၊ ဆရာဝန်အသင်းဝင်ကတ်ပြားပြသရသည်။ ဒုတိယနေရာတွင် နာမည်ပါသောစာရွက်ကိုအပ်နှံပြီး မဲပေးစဉ်ချိတ်ဆွဲရမည့် လည်ဆွဲထုတ်ပေးသည်။ မဲရုံအတွင်းသို့မဝင်မီ ကွန်ပျူတာဖြင့် မဲပေးမည့်စနစ်ကို အစမ်းလေ့ကျင့်လိုပါက လက်တွေ့လုပ်နိုင်ရန် ကူညီမည့်ပညာရှင်နှင့် ကွန်ပျူတာများရှိသည်။ မဲရုံနှင့် ကပ်လျက်ရှိသော အခန်းငယ်တွင်လည်း မဲပေးပုံအဆင့်ဆင့်ကို TV တွင် ပြသထားပြီး လိုသလောက် အကြိမ်ကြိမ် ကြည့်နိုင်ရန် စီစဉ်ပေးထားသေးသည်။

နောက်တစ်ဆင့်မဲရုံအတွင်းသို့ ဝင်ကာ လည်ဆွဲပြပြီး မဲလက်မှတ် (Code Number) ထုတ်ပေးသည် ၎င်းမဲလက်မှတ်နံပါတ်ကို မိမိထိုင်ရသော စားပွဲမှ Lap Top တွင် ရိုက်နှိပ်ရသည်။ TV ဖန်သားပေါ်တွင် ကိုယ်စားလှယ်များ၏ ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်းကို ဖတ်ရှုနိုင်သည်။ ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေးအသေးစိတ်ကို ကြည့်လိုပါက ကွန်ပျူတာဘေးတွင်ရှိသော ဖိုင်တွဲတွင် ကြည့်ရှုရန်အဆင်သင့်ထားပေးသည်။ သတ်မှတ်သည့်ကိုယ်စားလှယ်ဦးရေပြည့်ပြီးမှ (Submit) ခလုတ်ကိုနှိပ်ကာ အဆုံးသတ်ရသည်။ ဤသို့ ရွေးချယ်နေစဉ် လိုအပ်ပါက အကူအညီတောင်းနိုင်ရန် ဆရာဝန်မဟုတ်သော ကွန်ပျူတာအသင်းမှ အသင်းသူ၊ အသင်းသားများက အသင့်စောင့်ပေးလျက်ရှိသည်။ အားလုံးပြီးမှ ထွက်ပေါက်တွင် Code No. စာရွက်နှင့် လည်ဆွဲ ပြန်လည်ပေးအပ်ကာ ညနေ ၄ နာရီတိတိတွင် မဲရုံပိတ်ကြောင်း ကြေညာပါသည်။ ဆာဗာမှ ကွန်ပျူတာတာဝန်ရှိသူက မဲလက်ခံသည့် ခလုတ်ကို တရားဝင်ပိတ်သည်။ အဖြေထုတ်သည်။ မိနစ်ပိုင်းအတွင်းတွင် မဲအရေအတွက် အနည်းအများအလိုက်အစဉ်လိုက် အဖြေထွက်လာသည်။ စာကူးစက်မှ ရိုက်နှိပ်ပြီး အဖြေစာရွက်များထွက်လာသည်။ မဲရုံတာဝန်ခံမှ စိစစ်ပြီး သက်သေများနှင့် ကော်မရှင်လူကြီးများရှေ့မှောက်တွင် ကွန်ပျူတာ တာဝန်ခံ၊ ကော်မရှင်အတွင်းရေးမှူးနှင့် မဲရုံတာဝန်ခံတို့က ထပ်မံစိစစ်ပြီး လက်မှတ်ရေးထိုးကြသည်။

၎င်းစာရွက်ကို မဲရုံတာဝန်ခံမှ ရွေးကောက်ပွဲကော်မရှင်ရုံးခန်း ကော်မရှင်အဖွဲ့ဝင်များ ရှေ့မှောက်တွင် ကော်မရှင်ဥက္ကဋ္ဌအား လက်မှတ်ထိုး၍ တင်ပြပါသည်။ ကော်မရှင်ဥက္ကဋ္ဌ၏ လက်မှတ်ထိုးပြီးသားစာရွက်ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌထံ စာဖြင့် တရားဝင်ပေးပို့ပါသည်။ ကျန်မိတ္တူကို ညနေ ၅ နာရီခန့်တွင် "ဘီ" ဆောင်ရှေ့ ကြော်ငြာသင်ပုန်းတွင် ကပ်လျက်အသိပေးပါသည်။

ဤသည်တို့အား ခေတ်အလိုက်တိုးတက်လာသည့် 'e' စနစ်ကိုသုံးခြင်းကြောင့် ဖြစ်သည်။ ဤသို့ အောင်မြင်ချောမွေ့လျင်မြန်စွာ ရွေးချယ်နိုင်ခြင်းမှာလည်း မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ်၏ လူအား၊ ပစ္စည်းအားဖြင့် စေတနာအပြည့် ကူညီပံ့ပိုးမှုကြောင့် ဖြစ်သည်။ ဤပံ့ပိုးကူညီမှုဖြင့် အသက်မွေးမှုပညာသည်အဖွဲ့အစည်းများအတွင်း ပထမဆုံးသော 'e' စနစ်ဖြင့် ရွေးချယ်တင်မြှောက်ပွဲဖြစ်လာသောကြောင့် မြန်မာနိုင်ငံ၏ ဆေးလောကတွင် မှတ်ကျောက်တင်ရန် သာဓက တစ်ခုဖြစ်လာပေသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက် စနေနေ့တွင်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာဝန်များအတွက် ဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်များရွေးချယ်ပေးရန် သတ်မှတ်ပြီးဖြစ်သည်။ ရရှိပြီးသော အတွေ့အကြုံနှင့် ကွန်ပျူတာအသင်းချုပ်၏ ကူညီပံ့ပိုးမှုများကြောင့် ရဲရဲဝံ့ဝံ့ရင်ဆိုင်လုပ်ဆောင်ရန် အသင့်ရှိကြောင်း တင်ပြ အသိပေးလိုက်ရပါသည်။ ။

# လွတ်လပ်ချိန်ခါ ပြည်မြန်မာ

မောင်ဉာဏ်ကန်(ပင်လည်ဘူး-ပင်းမူ)

အောက်မြို့ အောက်ရွာ မြစ်ချောင်းဖြာ၍
စိမ်းဝါလယ်ကွင်း မိုးနှံ့သင်းသည်
ရှုခင်း လှပါပေသည် တကား ॥

အထက်အညာ နေခြည်ဖြာ၍
တောင်ယာခင်းပြန့် ထနောင်းနံ့နှင့်
သင်းပျံ့ပေသည် တကား ॥

ရှမ်း ချင်း ကချင် တောင်တန်းတွင်လည်း
နှင်းရွှင် ပက်ဖျန်း ထင်းရှူးတန်းနှင့်
တင့်ဆန်းပါပေသည် တကား ॥

ကယား ကချင် စမ်းရေလျှဉ်နှင့်
မြသွင် သစ်တော အလှနောသည်
သာမောဖွယ်ပါ တကား ॥

မွန် တနင်္သာရီ ရခိုင် ဆီတွင်
ပင်လယ် လှိုင်းတေး လေချိုသွေးသည်
ငြိမ်းအေးပါပေသည် တကား ॥

တို့ပြည် တို့ရွာ အနံ့သာပင်
နေရာ တကာ အလှဖြာတည့်
တို့ရွာ တို့မြေ အလှဝေတည့်
တို့မြေမှာဖွား တို့ပြည်သားလည်း
ကြီးမားသန္တါ စေတနာနှင့်
မေတ္တာ ပြည့်ဝ နှလုံးလှတည့်
တို့၏ ပြည်ရွာ ကျူးကျော်လာမှု
ရန်သူဟူသမျှ ချေမှုန်းကြ၍
ဖြိုဖြိုညီညာ သွေးစည်းကာလျှင်
ရဲစွာ အားအန် ဇာတိမာန်ဖြင့်
တွန်းလှန် ဖြိုဖျက်တတ်သည် တကား॥

ဟု ဆရာကြီး မင်းယုဝေ၏ ၁-၁၀- ၁၉၈၅ ခုနှစ်ဆီတုန်းခါက ချယ်ရီမဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့် မင်းယုဝေ ကဗျာ ပေါင်းချုပ် (နှာ-၂၃၆)၌ လေ့လာဖတ်မှတ်ရပါသည်။

ကျွန်မတို့ နေထိုင်၍ ပညာရည်နို့ သောက်စို့နေသော မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် ပေါင်းစု တည်ဆောက်ထားသည့် နိုင်ငံဖြစ်သောကြောင့် "ပြည်ထောင်စု" ဟူသော အသုံးကို လှိုက်လှဲစွာ သုံးစွဲနေခြင်းဖြစ်သည်။

တိုင်းရင်းသားများသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ဟု အကြမ်းအားဖြင့် ဆိုသော်လည်း ထိုထက်မက များစွာရှိပါသည်။ တိုင်းရင်းသား ၁၃၅ မျိုး ရှိသည်။ ထို ၁၃၅ မျိုးသော တိုင်းရင်းသားများ ပေါင်းစု၍ တည်ထောင်လာသော၊ တည်ထောင် နေသောကြောင့် "ပြည်ထောင်စု" ဟု ဖြစ်တည်နေပေသည်။

ကျွန်မတို့ မြန်မာပြည်၌ လွတ်လပ်စွာ နေထိုင်ရသည်မှာ ကျေးဇူးရှင် ဘိုးဘိုး ဗိုလ်ချုပ်ဦးအောင်ဆန်း ဦးဆောင်သည့် အာဇာနည် သူရဲကောင်း၊ အမျိုးချစ်သည့် ရဲဘော်ဇာနည်များနှင့် မျိုးချစ်သူရဲကောင်း များ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ ကျွန်မသည် ဘိုးဘိုး ဗိုလ်ချုပ်ဦးအောင်ဆန်း နှင့် ခေါင်းဆောင်များအကြောင်းကို များများ မသိပေ။ ဖေဖေ မေမေ ပြောပြဖူးသည်များ၊ ဆရာ ဆရာမများ ပြောပြဖူးသည်များ၊ လူကြီးသူမများ ပြောပြဖူးသည်များသာ သိခွင့်ရပါသည်။ ထိုမျှလောက်လေး သိခွင့်ရ သည်နှင့်ပင် ဘိုးဘိုး ဗိုလ်ချုပ် ဦးအောင်ဆန်း အား အလွန်ပင် လေးစားရိုသေ ချစ်မြတ်နိုး ရပါသည်။

ကျွန်မသည် အရွယ်နုနယ်သည့် လူမမည် ကလေးသာဖြစ်နေသေး၍ အောက်ပြည် အောက်ရွာနှင့် အထက်အညာ ဒေသသို့ မရောက်ဖူးပေ။ သို့သော် အထက်ပါ ဆရာကြီး မင်းယုဝေ၏ ကဗျာကို ဖတ်ရသောအခါ အောက်ပြည် အောက်ရွာ တွင် မြစ် ချောင်း အင်း အိုင် ပေါများသည်ကို၊ လယ်ကွင်း ယာကွင်း တောတောင် ရှုခင်းများ လှပစွာတည်ရှိနေသည်ကိုလည်း မှန်းဆရပါ သည်။

ထနောင်းရနံ့တွေ၊ ချယ်ရီပန်းရနံ့တွေ၊ စံပယ်ရနံ့တွေ၊ နှင်းဆီရနံ့တွေ စသော ကျွန်မ ချစ်သော ပန်းတို့၏ရနံ့တွေ သင်းထုံနေသည် ကိုလည်း ဆရာမ ရှင်းပြ၍ ကျေနပ်ပျော်ရွှင် မိသည်။ ကျွန်မသည် မိန်းကလေးပီပီ ပန်းကို ချစ်သည် နှစ်သက်သည် သနပ်ခါးကို တွယ်တာသည်။

ကျောင်းသူဘဝတွင် ဆရာမ ပြောပြဖူး သည့်-

"လွတ်လပ်ရေးမရမီက ကျွန်မချစ်သော ပန်းတွေ၏ ရနံ့ကို မြန်မာတွေ မခံစားအား ကြောင်း၊ ကျွန်မတွယ်တာသော သနပ်ခါးကို မလိမ်းခြယ်အားကြောင်း၊ ဟိုပုန်း ဒီပုန်း ဟိုပြေး ဒီပြေး ဟိုရှောင် ဒီရှောင် နေရ ကြောင်း" ဆရာမ ငယ်ဘဝကို နားထောင်ဖူး ပါသည်။

အင်္ဂလိပ်အစိုးရက ကျွန်မတို့ လယ်ယာ မြေမှ အဘိုး အဘွားများ စိုက်ပြီး၊ သိမ်းပြီး ထွက်ရှိသည့် စပါးတွေကို သူတို့ဆီ ပေးပို့ရ သည်ဟု အဘိုး အဘွား ပြောပြဖူးသည်။

ထိုသို့သော အင်္ဂလိပ်အစိုးရ လက်အောက်မှ "လွတ်လပ်ရေး" ရတနာ ကြီးကို သို့တည်းမဟုတ် မဟာဆုလာဘ်ကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျွန်မတို့ ပြည်ထောင်စုက ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ကြလေသည်။

ဤနေရာတွင် "လွတ်လပ်ရေး"ဟူသော စကားသည် ကိုယ့်ကြမ္မာကို ကိုယ်တိုင် ဖန်တီးနိုင်ခွင့် ရရှိခြင်းဟု ဖွင့်ဆိုရပေမည်။ ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်အခြေအနေကို ကိုယ်တိုင် ရပ်တည်၍ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ ထွန်းလင်း စေဖို့၊ ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ် တင်ပြနိုင်ခွင့်အပြင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လက်မှုပညာ၊ စက်မှု ပညာ အပါဝင် သဘာဝက ပေးထားသော တော တောင် ရေ မြေ ရှုခင်းနှင့် အဖိုးတန် ကျောက်မျက်ရတနာပါမကျန် ကိုယ်တိုင် ရယူသုံးစွဲ စီမံခန့်ခွဲနိုင်ရေးတို့သည်ပင် "လွတ်လပ်ရေး" ဖြစ်သည်။

ယခုအခါတွင် ကျွန်မ ချစ်သော ပန်းတွေလည်း ဖူးပွင့်ဝေဆာ သင်းပျံ့နေ လေပြီ။ ကျွန်မ ချစ်သော သနပ်ခါးလည်း လိမ်းခြယ် လှပနေပါသည်။ ကျွန်မတို့၏ ပြည်ထောင်စုကြီးဖြစ်သော မြန်မာပြည်သည် လည်း အေးချမ်းလှပ နေပါသည်။

ဆရာကြီး မင်းယုဝေ၏ ကဗျာကဲ့သို့ အညာဒေသတွင် တောတောင်သဘာဝ ရှုခင်းအပြင် သင်းပျံ့သော ပန်းတို့၏ ရနံ့နှင့် ထနောင်းအရိပ်တွေလည်း ဝေဆာလျက် ရှိပေသည်။

ရှမ်း၊ ကချင်၊ ချင်း ဌာနေတွင်လည်း ချယ်ရီ၊ လက်ဖက်နှင့် အခြားသော စိုက်ခင်း တွေဖြင့် တင့်တယ်နေပေပြီ။ ကယား၊ ကရင် ပြည်နယ်တွင်မူလည်း သဘာဝရေတံခွန် စိမ့်စမ်းများ ရှု၍မဝ အလှကျနေသော တောင်တန်းများ၌လည်း ပျော်ရွှင်ခွင့် ရနေ ကြပေပြီ။ မွန်၊ တနင်္သာရီ၊ ရခိုင်ဒေသများ တွင်မူလည်း ပင်လယ်အလှ၊ ကမ်းရိုးတန်း အလှကို စီးမျောလိုက်ပါရင်း တလိမ့်လိမ့် တညိမ့်ညိမ့် လှုပ်ရှားပြေးလွှားနေသော ရေလှိုင်း၏ ကျောပြင်ပေါ် စီးနင်းလိုက် ပါ၍ ရေထွက် ဝင်ငွေကို ရယူသုံးစွဲနေကြ လေပြီ ဖြစ်သည်။

ဤသို့သော အလှနှင့် အေးချမ်းမှုကို မလိုလားသူ၊ ဖျက်လို ဖျက်ဆီး လုပ်လိုသူ၊ အချုပ်အခြာကို ထိပါး စော်ကားလာသူသည် "လွတ်လပ်ရေး" ၏ ဆူးငြောင့်သည်သာ ဖြစ်သည်။ ထိုဆူးငြောင့်ကို ရှင်းလင်း သုတ်သင်ရမည်မှာလည်း ကျွန်မ အပါအဝင် ပြည်ထောင်စုသားတို့၏ သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန်၊ အသိတရားပေး တာဝန် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် "လွတ်လပ်ရေး" ပန်းသည် ကျွန်မမြတ်နိုး ချစ်ခင်နှစ်သက်၍ ပန်ဆင်တတ်သော သဘာဝပန်းကဲ့သို့ လွယ်လင့်တကူ ခူးယူ၍ ရလာသော ပန်းမဟုတ်သောကြောင့် ပင်တည်း။ ပြည်ထောင်စုတိုင်းရင်းသားတို့၏ အသက် သွေး ချွေးများအား စတေးပြီး အိုးမဲ့ အိမ်မဲ့ မိသားစုမဲ့ ပတ်ဝန်းကျင်မဲ့ရသည်အထိ ကြိုးစား၍ ရရှိလာသည့်အတွက်ကြောင့် ပင်တည်း။

အင်္ဂလိပ်-မြန်မာ ၁၈၂၄ ခုနှစ်တွင် ပထမစစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်၊ ၁၈၈၅ ခုနှစ်တွင် တတိယစစ် ဖြစ်ခဲ့၏။ ထို့နောက် မြန်မာလူမျိုးတို့၏ ကေရာဇ် ဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့ကို အိန္ဒိယသို့ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရလေ သည်။ မြန်မာပြည်သည်လည်း သူ့ကျွန် ဘဝသို့ လုံးလုံးလျားလျား ရောက်ခဲ့လေ သည်။

ထိုအခါ တိုင်းရင်းသားထဲမှ မျိုးချစ် သူရဲကောင်းများဖြစ်သော ဗိုလ်မင်းရောင်၊ ဗိုလ်ဆွန်ပက်၊ ရွှေချီးဖြူနှင့် ဝန်းသိုစော်ဘွား ဦးအောင်မြတ်စသော ပုဂ္ဂိုလ်များ အသက် စွန့်ကာ လက်နက်မချဘဲ ရရာလက်နက် စွဲကိုင်ပြီး ရှိသည့် အင်အားလေးဖြင့် တိုက်ပွဲဝင်ခဲ့ကြောင်း တွေ့ရှိရသည်။

လွတ်လပ်ရေးပန်းကို ပန်ဆင်နိုင်ရန် ကြိုးပမ်းမှုသမိုင်းတွင် လူဝတ်ကြောင်များသာ မဟုတ်၊ မျိုးချစ်စိတ် ထက်သန်တော်မူသည့် ဦးဝိစာရ၊ ဦးဥတ္တမ စသည့် ဆရာတော် များလည်း ထိပ်ဆုံးမှ ပါဝင်ခဲ့ကြလေ သည်။

ဆရာစံ ကဲ့သို့သော တောင်သူဦးကြီး များ၊ သခင် ဦးဖိုးလှ ဦးဆောင်သော ရေနံ မြေ သပိတ်စခန်းများနှင့် ပထမကျောင်းသား သပိတ်၊ ဒုတိယကျောင်းသားသပိတ် အရေး တော်ပုံများကိုလည်း ဆင်နွှဲ၍ နေ့မနား ညမနား တစ်တပ်တစ်အား ဆောင်ရွက် ကြိုးစား တိုက်ပွဲဝင်ခဲ့ကြရလေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရပြီးနောက် နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးအားဖြင့် နေရာအနှံ့ အလံတင် အခမ်းအနားများ၊ အလေးပြုခြင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲ များ၊ ဟောပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ဒေသအလိုက်၊ နေရာအလိုက်၊ ဌာနအလိုက် ကျင်းပဆောင်ရွက်ပေးသည်ပင် လွတ်လပ် ရေး၏ လက်တွေ့အရသာပင်ဖြစ်သည်။

ထိုထက်မက ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စာစောင်များ၌ လည်း ဂုဏ်ပြုတေးများ၊ ဇာတ်လမ်းများ၊ သမိုင်းကြောင်းများကို ထုတ်လွှင့်ပြသ ရေးသားဖော်ပြလျက်ရှိသည်ကိုလည်း တွေ့ရ မြင်ရသည်။

မိမိတို့၏ ပြည်ထောင်စု သွေးချင်း ညီအစ်ကို မောင်နှမ တိုင်းရင်းသားများ သည်လည်း ချစ်ခင်သောစိတ်၊ ကူညီလိုသော စေတနာ၊ သနားတတ်သော စာနာစိတ်များ ဖြင့် တိုင်းရင်းသားအချင်းချင်း လက်တွဲ ညီညာစွာဖြင့် တိုင်းပြည်၏ အလှကို ထုဆစ် ပုံဖော်ကြရမည်သာ----။

လွတ်လပ်ရေး၏ အရသာသည် လွတ်လပ်မှုကင်းသည့်အခါ လွမ်းဆွတ် တမ်းတ မျှော်လင့်ကြသည်။ ဥပမာ လူသည် လေကို ရှူနေရသော၊ လေကို အမှီသဟဲ ပြုနေရသော သတ္တဝါဖြစ်သည်။ ထိုလေကို မရှူရသည့်အခါ အသက်သေဆုံးကြသည်။ လေကို လွယ်လင့်တကူ ရှူ၍ ရချိန်ဝယ် လေ၏တန်ဖိုးကို သတိမထား အလေးမမူကြ သကဲ့သို့ပင်တည်း။

နိဂုံးအားဖြင့် လွတ်လပ်၍ အေးချမ်း တည်ငြိမ်သော အရသာကို ခံစားပြီး ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာ ရေးနှင့် စိတ်ဓာတ်ပိုင်းအရေးတို့ကို လွတ်လပ် ရေးရှင်တို့၏ ကျေးဇူးဂုဏ်ကို မမေ့သော အားဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကျွန်မကစ၍ ဆောင်ရွက်နေထိုင် သွားရ မည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါ သည်။

ယခုကဲ့သို့ လွတ်လပ်နေချိန်ဝယ် လွတ်လပ်ရေး၏ အရသာကို ရေးသားတင်ပြ ခွင့်ရနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည့် တာဝန်ရှိလူကြီးများနှင့် ကျွန်မ၏ မိဘ နှစ်ပါး၊ ကျွန်မတို့ကျောင်း၏ ကျောင်းအုပ် ဆရာကြီးအပါအဝင် ဆရာ ဆရာမများ အားလုံးကို ဤစာစီစာကုံးဖြင့် ကျေးဇူးဆပ် သောအားဖြင့် ရေးသားရင်း နိဂုံးချုပ်ပါ သည်။ ॥

***(စာရေးသူက ကျောင်းသူနေရာမှ ခံစားရေးသီထားပါသည်)***

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု စာပေဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ အခမ်းအနားတွင် စာရေးဆရာ ဆရာမများဖြစ်ကြသည့် ဆရာရေနံ့သာမောင်ကျော်ညွန့်၊ ဆရာမ ဇင်၊ ဆရာမ တင်ရီမ (ညောင်ဦး)တို့က လွတ်လပ်ရေးနေ့နှင့် ပတ်သက်သည့် ခေါင်းစဉ်များအလိုက် ဟောပြောကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့နှင့် ပတ်သက်၍ ဉာဏ်စမ်းပဟေဠိ မေးခွန်းများ မေးမြန်းကြရာ အဖြေမှန် ဖြေနိုင်သူများကို ဆရာ ဆရာမများက အမှတ်တရ ဆုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် ဇမ္ဗူသီရိ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လွတ်လပ်ရေးနေ့နှင့်ပတ်သက်သော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-စိမ်း(ဥပဒေ)**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အသက်ကြီးသော်လည်း မပျက်စီးသေးသူများနှင့် ကျန်းမာရေးအသိပညာပေး ဆောင်းပါးများ





အို အသင်ချစ်မိတ်ဆွေ အို နာ သေ ဘေးကို လူတိုင်းမလွန်ဆန်နိုင်ဟုဆိုသော်ငြား အိုမင်းမစွမ်းဆိုသောစကားကိုဖြင့် လက်မခံလိုက်ပါနှင့်ဟု စာရေးသူ မီးအိမ်ရှင် ဒေါက်တာနိုင်တင်ဂေးလ် စီစဉ်သော အသက်ကြီးသော်လည်း မပျက်စီးသေးသူများနှင့် ကျန်းမာရေးအသိပညာပေး ဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဥပမိရုပ်၊ အလှတရားနှင့် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ နည်းပညာနှင့် ကျန်းမာရေး၊ အနောက်တိုင်းဆေးပညာနှင့် ကျန်းမာရေး၊ ရာသီသုံးလီနှင့် ကျန်းမာရေး၊ စိတ်ဖောက်ပြန်ခြင်းနှင့် ကျန်းမာရေး၊ ကလေးငယ်များနှင့် ကျန်းမာရေး၊ အစာအာဟာရနှင့် ကျန်းမာရေးစသည့်အကြောင်းအရာများကို ရေးသားထားသည်။ ကျန်းမာရေးအသိပညာဗဟုသုတပြည့်ဝကြလျှင် မိမိတို့၏ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် စောင့်ရှောက်နိုင်ကြပြီး အသက်ကြီးသော်လည်း မပျက်စီးသေးသူများအဖြစ် မိမိတို့၏နိုင်ငံနှင့် လူမျိုးအတွက်ကောင်းကျိုးများကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

**စာအုပ်ကို မီးအိမ်ရှင်စာအုပ်တိုက်၊ အမှတ် - ၄၅၇(ဘီ)(၁)၊ တကောင်း - ၈လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၉၇၉၉၂၃၂၇နှင့် ၀၉ - ၅၁၆၃၄၉၃တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။**

## စက္ကန့်ပိုင်းလေး ဆိုသော်ငြား




အဘိုးကြီး ခင်ဗျားက လွန်ခဲ့သောနှစ်တွေတုန်းကလို ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့၊ ခင်ဗျားရဲ့ရုပ်ခန္ဓာရောစိတ်ပါ မမြဲသောသဘောတရား အရပြောင်းလဲခဲ့ပြီ၊ ဇရာရဲ့နှိပ်စက်မှုဒဏ်ကိုခံနေရပြီ၊ ဒီတော့ မမြဲသောတရားကို မှတ်ရှုသင့်ကြောင်း စာရေးဆရာ နိုင်ဘောဂလှဝင်း စီစဉ်သော စက္ကန့်ပိုင်းလေး ဆိုသော်ငြား စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် 'ကြားသိစေ သက်သေညွှန်း၊ ရေမှာပေါ်သောကျောက်ခဲလေးများ၊ နုပျိုခြင်းအက်ဆေးနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၊ သမာဓိသာသနာကြီးကိုသာ ဖိဖိစီးစီးထူထောင်နေပါ၊ မိတ်ဆွေကောင်းနှင့်သာမတွေ့လိုက်ရရင်၊ အသောကမင်းကြီးရဲ့ သျှစ်သျှားသီးတစ်ခြမ်းနှင့် ကုသိုလ်စိတ်၊ မင်းသားမြတ်လေးနှင့် ခရီးသွားဟန်လွဲ၊ တယ်လီဖုန်းလေးမှာလည်း နှလုံးသားရှိပါတယ်၊ ကံ့ကော်မြေမှာ လိုမ့်ခဲ့ဖူးတဲ့ ကွမ်းသီးဒိုးကလေးများရဲ့ဒဏ္ဍာရီ၊ ကံ့ကော်မြေမှာတွေ့ခဲ့တဲ့ မျောက်လိုလူနှစ်ယောက်' စသည့် အကြောင်းအရာများကိုရေးသားထားသည်။

**စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄(B)၊ လမ်း - ၄၀ (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၃၂၀၁၅၈၆မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီးနှင့် မြနန်းနွယ်





လောကတွင် ဘယ်အရာမဆိုသူ့နေရာနှင့်သူ၊ သူ့ Keyနှင့်သူဖြစ်သောကြောင့် အောင်မြင်မှုပန်းတိုင်ကိုရောက်လိုသူတိုင်း လွယ်လင့်တကူ ရောက်ကြရသည် မဟုတ်ကြောင်း ဂမ္ဘီရဆရာလှမျိုး စုစည်းထားသော ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီးနှင့် မြနန်းနွယ် စာအုပ်ထွက်ရှိလာသည်။

ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီးသည် သာသနာစောင့်ဘိုးဘိုးကြီးဖြစ်၍ ဘုရားပူဇော်၊ သီလဆောက်တည်၊ ကောင်းမှုကုသိုလ်ပြုသူ၊ မေတ္တာတရားရှိသူ၊ ဘုရားဂုဏ်တော်ပွားများသူ၊ သာသနာတော် ကူညီထောက်ပံ့ သူတို့ကို စောင့်ရှောက်သည့်အပြင် ပြည်ပနိုင်ငံသားများကိုပင်ကူညီ စောင့်ရှောက်ပေးနိုင်သောကြောင့် မိမိတို့ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင်များယုံကြည်ကိုးကွယ်သင့်သည်။ အစ်မကြီး မြနန်းနွယ်အား သားသမီးမရသောသူများက ကန်တော့ပွဲလှူကာဆုတောင်းခြင်းဖြင့် သားသမီးရတနာများရရှိနိုင်ကြောင်းရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။**

## ဂျဝါဟာလ္လာနေရူး အိန္ဒိယကို ထူထောင်ခြင်း




စာရေးဆရာကိုကိုလေးစီစဉ်သော ဂျဝါဟာလ္လာနေရူး အိန္ဒိယကို ထူထောင်ခြင်း စာအုပ် ထွက်ရှိလာသည်။

လွတ်လပ်ပြီး အိန္ဒိယသည် ကြီးစွာသော အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းခဲရသည်။ ဤမျှခက်ခဲကြမ်းတမ်းသော အချိန်ကာလတွင် အိန္ဒိယပြည်သူလူထု၏ အသည်းစွဲပုဂ္ဂိုလ်ကြီး မဟတ္တမဂန္ဒီကြီးကို လက်လွတ်ဆုံးရှုံးခဲ့ရပြီးနောက် နေရူးလိုပုဂ္ဂိုလ်ကြီးတစ်ယောက်သာ ကျန်မနေပါက ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ၏ အန္တရာယ်၊ မျက်ကန်းမျိုးချစ် တစ်ယူသန်အစွန်းရောက်ပြည်နယ်ကလေးများ အစိတ်စိတ် အမြွှာမြွှာ ကွဲထွက်သွားမည့် အန္တရာယ်ဆိုးကရှိနေသည်။ ထိုအန္တရာယ်ဆိုးကြီးကို ဘာသာရေးနှင့် လူမျိုးရေးခွဲခြားမှု လုံးဝမရှိဘဲ ပြတ်သားစွာ အပြစ်ပေးတတ်သော နေရူး၏ ပြတ်သားမှုကြောင့် အိန္ဒိယနိုင်ငံကြီးသည် ယခုအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ နေရူး၏ အရည်အချင်းများ၊ စွန့်စားအနစ်နာခံခဲ့ပုံများကိုရေးသားထားသည်။

**စာအုပ်ကိုယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄ B၊ လမ်း - ၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ HOT LINE - ၀၉ - ၇၃၂၀၁၅၈၆၊ Office - ၀၉ - ၇၉၅၂၆၇၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မော်စီတုန်း မြေယာစနစ်ပြောင်းလဲရေး




စာရေးဆရာတင်ထွန်းနိုင် စီစဉ်သော မော်စီတုန်း မြေယာစနစ်ပြောင်းလဲရေး စာအုပ်ထွက်လာသည်။

အဆိုပါစာအုပ်တွင် ပထမပြည်တွင်းတော်လှန်ရေးစစ်ကာလ တရုတ်ပြည်လူ့ အဖွဲ့အစည်းမှ လူတန်းစားများကိုခွဲခြမ်းစိတ်ဖြာချက်(၁၉၂၆၊ ခုနှစ်၊ မတ်လ)၊ ဟူနန်ပြည်နယ် လယ်သမားလှုပ်ရှားမှု စုံစမ်းရေးအစီရင်ခံစာ (၁၉၂၇ ခုနှစ်၊ မတ်လ)၊ ကျေးလက်လူတန်းစားများကို ဘယ်လိုခွဲခြားမလဲ (၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ)၊ ကျွန်တော်တို့၏ စီးပွားရေးပေါ်လစီ (၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့)၊ ကျေးလက်အကြောင်း စုံစမ်းလေ့လာချက်၏ နိဒါန်းနှင့် နိဂုံး(၁၉၄၁ခုနှစ်၊ မတ်လနှင့် ဧပြီလ)၊ အခြေခံဒေသများတွင် သီးစားခလျှော့ပေါ့ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အစိုးရထောက်ခံရေး၊ ပြည်သူချစ်ခင်ရေးလှုပ်ရှားမှုများလုပ်ကြ(၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့) စသည့်အကြောင်းအရာများကို ရေးသားထားသည်။

**စာအုပ်ကိုယဉ်မျိုးစာပေ၊ အမှတ် - ၂၇၄ B၊ လမ်း - ၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ HOT LINE - ၀၉ ၇၃၂၀၁၅၈၆၊ ဉီးခနေ - ၀၉ ၇၉၅၂၆၇၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ခါးနာခြင်းအတွက် အိမ်တွင်းကုထုံးနှင့် သိမှတ်ဖွယ်ရာ ကျန်းမာရေးအဖြာဖြာ




လူသားတို့ နိစ္စဓူဝ နေထိုင်ရေး၊ စားသောက်ရေး လူနေမှုပုံစံတို့ကို ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စေလိုသောစေတနာဖြင့် စာရေးသူ ပေါက်ပေါက် စီစဉ်သော ခါးနာခြင်းအတွက် အိမ်တွင်းကုထုံးနှင့် သိမှတ်ဖွယ်ရာ ကျန်းမာရေးအဖြာဖြာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် တကယ်ကျန်းမာခြင်သူများအတွက် နည်းလမ်း(၁၂)သွယ်၊ ခါးနာခြင်းအတွက်အိမ်တွင်းကုထုံး၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများ၊ အစာအဆိပ်သင့်ခြင်းမှကင်းဝေးစေချင်၊ အစားအစာကို ဘယ်လိုအချိန်မှာ ဘယ်လိုစားသင့်သလဲ၊ မရှိမဖြစ်ဘီတာမင်၊ ကျန်းမာဖို့မတ်တတ်ရပ်ကြစို့၊ စိတ်ဖိစီးမှုလက္ခဏာ ငါးရပ်၊ သတိပြုဖွယ် ပန်ကာလေအန္တရာယ်၊ ကော်ဖီသောက်ရန် အသင့်လျော်ဆုံးအချိန်၊ သွားဝါးနေသူများအတွက် သတင်းကောင်းစသည့် ကျန်းမာရေးအတွက် လေ့လာလိုက်စားသင့်သော ဗဟုသုတမျိုးစုံကို ရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ - ထ - က(၁) ရန်ကင်းကျောင်းရှေ့ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## လွယ်ကူလေ့လာ စက္ကူအရုပ်ခေါက်နည်းများ




ကလေးသူငယ်များဘဝတွင် ပျော်ရွှင်နိုင်စေရန်နှင့် ကစားနည်းမျိုးစုံကို ကစားခြင်း၊ ဗဟုသုတနှင့် မှတ်ဉာဏ်တွေးတောကြံဆမှုများရရှိစေရန် ဦးထွန်းကျော် စီစဉ်သော လွယ်ကူလေ့လာ စက္ကူ အရုပ်ခေါက်နည်းများ စာအုပ်ထွက်ပေါ်လာသည်။

ကလေးသူငယ်များသည်မည်သည့်ကစားနည်းကိုမဆို၊ မည်သည့်လုပ်ငန်း အလုပ်ကိုမဆို ကြိုးစားမှု၊ ရိုးသားမှု၊ လေ့လာမှု၊ အာရုံစိုက်မှု၊ ရိုင်းပင်းမှု၊ တွေးခေါ်ကြံဆမှုများဖြင့် မှတ်ဉာဏ်နှင့် ဖြတ်ထိုးဉာဏ်များကောင်းမွန်စေမည်ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက်ပြီး ပျော်ရွှင်စေမည့် စက္ကူအရုပ်ခေါက်ကစားနည်းများဖြစ်သည့် ကုလားထိုင်လေး လုပ်အောင်၊ ဝက်ပါထွက်ပေါက်၊ ဒီဇိုင်းပုံစံဆက်ကစားနည်း၊ ငါးထောင့်ကြယ်လုပ်ကြရအောင်၊ ခြောက်ထောင့်ကြယ်လုပ်ကြရအောင်၊ ကိန်းဂဏန်းလေးချစ်စဖွယ်၊ BEETLES ပိုးကောင်မာလေးတစ်ကောင်၊ THIRTEEN တစ်ဆယ့်သုံးကစားနည်း၊ အပွင့်ဖျောက်ကစားနည်းများကို ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ထုတ်ဝေထားခြင်းဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## အင်္ဂလိပ်စကားပုံများကပြောသည့် ဘဝလမ်းညွှန်




ပြည်တွင်းပြည်ပ နယ်ပယ်စုံအသီးသီးမှ အကြောင်းအရာမျိုးစုံကို စာရေးဆရာ မောင်ကျေးရှူး စီစဉ်ရေးသားသော အင်္ဂလိပ်စကားပုံများက ပြောသည့် ဘဝလမ်းညွှန်စာအုပ်ထွက်ရှိလာသည်။

အလှဟူသည် လူ၏ကိုယ်ခန္ဓာအရေပြားပေါ်က အပြင်ပန်းရုပ်သွင်သာဖြစ်သောကြောင့် အပြင်ပန်းရုပ်သွင်ကိုကြည့်ပြီး ဆုံးဖြတ်ချက်မမှားအောင် သတိပြုရမည်ဖြစ်သည်။ ခန္ဓာကိုယ်ပေါ်ကအလှထက် ကိုယ်ကျင့်သီလ၊ စာရိတ္တကပို၍ အရေးကြီးပေသည်။ စိတ်ထားဖြူစင် ဖို့လိုအပ်ပေသည်။ အင်္ဂလိပ်စကားပုံများလာ ပညာရှိစကား၊ အင်္ဂလိပ်စကားပုံများလာ အမူအကျင့်၊ အင်္ဂလိပ်စကားပုံများလာ အကြံဉာဏ်၊ အင်္ဂလိပ်စကားပုံများလာ နေအိမ်မိသားစုနှင့် မိတ်ဆွေများ၊ အင်္ဂလိပ်စကားပုံများလာ ခနေဉစ္စာ၊ အင်္ဂလိပ်စကားပုံများလာ သေခြင်းတရားများ၊ အင်္ဂလိပ်စကားပုံများလာ ထွေထွေရာရာ စသည့်အကြောင်းအရာမျိုးစုံကိုရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ - ထ - က(၁) ရန်ကင်းကျောင်းရှေ့ ၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
**(ကုန်လုပ်ငန်းဌာန)**

(၁၆)ကြိမ်မြောက် ဝန်ထမ်းဟောင်းများတွေ့ဆုံဆွမ်းကပ်လှူဒါန်းပွဲကို ဗိုလ်တထောင်ဘုရားဝင်း၊ ဆိပ်ကမ်းလုပ်သားများမွေ့ရုံ၌ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်(၇း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဆောင်ဝန်ထမ်းဟောင်းများ**

ကိုယ်ပိုင်ကား ဦးစီးသော **ရွှေလမ်းညွှန်** **Jan26**
လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ရင်ဂွကျန်း၊ မှန်တံတား (၅)ရက်။ **115000**
တား၊ တည်းခိုခန်း၊ လည်ပတ်ခ၊ ဝင်ကြေး အားလုံးငြိမ်း
**09-420087371, 09-259302029**

**သုံးရာသီ (ဝမ္ပဒါန)**
အင်းတော်ကြီး-ဗလုံတောင်-ပေသမလိသုဖြစ်ဆုံ-ရွှေမဉ္ဇူဘုရား ထမင်းကျွေး-ကားခ - ၈၀၀၀ဝိ/-
ပုပ္ပါး-ပုဂံ၊ ရွှေစည်းခုံ၊ ပြည့်ငါးပြည့် ... (၁)ဦးထမင်းကျွေး-၄၀၀၀ဝိ/-
တောင်ကြီး အင်းလေး ပင်းတယ ကက္ကူ ... ကျိုက်ထီး-ထမင်းကျွေး (၆၀၀၀ဝိ/-) Jan-6,12
AirCom: Express
420144148, 421153797

**ရွှေလမ်းခရီး...မှ ကျိုက်ထီးရိုး(နေ့စဉ်)**
* အလောင်းတော်ကဿပ၊(ဗိုလ်ဝင်တောင် ရွှေဘတောင်) ဝက်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း၊ ဗေဒါ၊
* မန္တလေး၊ ပြင်ဦးလွင်၊ ဝက်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ ကျောက်စိမ်း၊ ဗေဒါ၊
* ပုဂံ (ရွှေစည်းခုံ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊
* တောင်ကြီး (မွေတော်ကက္ကူ၊ ထမ့်စမ်း၊ လိုက်ဂူ)၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်၊
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကယားပြည်နယ်-လွိုင်ကော်၊ တောင်ကွဲစေတီ၊
* ထားဝယ်(ရှင်ကိုရှင်)၊ မွှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊
* မော်လမြိုင်ဘုရားစုံ၊ (ရွှေလာဘ်တောင်၊ ကျိုက်မရော၊ ဝင်းစိန်တောရ)၊ ကျိုက္ကမီ၊ စက်စဲ၊
* အင်းတော်ကြီး-ရွှေမဉ္ဇူဘုရားပွဲ၊ မြစ်ကြီးနား-မြစ်ဆုံ၊ ပန်းမောက်-ဗလုံတောင်၊ ကျောက်မဂျှော်၊
မန်းရွှေစက်တော်ဘုရားပွဲတော်(ဖွင့်ပွဲ)နှင့် တွဲလျက်ခရီးစဉ်များ။ ကြိုတင်လက်မှတ်ရောင်းပြီ
095124678, 09401589907, 01371317

## မွေးနေ့ဆုတောင်း

၄-၁-၂၀၁၈ရက်တွင်ကျရောက်သည့် သားသား သုခပြည့်စုံ၏ (၁၀)နှစ်မြောက် မွေးနေ့ ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် နာခံခြင်း၊ လုပ်ဆောင်ခြင်း၊ ရိုသေခြင်း ရှိသော သားကောင်းရတနာတစ်ဦး ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘွားဘွား - ဒေါ်အုန်းမြင့် (ထွေ/အုပ်)ငြိမ်း၊ ကျောက်ပန်းတောင်း
ပါးပါး - ဦးချစ်ကိုကို (ဌာနမှူး)၊ အင်ဂျင်နီယာဌာန၊ ဒဂုံတက္ကသိုလ်
မိုးမိုး - ဒေါ်နော်ခင်ထွေးရီ (ခ)နော်ထွေး (သန်လျင် TU- ငြိမ်း)
နှစ်ဖက် - ဦးဦး၊ ဒေါ်ဒေါ်၊ ညီအစ်ကိုမောင်နှမများ

**ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်**
**သစဉ်ပုံမှန်ကျင်းပမြဲ(၁၂၇)ကြိမ်မြောက်(၁၀)ရက်တရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်(၉)ရပ်ကွက်၊နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ဥဝနိသသယတိုးခံယူလျက် ဆရာတော်"အရှင်ပုညာနန္ဒ"၏ဉာဏ်မီသမျှဟောကြားတော်မူခဲ့သော ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်တရားတော်များ၊အလုပ်ပေးတရားတော်များနှင့်တကွနယ်လှည့်ဓမ္မကထိကဆရာတော်များ၏ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်တရားတော်များကိုနာယူကျင့်ကြံအားထုတ်နိုင်ရန်ပုညာရာမကျောင်းတိုက်ကြီး၏ဦးစီးပဓာန နာယကဆရာတော်ခမည်းတော်ကြီးဘဒ္ဒန္တဝိစာရမှ(၁၃. ၁. ၂၀၁၈)မှ(၂၃. ၁. ၂၀၁၈)နေ့အထိကျင်းပသွားမည်ဖြစ်ရာနှစ်ဦးတရားစခန်းဝင်ရောက်ကျင့်ကြံအားထုတ်လိုသူများလိုအပ်သောအချက်အလက်စုံလင်စွာဖြင့်ကြိုတင်စာရင်းသွင်းနိုင်ကြပါသည်။ ဆက်သွယ်ရေးများမှစာရင်းပေးသွင်းခြင်းမရပါ။မေတ္တာရပ်ခံပါသည်။ ဖုန်း-၀၁-၅၅၃၃၃၀၊၀၁-၅၅၁၁၇၂၊၀၉-၅၀၁၃၂၉၇၊၀၉-၈၆၁၁၇၀၀ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်(သူတော်စင်ဦးရေကန့်သတ်ထားပါသည်)

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ
**L.HAj ဒေါ်ရီရီ (ခ) ဒေါ်ငွေငွေ**

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့တွင် မွေးဖွားခဲ့သော ချစ်မားမား၏ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက်မှသည် အသက်ရာကျော်တိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာဖြင့် ဘာသာသာသနာနှင့် လူသားမျိုးနွယ်အားလုံးကို ကူညီဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - L.HAj ဦးအောင်သန်း(ဦးစီးအရာရှိ-ငြိမ်း)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ချစ်သားကြီး - HAj Dr.စည်သူအောင်၊ B.V.Sc,M.V.Sc (Public Health), PGD in English(UFL), Ph.D(Thesis)စွမ်းအားရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ
ချစ်သမီးလတ် - HAjဒေါ်ဝင့်ဝင့်နိုင် B.Econ(Statistics),GTC(MP)
အမြွှာချစ်သမီးထွေး - L.HAjဒေါ်ပွင့်ဖြူခိုင် B.Sc(Geology)
L.HAj ဒေါ်ပွင့်ဖြူနိုင် B.Sc(Geology)

**ဒေါက်တာစည်သူအောင်ဆေးနှင့်စတိုး၊ စွမ်းအားလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၊**
**နေပြည်တော်မင်္ဂလာဈေး၊ ပျဉ်းမနားမြို့မဈေး။**

ဖိတ်ကြားခြင်း
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
သစ်အခြေခံစက်မှုလုပ်ငန်းဌာန တို့မှ

အငြိမ်းစားသက်ကြီးဆရာများ ကန်တော့ပွဲကို ၇-၁-၂၀၁၈ (တနင်္ဂနွေ)ရက်နေ့၌ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၄)ရပ်ကွက်၊ ပင်လုံလမ်းရှိ မြန်မာ့သစ်လုပ်ငန်း ခမ်းမကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပရေးကော်မတီ

**အောင်ထူးဆန်းဟောစခန်းဌာန**
**AUNG HTUSAN PREDICTION CENTER**
**အောင်စည်ပတီလင်း**
**မနောအာရုံဂမ္ဘီရဝိဇ္ဇာပညာပါရမီရှင်**
**Mind reader through Occult Science**
သာသနာပြုရေး ကျန်းမာရေး ပညာရေးနှင့်စာမေးပွဲ၊ စီးပွားရေး၊ ကုမ္ပဏီ၊ ပွဲရုံ၊ ဈေးဆိုင်၊ အိမ်၊ ခြံ၊ မြေကားနှင့် အရောင်းအဝယ်၊ အနုပညာ၊ ပြည်တွင်းပြည်ပအလုပ်အကိုင်နှင့်ရာထူး အပြောင်းအရွှေ့၊ အမှုအခင်း၊ အိမ်ထောင်ရေး အချစ်ရေးပြဿနာများနှင့် အခက်အခဲတိရစ္ဆာန်ထွေထွေတို့ကို ကျွန်ုပ်၏ လွန်စွာအစွမ်းထက်သော ဂမ္ဘီရနည်းပညာသိဒ္ဓိ အစီအမံ(Occult Treatment) ဖြင့် မှန်ကန်ထိရောက်စွာ ဆရာကိုယ်တိုင်အာမခံ၍ ကူညီမည်၊
**ညီသူဆိုက်ကြမ္မာဟောပြောခ-မေတ္တာကြေး ( ယကြောကြေးရှိပါ။ )**
အမှတ်(၃၈)၊(၆)လွှာ(ယာ)၊၅၂-လမ်း(အောက်)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်။
နေ့စဉ်-နံနက်(၁၀း၀၀)နာရီ မှ ညနေ(၆း၀၀)နာရီအတွင်းဖွင့်သည်၊ဖုန်း - ၀၉၅၀၃၁၂၂၆
ကြိုတင်၍စာရင်းပေးပါ။ (To make reservation well in advance)
GOOD INTENTION WILL BRING YOUR GOOD LUCK

## စိန်ဂျွန်းကျောင်းသားဟောင်းများ၏မိတ်ဆုံစားပွဲ
### ဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိန်ဂျွန်းကျောင်းသားဟောင်းများ မိသားစုယခု အထက-၁ လမ်းမတော်၏ (၁၂၀)ကြိမ်မြောက် မိတ်ဆုံစားပွဲကို ပျော်ရွှင်စွာကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသားဟောင်းများ စုံညီစွာတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက်။ | ။ ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) |
| အချိန်။ | ။ ညနေ (၅ နာရီ မှ ၉ နာရီ) |
| နေရာ။ | ။ နန်းသီတာ၊ ဘဲလေးစားတော်ဆက် (ပန်းဆိုးတန်းဆိပ်ကမ်း) |

လက်မှတ်များကို ဦးသိန်းဦး ၀၉- ၅၂၀၃၀၄၄ နှင့် ဦးဝင်းမြင့် ၀၉- ၄၅၂၀၂၄၀၄၀ တို့ထံ ဆက်သွယ်၍ ၎င်းကျင်းပမည့်နေရာ နန်းသီတာဘဲလေးစားတော်ဆက်တွင် ညနေ ၄ နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။



# ဦးအောင်အောင်

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

LCCI International Qualifications

Approved Centre

Level - I + II, III

Sunday Only Class

ဇန်နဝါရီတန်းခွဲသစ်များ

Level - I+II

| | | | |
|---|---|---|---|
| ဦး (A) | SUN 08:00 - 12:00 am 14.1.2018 Start | ဦး (D) | SUN 09:00 - 12:00 am 18.2.2018 Start |
| ဦး (B) | THU FRI 09:30 - 11:30 am 25.1.2018 Start | ဦး (E) | MON TUE,WED 06:00 - 08:00 am 18.2.2018 Start |
| ဦး (C) | SUN 01:00 - 04:00 pm 4.2.2018 Start | ဦး (F) | WED THU,FRI 07:00 - 08:30 am 28.2.2018 Start |
| | | ဦး (G) | SUN 12:30 - 04:00 pm 3.3.2018 Start |

Level- III (A)(21.1. 2018)
A/C IAS (SUN 9:00 - 12:00)
CMA (SUN 12:30 - 3:30)
ABC (SUN 3:45 - 5:15)

Level- III (B) (23.1. 2018)
A/C IAS (TUE, WED 9:30-11:30)
CMA (MON,TUE,WED 12 - 2:00)
ABC (MON 9:30 -11:30)

Level- III (C) (23.1. 2018)
A/C IAS (TUE, WED 6:00-8:00 pm)
CMA (THU, FRI, SAT 6:00-8:00pm)
ABC (MON 6:00 -8:00 pm)

၂၇၉၊ (တ)ထပ်၊ဘားလမ်း ကျောက်တံတား၊ရန်ကုန်။
095103002, 0978 5103002

# လှိုင်မင်းလတ်

စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်။

# LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 23.Dec |
| Sec(C) | Sat | 11-3 (pm) | 30.Dec |
| Sec(D) | Sun | 11-3 (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 (pm) | 1. Jan |
| Sec(F) | Fri | 12-4 (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 (pm) | 8. Jan |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 16.Dec |
| Sec(B) | Wed to Sun | 6- 8 (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 (am) | 1.Jan |

တန်းခွဲသစ်စမည်

နံနံပါတ်သူ ကျောင်းအပ်နိုင်ပြီ။

Ph: 09 510 9922

အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ရန်ကုန်

ရွှေဘုန်း

အထူးကုဆေးခန်း ၊ အဆင့်မြင့်ရောဂါရှာဖွေရေးစင်တာ
အကြောအဆစ် နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး စင်တာ

Follow Us
Swe Bhone Specialist Clinic & Diagnostic Excellence Center

နှစ်သစ်မှာ ကျန်းမာချမ်းသာပြီး
မင်္ဂလာအပေါင်းနှင့်
ပြည့်စုံကြပါစေ။

အထူးကုဆေးခန်း

အဆင့်မြင့်ရောဂါရှာဖွေရေး စင်တာ

အကြောအဆစ် နှင့် ကိုယ်အင်္ဂါ ပြန်လည် သန်စွမ်းရေး စင်တာ




# 2018 HAPPY NEW YEAR

မင်္ဂလာနှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ

MCC Institute တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော
အောက်ပါသင်တန်းများကို တက်ရောက်နိုင်ပါပြီ

B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့)
University of Greenwich, UK

BBA (Bachelor of Business Administration)
(စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့), SIAM University, Thailand

Yangon Campus : 01-395 512 , 01-245 762
Mandalay Campus : 09-402671562, 09-441034062
Naypyitaw Campus : 09-31354842, 09-254148940

# Panasonic

Home Elevator And Building Products

Showroom GRAND OPENING
အထူးလျှော့ဈေး




MADE IN JAPAN







Showroom

Authorized Distributor: **THAZIN OO Co., Ltd.**
No. 31, Shan Yeiktha Road, Sanchaung Township, Yangon.
Tel: 01 538805, 01 510228, 09 420255228, 09 420255229
Email: tzo.homeelevator@gmail.com Web: www.thazinoo.com

PUN HLAING + SILOAM HOSPITALS




60,000Ks Basic Cardiac Package

110,000Ks Executive Cardiac Package

နှလုံးသွေးကြောကျဉ်း ရောဂါ ရှိမရှိ စစ်ဆေးသင့်သူများ

- နှလုံးရောဂါမျိုးရိုးရှိသူများ နှင့် အသက် (၄၀)နှစ် နှင့် အထက်ရှိသူများ
- ဆီးချို သွေးချို ရောဂါရှိသူများ
- အဝလွန် နေသောသူများ
- ကိုယ်လက်လှုပ်ရှားမှုအား ပုံမှန်မလုပ်ဖြစ်နေသူများ
- ဆေးလိပ်သောက်သုံးနေသူများ
- စိတ်ဖိစီးမှုများသူများ
- ကိုယ်လက်စရောပမာဏ မြင့်တက်နေသောသူများ
- နှလုံး၊ သွေးတိုးရောဂါခံစားနေရသူများ

ပန်းလှိုင်စီလုံဆေးရုံ
01-368 44 33

ပန်းလှိုင်ဆေးခန်း
09-5137812

Pun Hlaing Siloam Hospital (Yangon)
Pun Hlaing Estate Avenue,
Hlaing Tharyar Tsp, Yangon, Myanmar.

Pun Hlaing Clinic (Downtown Yangon)
No.238/240, Bogyoke Aung San Road,
Botahtaung Tsp, Yangon, Myanmar.


မူးယစ်ဆိုက ဆန့်ကျင်ကြ

## ကျေးဇူးတင်ရှိကြောင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အမာရီ(ရန်ကင်း)**

**t o u f(93)E **

ရန်ကုန်မြို့နေ (ဇရာဝတီမင်းကြီး ဦးဘဘွား-ဒေါ်မမကြီး)တို့၏ သမီးကြီး၊ မုံရွာမြို့နေ (ဦးဘသန်း-ဒေါ်ရှိန်)တို့၏ သမီးချွေးမ၊ တိုက်အမှတ်-၁၁၄/အခန်း-၅၊ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်ကြည်-အထွေထွေမန်နေဂျာ၊ လူမှုဖူလုံရေးဌာန)၏ ချစ်လှစွာသော ဇနီး၊ (ဦးနေဦး)၊ ဦးသူရ(ပြည်တွင်းရေကြောင်းမြစ်ဝ-ငြိမ်း)၊ ဒေါ်နှင်းမာ(ဒု-ညွှန်မှူး၊ နေပြည်တော်စည်ပင်)၊ (ဦးမင်းသန်း)၊ (ဦးထူးတင်)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ (ဦးစိုးမြင့်-ပြင်သစ်လေကြောင်း-ဒေါ်ရီရီ)တို့၏ ညီမ၊ (ဦးဘဘိုး-ကုန်သွယ်ရေး)-ဒေါ်သန်းသန်း၊ (ဦးဝင်းမောင်-ပြည်တွင်းရေကြောင်း)၊ (ဦးဝင်းဖေ-ပြည်တွင်းရေကြောင်း)-ဒေါ်မမလေး၊ (ဗိုလ်မှူးခိုင်ထွန်း)-ဒေါ်မြင့်မြင့်၊ ဦးနိုင်ဘွား [ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဟိုတယ်ခရီး]-ဒေါ်တင်တင်သော်၊ ဦးအောင်ဘွား[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန]-ဒေါ်ခင်နှင်းညွန့်၊ မုံရွာမြို့နေ (ဒေါ်ခင်ရီ)၊ (ဒေါ်ခင်မြင့်)တို့၏ အစ်မကြီး၊ တူ/တူမ (၁၅)ယောက်တို့၏ အဒေါ်၊ ဒေါ်အမာရီ၏ နာရေးကိစ္စအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၅-၁-၂၀၁၈ ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သူအားရည်စူး၍ ဆွမ်းကျွေးတရားနာသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကြင်စိန် (၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အဒလောက်ကျေးရွာနေ [ဦးညွန့်တင်(ခ)ဦးအစ်ပါ-ဒေါ်ညီပု]တို့၏ တတိယသား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၄)နယ်မြေ၊ ရွှေစေတီလမ်း၊ အမှတ်(၄၅)နေ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်ခင်မာမာ(မြန်မာ့ကိုးနှင့်ရွှေစွန်)ဖိနပ်ရောင်းဝယ်ရေး(ရန်ကုန်)၊ ဦးမောင်မောင်-ဒေါ်မေခင်စိုး (မေရတနာရွှေဆိုင်)၊ ဦးကိုကိုနိုင်-ဒေါ်ရီရီသန်း (မြန်မာ့ကိုးဖိနပ်လုပ်ငန်း)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးကြင်စိန်သည် ၁-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**
**သင်္ချာကျောင်းသား/သူဟောင်းများ**
**ပုသိမ်တက္ကသိုလ်**

## ဦးစိန်ဟုတ်(ကျိုက်ထိုမြို့)

**အသက်(၉၃)နှစ်**

ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်နေ (ဦးယုလှိုင်-ဒေါ်အမာ)တို့၏ သား၊ [ဒေါ်ကျင်တီ(ခ)ဒေါ်ကလယ်]၏ခင်ပွန်း၊ ဦးကြည်လွင်-(ဒေါ်မြင့်မြင့်စိုး)၊ ဦးမျိုးခိုင်-ဒေါ်ခင်အေးလွင်၊ ဦးသက်ဦးရှိန်-ဒေါ်မာမာလွင်၊ ဒေါ်ငွေငွေလွင်၊ ဦးအောင်ခိုင်-ဒေါ်ပိုပိုလွင်တို့၏ ဖခင်၊ နွေးနွေးခိုင်၊ ဝင်းသန့်ခိုင်တို့၏ အဘိုးသည် ၂-၁-၂၀၁၈(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုက်ထိုမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင်သိန်း (အငြိမ်းစားပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ အသက် (၇၆)နှစ်သည် ၂၉-၁၂-၂၀၁၇ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်**
**ဘူမိဗေဒဌာန၊ မုံရွာတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနတွင် အချိန်ပိုင်း ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သော ဆရာကြီး ဒေါက်တာတင်သိန်း (၇၆)နှစ်သည် ၂၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ဒေါက်တာတင်သိန်း ကောင်းရာသုဂတိသို့ လားပါစေ။

**ရှေးဟောင်းသုတေသနပညာဌာန မိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးစိုးညွန့် (ငြိမ်း)**

**အသက်(၆၇)နှစ်**

ဒေါ်မြမြအေး (အေးလေး)၏ခင်ပွန်းသည် ၂၄-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနွယ်အေးနှင့် အစ်မ ဒေါ်မြင့်မြင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်းမြင့် B.E (Electrical)**

**အသက် (၅၅) နှစ်**

ထိုင်ဝမ်မြို့နေ ဒေါ်လှလှသန်း (ခ) အပို့ B.Com (ဒေသ ၃) ၏ ခင်ပွန်း (၃၀. ၁၂. ၂၀၁၇) တွင် ကွယ်လွန်သွားသော ဦးဝင်းမြင့် အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲပါသည်။

ဒေသ ၃ နှင့် ဒေသ ၂ မှ သူငယ်ချင်းများ
စန်းစန်းမြင့် (မြစ်ကြီးနား)၊ စိန်ဦး (မြစ်ကြီးနား)
နှင်းနှင်းဦး (ငမိး)၊ လေသင်း၊ ခင်လေး၊ သီတာ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ်(၈၇/က)ပေါ်တွင်တည်ဆောက်ထားသော (18'× 60')ပေ အကျယ်အဝန်းရှိ (၆)ထပ်ကန်ထရိုက်တိုက်အဆောက်အအုံ၏ တတိယထပ် (၄)လွှာတိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းအတွက် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာဆိုသူဦးအေးမောင်(TGKN-054909) (AKT Group ဆောက်လုပ်ရေး) ထံမှ အပိုင်ဝယ်ယူခဲ့ပြီး လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးညီညီထွန်း [၁၄/ဝခမ(နိုင်) ဝ၁၂၄၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင်သန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၁၈)**
**LL.B, D.B.L, D.M.L**
**အခန်း(၂၀၁)၊ တိုက်(၈၈)၊ ရတနာပုံ(၁)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-ဝ၉-၄၄၈ဝဝ၇၇၃၇၊ ဝ၉-၇၉၅၃၅၃၄၇၅**

**မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာသံရုံး၊ လန်ဒန်မြို့မှ ဒုတိယအတွင်းဝန် ဦးသန်းထွန်းအောင်၏ဖခင်ဖြစ်သူ ဦးသန်းမြင့် အသက်(၈၃)နှစ်သည် ၁-၁-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ လန်ဒန်မြို့**

## အထူးကျေးဇူးတင်လွှာ

**ဦးရှောင်လင်း(ခ)ဦးဝေလင်း(ကျုံပျော်မြို့)**

**အသက် (၉၃) နှစ်**

၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး နေထိုင်မကောင်းစဉ် အထူးကြပ်မတ်ကုသပေးသော အရိုးအကြော အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်ဝေစိုး၊ နှလုံးအထူးကုဆရာဝန်ကြီး ဦးမြင့်စိုးဝင်း၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဦးခင်မောင်ဌေး၊ အဆုတ်နှင့် ရင်ခေါင်း ဆရာဝန်ကြီး ဦးဝင်းနိုင်၊ အာရှတော်ဝင်ဆေးရုံမှ တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများအားလုံး၊ လိုအပ်သော သွေးများကို လှူဒါန်းပေးပါသော ရန်ကုန်မြို့ ရတနာ့ဗိမာန်စာသင်တိုက်မှ ဦးပဥ္စင်းများအားလည်းကောင်း၊ ကျုံပျော်မြို့နေအိမ်သို့ ကြွရောက်အားပေးပါသော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီအားလည်းကောင်း၊ ကျုံပျော်မြို့နယ် ဆရာဝန်ကြီး ဦးတင်ဇော်ဝင်းနှင့် ဇနီးတို့အားလည်းကောင်း၊ ကျုံပျော်မြို့ ဖုလင်ကုန်းတရုတ်ဘုံကျောင်းမှ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ မြတ်ချမ်းသာဘုရားမှ ဂေါပကလူကြီးများ၊ ကျုံပျော်မီးလင်းရေးလူငယ်လူမှုကူညီရေးအဖွဲ့အားလည်းကောင်း၊ နာရေးကိုလိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ တယ်လီဖုန်း၊ ဖေ့ဘွတ်တို့မှ သတင်းမေးအားပေးကြသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပြီး ဝိုင်းဝန်းကူညီကြ သူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူသား၊ သမီး၊ မြေး၊ မြစ်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မစိန်လှ**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ သူငယ်ချင်း ဒေါက်တာထွေးထွေးတင် (ဓာတ်မှန်အထူးကုဆရာဝန်ကြီး)၏ချစ်လှစွာသောမိခင်ကြီးသည် ၃၀-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ် (၂)**
**၁၉၈၂ (နိုဝင်ဘာ)ပထမနှစ် M.B., B.S**
**သူငယ်ချင်းဆရာဝန်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာတင်သိန်း (၇၆)နှစ်**

**ပါမောက္ခ(ငြိမ်း)၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၊ အငြိမ်းစားပါမောက္ခ ဆရာဒေါက်တာတင်သိန်းသည် ၂၉-၁၂-၂၀၁၇ရက်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်**
**၁၉၆၈-၆၉-၇၀ ခုနှစ်**
**ဘူမိဗေဒဌာနဘွဲ့ရကျောင်းသား/သူဟောင်းများ**

## ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

**ဘဒ္ဒန္တသံဝရဗောဓိ(ပွင့်ဖြူမြို့နယ် - သဖန်းတန်းရွာ)**

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

**ရွှေလှိုင်၊ ပရိယတ္တိစာသင်တိုက်၊ ဗားကရာကျောင်းတိုက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာကျောင်းတိုက်၊ ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ဗားကရာတိုက် အုပ်ချုပ်ရေးမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ (ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပဒင်းတန်းအရဏ်တော်ဝတ်အသင်း (ကြည့်မြင်တိုင်)၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မြသိန်းတန်ဓမ္မာရုံ (စမ်းချောင်း) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်ပရိယတ္တိ သာသနာနုဂ္ဂဟဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသော ဘဒ္ဒန္တသံဝရဗောဓိသည် (၁၃၇၉-ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်) ၃၀-၁၂-၂၀၁၇ရက်(စနေနေ့)၊ နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ရက်) ၅-၁-၂၀၁၈ရက်(သောကြာနေ့)၊ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့် သံဃာ၊ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျောင်းတိုက်မှ မော်တော်ယာဉ်များ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။

**ဈာပနကျင်းပရေးကော်မတီ**
**ဗားကရာကျောင်းတိုက်၊ စမ်းချောင်း။**

**ရန်ကုန်၊ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်၊ ပုသိမ်မြို့တို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၏ ဦးစီးပဓာန နာယကဆရာတော်ကြီး**

## ဘဒ္ဒန္တ ဣန္ဒိဉာဏာဘိဝံသ

**(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အားအထူးကျေးဇူးတင်လွှာ**

**ဦးရှောင်လင်း(ခ)ဦးဝေလင်း(ကျုံပျော်မြို့)**

**အသက် (၉၃) နှစ်**

၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး နေထိုင်မကောင်းဖြစ်စဉ် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် နေအိမ်သို့လည်းကောင်း၊ အာရှတော်ဝင်ဆေးရုံ၌ တက်ရောက်ကုသနေစဉ်တွင်လည်းကောင်း၊ ဆရာတော်ကြီးကိုယ်တိုင်ကြွရောက်၍ ပရိတ်တရားတော်များရွတ်ဖတ်ပေးခြင်း၊ အားပေးကူညီစောင့်ရှောက်ခြင်း၊ ကွယ်လွန်သည့်နေ့မှစ၍ ကျုံပျော်မြို့နေအိမ်သို့ နေ့စဉ်ကြွရောက်ပြီး တရားဒေသနာတော်များချီးမြှင့်၍ ဖခင်ကြီးအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေခြင်း၊ ဈာပနအခမ်းအနားတွင် ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်များအားလုံးကို ဆုံးမဩဝါဒစကားများ ပြောကြားပေးခြင်း၊ ဆရာတော်ကြီးကိုယ်တိုင်နှင့် ဝေဠုဝန်ကျောင်းတိုက်နှင့် ဖန်ခါးကုန်း ကျောင်းတိုက်မှ သံဃာတော်များအားလုံးလိုက်ပါပို့ဆောင်ပေးခြင်း၊ နာရေးကိစ္စအဝဝကို အဆင်ပြေအောင်ကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆရာတော်ကြီးအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးမင်းထက်(ငြိမ်း)**

**ရေ-၃၇၅၁၊ DSA-36**

**ဦးစီးအရာရှိ (ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**အသက် (၄၅) နှစ်**

New Year နဲ့အတူ ငါတို့အားလုံးကို နှုတ်ဆက်ခဲ့တဲ့သူငယ်ချင်း ကောင်းသောဘုံဘဝမှာ အေးချမ်းပါစေ။ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဆွေမျိုး၊ မိတ်ဆွေတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ ရှင်သာမဏေ၊ သိမ်၊ သီလရှင်၊ ကျောင်း၊ ဇရပ်တို့၏ သာသနာ့ဒါယိကာမကြီး**

**လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ စာသင်ကျောင်းနှင့် ပရိဘောဂများ**

**ဆေးနှင့် ဆေးပစ္စည်းများ ဒါနရှင်ကြီး**

## ဒေါ်နန်းတီး(မြရတနာရွှေဆိုင်)

## အသက်(၆၄)နှစ်

၂၃-၁၂-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော သာသနာ့ဒါယိကာမကြီးနှင့် လူမှုရေးဒါနရှင် ဒေါ်နန်းတီး(မြရတနာရွှေဆိုင်) နာမကျန်းစဉ် ကူညီစောင့်ရှောက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ ၂၈-၁၂-၂၀၁၇ရက် ဈာပနအခမ်းအနားနေ့တိုင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်ပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှ သတင်းမေးအားပေးကြသော ပုဂ္ဂိုလ်များ၊ သွေးသောက်အလှူငွေများ လှူဒါန်းပေးကြသော ပုဂ္ဂိုလ်များအားလုံး၏ မေတ္တာစေတနာကရုဏာများကို ခံယူရ၍ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဒေါ်နန်းတီးဆန္ဒအတိုင်း သွေးသောက်အလှူငွေများကို “ဓမ္မရက္ခိတ” သီလရှင်စာသင်တိုက်သို့ ဆေးပဒေသာစိုက်ထူလှူဒါန်းပေးပါကြောင်း ကုသိုလ်သာဓုခေါ်ယူနိုင်ကြပါရန် အမျှကုသိုလ် ပေးဝေအပ်ပါသည်။

**အားလုံးကုသိုလ် အမျှ---အမျှ---အမျှ**

**ကျန်ရစ်သူ မြတနာမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မမ

### အသက် (၉၈) နှစ်

၂-၁-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်မမ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြပါသော ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တပ်မှူးနှင့်တကွ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့လှူဒါန်းကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝမ်းနည်းဆုတောင်းစကားပြောကြားသူများအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မမ (၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ ချစ်လှစွာသော ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ**
**အမြဲတမ်းအတွင်းဝန်**
**ပြည်ထဲရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မမ

### အသက် (၉၈) နှစ်

ဗိုလ်မှူးချုပ်တင်မောင်အုန်း(ငြိမ်း)-ဒေါ်အေးအေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မမ အသက် (၉၈)နှစ်သည် ၂-၁-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**
**သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မမ

### အသက် (၉၈) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ချောယဉ်**

**အသက်(၈၄)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးရွှေလဲ(ငြိမ်း)နှင့် ဇနီး ဒေါ်လဲ့လဲ့ခိုင်တို့၏မိခင် ဒေါ်ချောယဉ် အသက်(၈၄)နှစ်သည် ၁-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၉၈)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကြည်သာအောင်

**မြို့နယ်တရားသူကြီး၊ လှိုင်မြို့နယ်တရားရုံး**

### အသက် (၄၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးကြည်သာအောင်သည် ၂-၁-၂၀၁၈ ရက် ည ၈း၂၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ပလောင်ကျေးရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးမိသားစု**

## အနိစ္စ

### ဦးစိုးဝင်း

**မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ငြိမ်း)၊ ထားဝယ်မြို့**

### အသက် (၆၇)နှစ်

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ မြို့တွင်းလမ်း၊ အမှတ် (၄၅)နေ (ဦးမောင်မောင်ကြီး-ဒေါ်သန်းပို)တို့၏ သား၊ ဒေါ်သန်းမြ၏မောင်၊ ဦးထူးရွှေ(ထားဝယ်ပညာရေးကောလိပ်)၊ ဒေါ်စိန်အေးတို့၏ အစ်ကိုကြီးသည် ၁-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်စန်းစန်းအေး(ခ)မဖုန်းမို

### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ်(၂၂၄)နေ ဦးချမ်းမြ-ဒေါ်လှကြည်တို့၏သမီး၊ ဦးမြင့်အောင်-ဒေါ်သန်းကြည်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၅၁)နေ ဦးအောင်ချိုဦး(ခ)ကိုဖိုးချို၏ဇနီး၊ မသန်းသန်းထက်အောင်(ခ)မသြဘာညံ၊ မမြတ်သီဂီခိုင်(ခ)ဒီဒီးတို့၏ချစ်လှစွာသောမွေးသမိခင်၊ ဒေါ်ညိုညို၏ညီမ၊ ဦးအောင်နိုင်၊ ဒေါ်မာတူး၊ ဒေါ်မာရွှေတင့်တို့၏အစ်မသည် ၁-၁-၂၀၁၈ ရက် ည ၉နာရီတွင် သန်လျင်သဘာဝတရားရိပ်သာကွန်းခိုရာ တရားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ ရက်တွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅ နာရီမှ ၁၀ နာရီအထိ သန်လျင်သဘာဝတရားရိပ်သာ သတိပဋ္ဌာန်ဓမ္မာရုံ၌ လည်းကောင်း၊ ၈-၁-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဗိုလ်တထောင်ဘုရားလမ်းနေအိမ်၌ လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးကျော်ဇောဝင်း(ပုသိမ်)

**လ/ထ အခွန်ဦးစီးမှူး(ငြိမ်း)**

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် (၂၀၅/၁)၊ ချယ်ရီလမ်း၊ သုဝဏ္ဏနေ (ဦးတင်ရှိန်-ဒေါ်ညွန့်ရီ)တို့၏သားလတ်၊ [ကိုအောင်မြတ်(ခ)ကိုထွန်းအောင်ကျော်]၏ ညီ၊ (ကိုမြင့်ဆွေ)၏ အစ်ကို၊ ဒေါ်မြင့်မြင့်ဦး (ဦးစီးအရာရှိ၊ မအူပင်မြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုကျော့ဇော(Weather news Inc)၏ ချစ်လှစွာသောဖခင်သည် ၂-၁-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယကာကြီး

### ဦးညွန့်ရွှေ(ငါးသိုင်းချောင်း) (၈၇)နှစ်

**အထပြ (ငြိမ်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဧရာဝတီလမ်း၊ အမှတ် (၇၄)၊ လေးလွှာနေ (ဦးဖိုးမှန်း-ဒေါ်ရွှေကြုတ်)တို့၏သား၊ (ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ ဦးမြင့်သိန်းထွန်း-ဒေါ်ခင်မေညွန့် (အထပြ-ငြိမ်း)၊ ဦးဉာဏ်လင်း-ဒေါ်စမ်းစမ်းအေး (မြန်မာ့ကြယ်စင်လင်းပုံနှိပ်တိုက်)၊ ဦးစိုးမြတ်မင်း (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)-ဒေါ်စိုးစိုးမြင့်၊ ဦးစိုးနိုင်ဝင်း(အင်ဂျင်နီယာမှူး-ငြိမ်း)-ဒေါ်မူမူဝင်း၊ ဦးသစ်လွင်အုံး-ဒေါ်ရွှေစင်ညွန့်(ဆိပ်ကမ်းအာဏာပိုင်)၊ ဦးစိုးသန်းဦး(သစ်တောဦးစီးဌာန)-ဒေါ်သန္တာညွန့်(သစ်တောရုံးချုပ်)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးအောင်ခင်(ဗန်းမော်) (၈၆)နှစ်

**X-Ray Technician (ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၅၆)၊ အခန်း(၀၀၂)နေ (ဦးအံ့-ဒေါ်ရင်)တို့၏သား၊ (ဦးစိုးခိုင်-ဒေါ်အေးကျင်)တို့၏သားသမက်၊ ဒေါ်ခင်ဌေးဦး၏ ချစ်လှစွာသောခင်ပွန်း၊ မဆွေဆွေမော် (City Mart Holding Co., Ltd)၊ ကိုစည်သူဝင်း-မဦးဦးခင်(City Mart Holding Co., Ltd)၊ ကိုခင်မောင်ထွေး(အကောက်ခွန်ဦးစီးဌာန)-မထူးထူးခင်၊ ကိုအောင်ကျော်သူ(Rinnai)-မရွှေဇင်အောင်တို့၏ဖခင်၊ မောင်ရဲလွင်ဖြိုး၊ မရွှန်းလဲ့ဦး၊ မောင်ဝင့်ထည်၊ မအိမြတ်မိုး၊ မသစ်သစ်ဦး၊ မမိုးသုသုစံတို့၏အဘိုး ဦးအောင်ခင်သည် ၃-၁-၂၀၁၈ ရက် နံနက် ၇း၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

### ဒေါ်ခင်ပြုံး (၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်း(တောင်)၊ မင်းလမ်းနေ (ဦးချစ်မြိုင်-ဒေါ်မြသွင်)တို့၏သမီးကြီး၊ (ဦးမောင်မောင်ကြီး)၊ ဒေါ်ရီရီခိုင်၊ ဦးဉာဏ်ဝင်း-ဒေါ်ဝင်းဝင်းမြင့်၊ ဦးအောင်ကိုလတ်၊ (ဦးဖေချစ်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် (၆၁၀)နေ ဦးဇော်ဝင်း၏ဇနီး၊ ဦးခင်ဇော်-ဒေါ်နီလာဇော်၊ (ဦးငွေထွန်း)-ဒေါ်စန္ဒာဇော်၊ ဒေါ်သီတာဇော်၊ ဦးအောင်နိုင်-ဒေါ်မိုးသူဇာဇော်၊ ဦးဇော်ဟိန်းမော်၊ ဦးမင်းမြတ်ဇင်-ဒေါ်ချောစုဇော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကိုကိုဇော်၊ (မမိုးပွင့်ပွင့်သူ)၊ မောင်ဇာနည်ဇော်ဝင်း၊ မောင်မင်းခန့်ဇော်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂-၁-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူများရည်စူး၍ ၈-၁-၂၀၁၈(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အမှတ်(၆၁၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

---

### ဦးညွန့်သောင်(ဗိုလ်ကြီး-ငြိမ်း) (၆၅)နှစ်

**က. ပ. စ (၁၆)**

ပျဉ်းမနားမြို့နေ (ဦးကွယ်-ဒေါ်အေးကြည်)တို့၏သား၊ တောင်ကြီးမြို့နေ [ဦးမောင်ထူး(ထောင်မှူး-ငြိမ်း)-ဒေါ်သန်းကြည်]တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ်(၁၀၃)နေ ဒေါ်သန်းထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဇေယျာဦး-မစန္ဒာဝင်း၊ မအေးသီတာတို့၏ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်သံစဉ်ပိုင်၏ ချစ်လှစွာသောအဘိုး ဦးညွန့်သောင်သည် ၃-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးကြည်သန်း (၅၈)နှစ်

**လက်ထောက်ညွှန်မှူး(ငြိမ်း၊ စက်မှုလယ်ယာ)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၂၄)နေ (ဦးညွန့်သောင်-ဒေါ်မြစိန်)တို့၏သား၊ ဦးစိန်မောင်-(ဒေါ်လှ)တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်း၊ ဦးအောင်ချို-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအေးထွန်း-ဒေါ်သီတာဦး၊ ဦးတင်ထွန်း-ဒေါ်ခင်ဝင်းတို့၏ ညီ/မောင်၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းမော်တို့၏အစ်ကို၊ ဦးဇေယျာမင်း-ဒေါ်သဥ္ဇာယမင်းဇော်၊ ဦးဝဏ္ဏမိုး-ဒေါ်ခင်စန္ဒာအောင်တို့၏ဖခင်၊ မောင်ကောင်းဝေမင်း၏အဘိုးသည် ၁-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည် စူး၍ ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်သန်းသန်း(ဘိုကလေး) (၉၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအေးမြင့်မောင်-ဒေါ်မေသက်သက်ထွန်းတို့၏မိခင်ဖြစ်သူ ဒေါ်သန်းသန်းသည် ၃၀-၁၂-၂၀၁၇ ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်ထွဋ်-ဒေါက်တာသက်သက်ဇင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးသက်ထွန်းအောင် (၃၁)နှစ်

**ကြည်း- ၄၇၄၀၅၊ (လကတ-၂၀၂၉)၊ DSA-(49)**

၁-၁-၂၀၁၈ ရက်နေ့မှာ ရုတ်တရက် မင်းငါတို့ကိုခွဲခွာသွားတာ အရမ်းစောလွန်းတယ် သူငယ်ချင်း။ ငါတို့ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်းဗိုလ်ကြီးသက်ထွန်းအောင် ကောင်းရာသုဂတိလားပါစေကွာ။

**စစ်တက္ကသိုလ်၊ အမှတ်စဉ်(၄၉) ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တ မာဃဝ

**(ကော့ကရိတ်မြို့ ရွှေကြက်မင်းကျောင်း)**
**(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်)၊ သာသနာ့ဇောတိကဓဇ၊ ဝိနယပါရဂူ**

### သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ရွှေကြက်မင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တမာဃဝသည် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်)၊ ၅-၁၂-၂၀၁၇ (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)၊ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ
စျာပနကျင်းပရေးအဖွဲ့
ရွှေကြက်မင်းကျောင်း၊ ကော့ကရိတ်မြို့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မယ်တော်ကြီး

### ဒေါ်နှင်းကြည်(ပြည်မြို့) (၈၈)နှစ်

ပြည်မြို့၊ ရွှေတံခါးလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ၊ အထက(၅)ရှေ့နှင်းဝေဝေစားသောက်ဆိုင်နေ ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ ဦးမောင်လွင်၏ဇနီး၊ ဦးကျော်မင်း-ဒေါ်ခင်စန်းဦး၊ ဦးစောထွန်း-ဒေါ်ရင်ရင်ကြည်၊ ဦးမောင်မောင်တာ-ဒေါ်မျိုးမျိုး၊ ဒေါ်ခင်မာချို၊ ဒေါ်ကြည်ကြည်ဝေတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်နှင်းကြည်သည် ၃-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၅)ရပ်ကွက်၊ (၁)လမ်းအထက်ပိုင်း၊ အမှတ်(၂၃/က)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်သန်း(ခ)ဒေါ်ခင်လတ် (၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်လှတင်)တို့၏သမီး၊ [ဗိုလ်မှူးဘတင့်(လေ)]၏ဇနီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀)၊ (သ/၂)နေ ဦးဘသန်းချစ်-ဒေါ်ခင်မူမူကျော်၊ ဦးကျော်ဇင်-ဒေါ်ခင်စန္ဒာတင့်တို့၏မိခင်၊ မောင်သော်ထင်ဘသန်းချစ်၊ မောင်အောင်ကျော်ဇင်တို့၏ အဘွား ဒေါ်ခင်သန်း(ခ)ဒေါ်ခင်လတ် သည် ၁-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၀၀း၀၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ် Dolly စိန်လှိုင်

### အသက် (၈၃)နှစ်

London မြို့၊ အမှတ် (၁၀၆)၊ CHINNOR CRESCENT GREENFORD နေ (ဦးစိန်လှိုင်)၏ ချစ်လှစွာသောဇနီး၊ [ဦးအောင်ကျော်လှိုင်(George)]၊ ဦးညီညီလှိုင်(ရာတန်)တို့၏ ချစ်လှစွာသောမိခင်သည် ၂၈-၁၂-၂၀၁၇ ရက် နံနက် ၆း၁၅ နာရီတွင် LONDON မြို့၊ HAMMERSMIT HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် MORTLAKE CREMATORIUM ၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်လှမြင့် (မြဝတီပုံနှိပ်တိုက်) (၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ-ဒေါ်ဝင်းမြ)တို့၏သမီး၊ (ဦးသာဝ-ဒေါ်မင်းဇံ)တို့၏သမီးချွေးမ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (C)(၁၄)လမ်း၊ တိုက်(၃၇)၊ အခန်း(၀၀၄)နေ ဦးမောင်ငွေ၏ဇနီး၊ (ဦးထိန်ဝင်း)-ဒေါ်လှမြင့်၊ Rev. ဦးအောင်မင်း (သင်းအုပ် မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်)-ဒေါ်စီစီဦး၊ ဦးကျင်ထွဋ်-ဒေါ်သန်းသန်း၊ (ဦးခင်မောင်အေး)-ဒေါ်မြင့်မြင့်ဦး၊ ဦးစောစေးလယ်-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ (ဦးကျင်သိန်း-ဒေါ်သန်းသန်းဦး)၊ ဦးထိန်လင်း(သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်)-ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ (ဦးဇာနည်ဝင်း)-ဒေါ်ယဉ်ယဉ်ဌေး (သတင်းနှင့်စာနယ်ဇင်း)၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်-ဒေါ်ဝါဝါခိုင်၊ ဦးထွန်းသော်တာ(လင်းထိန်စာပေ)-ဒေါ်မိုးမိုးခိုင်(ကြေးမုံ-ကြော်ငြာ)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျည်စုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဝင်းသိန်း (၆၉)နှစ်

**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ စက်မှု(၂)၊ (၁၂)ရပ်ကွက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူး**

(ဦးမောင်ရစ်-ဒေါ်စောမြ)တို့၏ သား၊ (ဦးစိန်တင်)-ဒေါ်သိန်းနုတို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၂)လမ်း၊ အမှတ် (၉၀၂/ခ)နေ ဒေါ်ကြည်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဇော်ထိုက်-မခင်လေးသွယ်၊ ကိုကျော်သူရိန်ဝင်း-မခိုင်ဇာနွယ်၊ မဆွေဆွေထိုက်ဝင်း၊ ကိုသီဟဝင်း-မဝိုင်းအိစံတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂-၁-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မင်း (၆၂)နှစ်

**(CDC-16281)**

**ရန်ကင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ တိုက်(၂၃၆)၊ အခန်း(၁၃) နေ (ဦးသိန်းကြည်-ဒေါ်လှကြည်)တို့၏ သား၊ (ဦးကျော်မြင့်-ဒေါ်မြင့်မြင့်သီ)တို့၏သားသမက်၊ (ဦးကျော်စိန်)-ဒေါ်သန်းရွှေ၊ ဒေါ်နှင်းရီ၊ ဦးဗိုလ်ထွဋ်-ဒေါ်မေမေခင်တို့၏ညီ/မောင်၊ ဦးဇော်မင်း-ဒေါ်အေးအေးမော်၊ ဦးဝင်းဇော်-ဒေါ်ခင်နှင်းဖြူ၊ ဦးတင်မောင်မြင့်-ဒေါ်စိုးစိုးထွန်း၊ ဒေါ်တင်မိုးမြင့်တို့၏ အစ်ကို၊ ဒေါ်သူဇာမြင့်၏ခင်ပွန်း၊ နော်ဟဲဂေးထူးတို့၏ဦးလေး ဦးအောင်မင်းသည် ၃-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အိုးသစ်၊ အိမ်သစ်တို့ဖြင့် အခြေကျ အနေလှလာတော့မည့် မြို့တိုင်းရင်းသားများ

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တော မြို့နယ်အတွင်း တောင်ပေါ်ဒေသများတွင် နေထိုင်သော မြို၊ ခမီ၊ သက်၊ ဒိုင်းနက် အစရှိသည့် တိုင်းရင်းသားများအား လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ပိုမိုလုံခြုံမှုရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူကာ လုံးချင်းအိမ်များ စတင်ဆောက်လုပ်ပေးလျက်ရှိသည်။

မောင်တောမြို့နယ် တောင်ပိုင်း မောင်တော-အငူမော်လမ်းဘေးဝဲယာတို့တွင် မြို တိုင်းရင်းသားများ နေထိုင်ရန်အတွက် ကိုင်းကြီးကျေးရွာသစ်ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ကျေးရွာသစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေအိမ် အလုံး ၅၀၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေအိမ် ၆၄ လုံး တည်ဆောက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



# မန္တလေးမြို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ ဖြစ်ပေါ်

**မန္တလေး ဇန်နဝါရီ ၃**

တောင်တရုတ်ပင်လယ်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှုနှင့်အတူ တရုတ်ပြည်အရှေ့ဘက်ပိုင်းမှ အားကောင်းသော ဆောင်းလေအေးများတိုးဝင်လာမှုကြောင့် လေထုအပြောင်းအလဲများဖြစ်ပေါ်ကာ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် ထူးခြားသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်ကာ မိုးရွာသွန်းမှုများပြားခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့**



# လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

**ပိုမိုအားထုတ်ကစား**

မြဝတီအသင်းသည် YREO အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့်သရေကျခဲ့သည့် မြဝတီအသင်းသည် ဂိုးပြတ်ရလဒ်နှင့်အတူ အနိုင်သုံးမှတ်စတင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း YREO အသင်း၏ ကစားပုံကြောင့် ပိုမိုအားထုတ်ကစားခဲ့ရသည်။

မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်နှင့် ၅၇ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၄၁ မိနစ်တွင် ခိုင်သဇင်တို့က သွင်းယူခဲ့သည်။

တတိယနေ့ပွဲစဉ်အဖြစ် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**




ကြေးမုံ

၂၀၁၈ ခုနှစ်၊ နှစ် (၇၀) ပြည့်

လွတ်လပ်ရေးနေ့

ဇန်နဝါရီ ၄ ရက်၊ ၂၀၁၈ ခုနှစ် (ကြာသပတေးနေ့)

အထူးထုတ်



ယူနီယံဂျက်အလံချ၍. . .

မြန်မာနိုင်ငံတော်အလံ လွှင့်တင်။

# သမိုင်းဝင် မြန်မာ့လွတ်လပ်ရေး အောင်ပွဲ

# သမိုင်းတွင် ဂန္ထဝင် မြန်မာ့လွတ်လပ်ရေး

■ မောင်မောင်ကျော်

မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုများမှာ သမိုင်းတွင်၊ သမိုင်းဝင်၊ ဂန္ထဝင်သည့် ကြိုးပမ်းအားထုတ်မှုများ ဖြစ်သည်။ ၁၈၈၅ ခုနှစ် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးသည့်အချိန်မှစတင်၍ နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ အမျိုးသားလွတ်မြောက်ရေးကာလနှင့် ဖက်ဆစ်ဆန့်ကျင်ရေးကာလများကို အောင်မြင်စွာကျော်ဖြတ်ခဲ့ပြီးနောက် တစ်ကျော့ပြန်ရောက်ရှိခဲ့သည်မှာ ကိုလိုနီနယ်ချဲ့လက်အောက်ပင်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်နယ်ချဲ့ကို တွန်းလှန်ပြီးနောက် လုံးဝလွတ်လပ်သော နိုင်ငံဖြစ်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။



၁၉၄၇ ခုနှစ် မေလက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးစီးကျင်းပသည့် ဖဆပလ ပဏာမညီလာခံမြင်ကွင်း။

## နေသူရိန်ညီလာခံ

ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်သင့်ခဲ့သော မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရေးနှင့် ပြဿနာအရပ်ရပ် ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများ စည်းလုံးညီညွတ်ရေးသည် ဦးစားပေးဖြစ်ခဲ့သည်။ ရည်ရွယ်ချက်မှာ မြန်မာခေါင်းဆောင်များ စည်းလုံးညီညွတ်ရန်နှင့် တစ်သံတည်းထွက်ရန်ဖြစ်သည်။ ထို့ကြောင့် ဦးစွာဖွဲ့ခဲ့သည့် ဖတပလအစည်းအဝေးတွင် “တကယ့်စည်းလုံးရေး”ကို ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်များကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ မြို့လုံးကျွတ်အစည်းအဝေးကျင်းပကာ လူထုထောက်ခံမှုကို ရယူခဲ့သည်။ ဆုံးဖြတ်ချက်များကို ပြည်သူလူထုသို့ချပြရန်အတွက် နေသူရိန်ရုံကြီး (ရန်ကုန်မြို့၊ ဗဟန်း၊ ကန်တော်ကြီးစောင်းတွင် ရှိခဲ့သည်)တွင် ပြည်သူ့အစည်းအဝေးကြီး ကျင်းပခဲ့၍ နေသူရိန်ညီလာခံဟု ဂန္ထဝင်တွင်သည်။ နေသူရိန်ညီလာခံမှ အဆိုများသည် မြန်မာလူမျိုးတို့၏ အလိုဆန္ဒကို ထင်ဟပ်ဖော်ပြထားသည့်အပြင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်များဖြစ်သည်။

## ရုပ်သေးအစိုးရ

၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှစစ်အုပ်ချုပ်ရေးကို အဆုံးသတ်ပြီးနောက် ဘုရင်ခံ ဒေါ်မန်စမစ် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။ မြန်မာနိုင်ငံအား လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရေးအတွက် လက်တွေ့အစီအစဉ်များဖြင့် လာရောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာခေါင်းဆောင်များကို ဖိတ်ကြားပြီး တိုင်းပြည်အုပ်ချုပ်ရေးအတွက် ဆွေးနွေးသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဘုရင်ခံအမှုဆောင်(ဝန်ကြီး)အဖွဲ့တွင်ပါဝင်မည့် မြန်မာခေါင်းဆောင်များလိုက်နာရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဘုရင်ခံစိတ်ကြိုက်ပုဂ္ဂိုလ်များဖြစ်သော မြန်မာခေါင်းဆောင် ခုနစ်ဦးကို ဝန်ကြီးအဖြစ်ခန့်အပ်ပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးဌာနနှင့် ခြွင်းချန်ထားသောနယ်များအုပ်ချုပ်ရေးကို ဗြိတိသျှလူမျိုး နှစ်ဦးကို ခန့်အပ်ကာ ရုပ်သေးအမှုဆောင်(ဝန်ကြီး)အဖွဲ့ဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် ကြိုးစားခဲ့သည်။



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်က တွေ့ရပုံ။

## အလယ်ပစ္စယံ အစည်းအဝေး

ဖတပလအဖွဲ့ချုပ် မြန်မာခေါင်းဆောင်တို့၏ ဆန္ဒမှာ ယာယီအမျိုးသားအစိုးရဖွဲ့စည်းရေး၊ အသက်(၁၈)နှစ် ပြည့်သူတိုင်းက ရွေးကောက်တင်မြှောက်သော တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူရေးနှင့် ထိုတိုင်းပြုပြည်ပြုလွှတ်တော်က မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲပြီး လွတ်လပ်သော မြန်မာနိုင်ငံတည်ထောင်ရေးတို့ ဖြစ်သည်။ ထို့ကြောင့် မြန်မာခေါင်းဆောင်များက မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပြည်သူများအားရှင်းလင်းပြောကြားရန်နှင့် ရန်ကုန်မြို့တွင် ပြည်သူ့အစည်းအဝေးကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မန္တလေး၊ ရွှေဘို၊ စစ်ကိုင်းမြို့တို့တွင် ပြည်သူ့အစည်းအဝေးပွဲကြီးများ ကျင်းပပြီး မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ဟောပြောခဲ့သည်။ ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် လူထုအစည်းအဝေးကြီးကို ကျင်းပခဲ့ရာ ပြည်သူတစ်သိန်းကျော် တက်ရောက်ခဲ့သည်။ လူထုအစည်းအဝေးကြီးတွင် (၁) ယာယီအစိုးရ အမြန်ထူထောင်ရမည်၊ (၂) ရွေးကောက်ပွဲကြီး အမြန်ကျင်းပရန်၊ (၃) တိုင်းပြည်၏ဆန္ဒမရမီ မည်သည့်စီမံကိန်းကိုမျှ အတည်မပြုရန်၊ (၄) မြန်မာတိုင်းရင်းသား နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်လွှတ်ပေးရန်နှင့် စစ်အတွင်းကာလ ပြုမူဆောင်ရွက်သမျှအားလုံးကို ဘေးမဲ့ပေးရန် တောင်းဆိုခဲ့သည်။

## ဖဆပလ နိုင်ငံလုံးဆိုင်ရာ ညီလာခံ

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဖဆပလ နိုင်ငံလုံးဆိုင်ရာညီလာခံကို ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ ညီညွတ်ရေး ပိုမိုခိုင်မာလာစေရန်အတွက် ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းမှ ကိုယ်စားလှယ် ၁၃၀၀၊ နိုင်ငံရေးပါတီအဖွဲ့အစည်း ၁၅ ဖွဲ့နှင့် ပြည်သူလူထုတစ်သိန်းကျော် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကြီးကို ဇန်နဝါရီလ ၂၁ ရက်နေ့အထိ ငါးရက်တိုင်ကျင်းပခဲ့ပြီး မြန်မာ့နိုင်ငံရေးနှင့်မြန်မာပြည်လွတ်လပ်ရေးအတွက် အဆို ၁၇ ရပ်ချမှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်ရေးအဆိုကို တင်သွင်းရာ ပြည်သူလူထုကြီးက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။



၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်ပြုလုပ်သော လူထုအစည်းအဝေးတွင် ဦးအောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

## အင်္ဂလန်နိုင်ငံသို့ စေလွှတ်

လူထု အစည်းအဝေးပွဲကြီးများသည် မြန်မာ့လွတ်လပ်ရေး၊ အင်္ဂလိပ်အစိုးရ၏ မြန်မာနိုင်ငံစီမံကိန်းများကို ကန့်ကွက်ရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆာဒေါ်မန်စမစ်က သူ၏စီမံကိန်းများကို မဖြစ်ဖြစ်အောင် ဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။ မြန်မာခေါင်းဆောင်များသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အခြေအမြစ်မှာ မြန်မာနိုင်ငံ

အထူးထုတ် [ ၈ ] သို့ »»

အထူးထုတ် [ ခ ] မှ »»

တွင်သာရှိသည်ဟု ခံယူထားသော်လည်း ဗြိတိသျှအစိုးရနှင့် မြန်မာပြည်သူတို့အား မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှန်နှင့် မြန်မာတို့၏ဆန္ဒများကို သိရှိအောင် ပြောကြားရန်၊ မြန်မာ့လွတ်လပ်ရေးအတွက် ဝါဒဖြန့်ရန်၊ လွတ်လပ်ရေးအတွက် ကူညီလိုသူများနှင့် အဆက်အသွယ်ရရန် အင်္ဂလန်နိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့သည်။ အင်္ဂလန်နိုင်ငံသို့ သွားရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် နိုင်ငံရေးအလှူငွေ ကောက်ခံခဲ့ရာ ကျပ် လေးသိန်းတစ်သောင်းကျော် ရရှိခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်တွင် ဗိုလ်ချုပ်အောင်ဆန်းက စေတနာထက်သန်စွာဖြင့် လှူဒါန်းသည့်အတွက် အထူးကျေးဇူးတင်ကြောင်း၊ တိုင်းပြည်၏ စေတနာကို ထောက်ထား၍ မိမိနှင့်တကွ နိုင်ငံခေါင်းဆောင်များကလည်း အသက်ကို ပဓာနမထားဘဲ နိုင်ငံ့လွတ်လပ်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ချုပ်ချယ်မှု ကန့်ကွက်ပွဲ

မြန်မာနိုင်ငံတွင် စီးပွားရေးအကျပ်အတည်း ဆိုက်နေသော အချိန်ဖြစ်သည်။ မြန်မာအလုပ်သမားတို့ နေထိုင်စားသောက်ရေး တစ်နေ့တခြား ခက်ခဲလာကြသည်။ ထို့ကြောင့် တိုက်ပွဲဝင်ကြသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၂၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် အသင်းအဖွဲ့ပေါင်းစုံက ဦးစီး၍ ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှုကန့်ကွက်ပွဲများကို ကျင်းပကြသည်။ ကန့်ကွက်ပွဲများကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားပေးညွှန်ကြားခဲ့သည်။ ထိုနေ့နံနက်ပိုင်းတွင် ဗြိတိသျှအစိုးရအား ကန့်ကွက်ပွဲများကို ဗိုလ်ချုပ်အောင်ဆန်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

## လူထုဆန္ဒပြပွဲကြီး

၁၉၄၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်(စ်) မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသည့် ဖဆပလအဖွဲ့ချုပ်ကြီးနှင့် လုံးဝပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောကြားသည်။ စက်တင်ဘာလ ၅ ရက်နေ့တွင် နယ်ချဲ့ဖိနှိပ်မှု စက်ယန္တရား၏ အဓိကသော့ချက်ဖြစ်သော ပလိပ်အဖွဲ့ သပိတ်မှောက်သည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် မြန်မာပြည်အလုပ်သမားသမဂ္ဂအဖွဲ့က ဦးဆောင်၍ အင်အားပြပွဲ ကျင်းပသည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဘုရင်ခံအမှုဆောင်(ဝန်ကြီး)အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အစိုးရအဖွဲ့က စီစဉ်သည့် လူထုဆန္ဒပြပွဲကြီး ကျင်းပသည်။

## တိုင်းရင်းသား စည်းလုံးရေး

စစ်ပြီးကာလ အုပ်ချုပ်ရေးတွင် တောင်တန်းဒေသကို ခွဲထုတ်ထားသည်။ လွတ်လပ်ရေး ပေးသောအခါတွင်လည်း ခြွင်းချက်လုပ်ထားခဲ့သဖြင့် အဆိုပါ ဆိုးမွေကို ယနေ့ထက်တိုင် မြန်မာနိုင်ငံ ခံနေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရာတွင် ပြည်မသာမက တောင်တန်းဒေသများပါ ပါဝင်နိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းက ကြိုးပမ်းအားထုတ်ခဲ့သည်။ ဘုရင်ခံဒေါ်မန်စမစ် သွားရောက်၍ သွေးခွဲထားသည့် ကချင်ဒေသသို့ ဗိုလ်ချုပ်အောင်ဆန်း သွားရောက်၍ ခက်ခက်ခဲခဲ စည်းရုံးရသည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ ကားတစ်တန်၊ ခြေကျင်တစ်တန် သွားရောက်ပြီး တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး စည်းလုံးချစ်ကြည်ရေးကို ၁၉၄၆ ခုနှစ် နိုဝင်ဘာလအထိ ပြုလုပ်ခဲ့ရသည်။

## အောင်ဆန်း-အက်တလီစာချုပ်

မြန်မာနိုင်ငံအား တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဖဆပလအဖွဲ့ချုပ်က အကြိမ်ကြိမ်ကြွေးကြော်ပြီး အစိုးရအဖွဲ့မှ နုတ်ထွက်မည်ဟု တောင်းဆိုခဲ့သည်။ ဖဆပလအဖွဲ့ချုပ်၏ ရာဇသံကို ဗြိတိသျှအစိုးရက မလွန်ဆန်နိုင်သောအခါ ဗိုလ်ချုပ်အောင်ဆန်းကို ဘိလပ်သို့ လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်လိုက်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့သည်။ ဝန်ကြီးချုပ် အက်တလီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် (၁၀) ရှိ ဝန်ကြီးချုပ်ဂေဟာတွင် မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးပွဲကျင်းပခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

## တောင်တန်း-ပြည်မ ပင်လုံစာချုပ်

အောင်ဆန်း-အက်တလီစာချုပ် မဖြစ်ပေါ်လာမီ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လန်ဒန်တွင် ဆွေးနွေးစဉ်က ရှမ်းပြည်နယ်မှ ပဒေသရာဇ် စော်ဘွားအချို့က မြန်မာပြည်မနှင့် မပူးပေါင်းရေးကို လန်ဒန်သို့ ကန့်ကွက်စာ ပေးပို့ခဲ့သည်။ အလားတူပင် ကချင်တို့ကလည်း လှုပ်ရှားလာသည်။ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တောင်တန်း-မြေပြန့် မခွဲခြားဘဲ လွတ်လပ်ရေးကိစ္စအတွက် တောင်တန်းဒေသမှ တိုင်းရင်းသား ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးကို ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စတင်ကာ ကျင်းပခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်လျက် မြန်မာနိုင်ငံ၏ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး မော်ကွန်းအဖြစ် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။

## တိုင်းပြုပြည်ပြု လွှတ်တော်

အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုစဉ်က ရွေးကောက်ပွဲ ကတိကို တရားဝင် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာတိုင်းရင်းသားအားလုံးတို့က လူထုလိုလားသော လွတ်လပ်ရေးအကြို ပြင်ဆင်မှု ရွေးကောက်ပွဲ ကတိကို ရရှိခဲ့သည်။

အထူးထုတ် [ ဃ ] သို့ »»



၁၉၄၇ ခုနှစ် ဇန်နဝါရီလက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် (၁၀) ရှိ ဝန်ကြီးချုပ် မစ္စတာ အက်တလီ၏ အိမ်ဂေဟာရှေ့၌ တွေ့ရစဉ်။



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်မြို့တွင် နု-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။



လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ဗိုလ်ရှုခံတွင် ပါလီမန်ဒီမိုကရေစီခေတ်က ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတကြီးအား တပ်မတော်သားများနှင့် လူထုလူတန်းစား အဖွဲ့အစည်းများက ချီတက်အလေးပြုခဲ့ကြသည်။

အထူးထုတ် [ ၈ ] မှ »»

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်များအား ပြည်သူလူထုကြီးက တစ်ခဲနက်မဲပေးကာ ရွေးချယ်ခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပခွင့် ရရှိခြင်းသည် လွတ်လပ်ရေးအတွက် ပထမ အဆင့် အောင်မြင်မှုရရှိခြင်းပင်ဖြစ်သည်။

## သမိုင်းတွင် လူထုအစည်းအဝေး

ရွေးကောက်ပွဲများ ကျင်းပပြီးသောအခါ တိုင်းပြုပြည်ပြုလွှတ်တော်၏ ရှေ့ပြေးအဖြစ် ဖဆပလ ပဏာမညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး (ယခင် တပ်မတော် စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်နေရာ) တွင် ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါညီလာခံ သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း တွင် အရေးပါသော ညီလာခံဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန် မြို့တော်ခန်းမရှေ့တွင် ကျင်းပသော လူထု အစည်းအဝေး၌ လွတ်လပ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံး မိန့်ခွန်းပြောကြားခဲ့သည်။

## နု-အက်တလီစာချုပ်

မြန်မာ့လွတ်လပ်ရေးအတွက် အာဏာ လွှဲပြောင်းပေးအပ်သော နု-အက်တလီ စာချုပ်ကို မြန်မာနိုင်ငံ ယာယီအစိုးရ ဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် လန်ဒန်မြို့၌ နှစ်ဦး သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ နု-အက်တလီစာချုပ် လက်မှတ်ရေးထိုးပြီး သုံးရက်အလွန် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် နေမဝင်အင်ပါယာနိုင်ငံမှ ဂျော့ဘုရင်ကိုယ်တိုင် မြန်မာနိုင်ငံအား အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် လွတ်လပ်ရေးပေးမည့်အကြောင်း ကမ္ဘာသို့ ကြေညာခဲ့သည်။

## လွတ်လပ်ရေးအောင်ပွဲနေ့

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရန်ကုန် မြို့ အတွင်းဝန်များရုံး လွှတ်တော်အဆောက် အအုံရှေ့၌ ယူနီယံဂျက်အလံကိုချပြီး မြန်မာ နိုင်ငံအလံ လွှင့်တင်ကာ မြန်မာ့လွတ်လပ်ရေး အောင်ပွဲနေ့ အခမ်းအနားကို ကျင်းပခဲ့ သည်။ ။

# လွတ်လပ်ရေးနေ့

တောင်ထိပ်တောင်အောက်
ရေနောက်ရေကြည်
အေးသည်ပူသည်
ရေကြည်မြက်နု
ပြည်ထောင်စု
အဖုအထစ်
ကျောက်သို့ဆစ်
ချစ်မေတ္တာတို့အပြည့်အဝ။
ပြောတဲ့စကား
ကွဲပြားခြားနား
ဘုရားတို့သည်
မတူညီလည်း
ရေကြည်မြက်နု
ပြည်ထောင်စု
အဖုအထစ်
ကျောက်သို့ဆစ်
ချစ်မေတ္တာတို့အပြည့်အဝ။
ယဉ်ကျေးမှုနှင့်
အနုပညာ
တေးသံသာလျှင်
ရင်မှာဖြစ်တည်
ချိုသည်ကြည်သည်
ရေကြည်မြက်နု
အဖုအထစ်
ကျောက်သို့ဆစ်
ချစ်မေတ္တာတို့အပြည့်အဝ။
စကားတို့သည် မှန်၏
ဤမှန်သောသစ္စာစကားကြောင့်
တရားမျှတမှုရှိစေသတည်း
လွတ်လပ်မှုရှိစေသတည်း
ငြိမ်းချမ်းမှုရှိစေသတည်း
ခွင့်တူညီမျှမှုရှိစေသတည်း
မိုးမြေတုန်ဟည်း
တစ်သံတည်းဖြင့်
ရိုက်ကြည်းကြွေးကြော်
စည်မောင်းဆော်
အခါတော်နေ့အမိဋ္ဌာန်။
ကောင်းချီးပေး၏ဘဝဂ်လျှံ။
သာယာတော့မည့်တို့နိုင်ငံ။

နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုပါ၏။

**ကိုလေး(အင်းဝဂုဏ်ရည်)**





# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၃) ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts)အပေါ် ငွေပေးချေမှုများနှင့် စပ်လျဉ်းသည့် အာမခံမှုကို လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း တစ်ရပ်ဖြင့်ပြုလုပ်ပေးခဲ့လျှင် ကုမ္ပဏီသို့ကြိုတင်ပေးချေမှုကို အာမခံနိုင်ရန်အတွက် စာချုပ်စာတမ်း၏အာမခံငွေကို ဤပုဒ်မတွင်ပါရှိသော ကိစ္စရပ်များအလို့ငှာ ဖော်ပြပါ ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့်စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အဖြစ် သတ်မှတ်ခြင်း မပြုရ။

(၄) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ကြွေးမြီ တာဝန်တင်ရှိခြင်းတစ်ရပ်နှင့်သက်ဆိုင်သော ဒီဘင်ချာများ အား ပိုင်ဆိုင်ထားခြင်းသည် မရွှေ့မပြောင်းနိုင်သောပစ္စည်း တွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ရှိသည်ဟု မှတ်ယူခြင်းမရှိ စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်သော ကုမ္ပဏီတစ်ခု၏ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့ကို မှတ်ပုံတင်ပြီးဖြစ်လျှင် အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစုရှယ်ယာ သို့မဟုတ် ယင်း၏ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ ရရှိသူတစ်ဦးဦးသည် ထိုသို့မှတ်ပုံတင်သည့် နေ့ရက်မှစတင်၍ အဆိုပါပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ အကြောင်းကြားစာကို ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ကြွေးမြီတာဝန်တင်ရှိခြင်းအရ လက်ခံရရှိသောပစ္စည်းနှင့်သက်ဆိုင်သည့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ရခြင်း**

၂၃၀။ကုမ္ပဏီတစ်ခုသည် ပစ္စည်းတစ်ရပ်ရပ်ကိုပိုင်ဆိုင်ရရှိပြီး ထိုပစ္စည်းသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့်အခါ အဆိုပါပစ္စည်းကိုရရှိပြီးနောက် ကုမ္ပဏီက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းကို ပြုလုပ်သကဲ့သို့ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်းအချက် အလက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့်အတူ ကြွေးမြီတာဝန်တင် ရှိခြင်းအားပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေထင်ရှား ဖြစ်စေသည့်စာရွက် စာတမ်းကို မှန်ကန်သည့်မိတ္တူဖြစ်စေရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့်အတည်ပြုထားသည့် အဆိုပါစာရွက်စာတမ်း၏ မိတ္တူတစ်စောင် ကို မှတ်ပုံတင်နိုင်ရန်အတွက် အဆိုပါပစ္စည်းအားရရှိသည့်နေ့မှ ၂၈ ရက် အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်၏ ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီတာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ပြုလုပ် ခဲ့လျှင် သက်ဆိုင်ရာစာရွက်စာတမ်း၏မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ ၂၈ ရက် ကို ပစ္စည်းရရှိသည့်နေ့ရက် နောက်ပိုင်း ၂၈ ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို ၂၈ ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ၏ မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

၂၃၁။ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင်ကုမ္ပဏီ နှင့်ပျက်ကွက်မှုကို သိလျက်ဖြင့်တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်း ငါးသောင်းကို ပေးဆောင်ရမည်။

**ပိုင်ဆိုင်သူများ အချိုးကျရရှိသည့် ဒီဘင်ချာများတွင် ပါရှိရမည့် အချက်အလက်များ**

၂၃၂။ဒီဘင်ချာပိုင်ဆိုင်သူများက အချိုးကျရရှိသောအကျိုးအမြတ်ကို အခြား စာချုပ်စာတမ်းတစ်ရပ်ရပ်၊ ကြွေးမြီပေးချေရန်အာမခံမှုတစ်ရပ်ရပ်တွင် ရည်ညွှန်း၍ထည့်သွင်းဖော်ပြထားသော သို့မဟုတ် ထိုရည်ညွှန်းချက်များအရ ပေးအပ်ထားသောဒီဘင်ချာများကို ကုမ္ပဏီကသတ်မှတ်ထားသည့်အခါ ကြွေးမြီတာဝန် တင်ရှိခြင်းပါဝင်သော စာချုပ်တစ်ရပ်အားချုပ်ဆိုပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာများကိုပြုလုပ်ပြီးနောက် အောက်ပါအချက် အလက်များကိုတင်ပြလျှင် ပုဒ်မ ၂၂၉ ပါကိစ္စရပ်များအလို့ငှာ ပြည့်စုံမှုရှိသည် ဟု သတ်မှတ်သည် -

(က) ဒီဘင်ချာများအားလုံးဖြင့် အာမခံထားသည့် စုစုပေါင်း ပမာဏ၊

(ခ) ဒီဘင်ချာများအားလုံးကို ထုတ်ဝေခွင့်ပြုသော ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်နှင့် အာမခံချက်ကိုပြုလုပ်သည့် သို့မဟုတ် သတ်မှတ်သည့်စာချုပ်ရှိခဲ့လျှင် ထိုသို့ချုပ်ဆိုခဲ့သည့်နေ့ရက်၊

(ဂ) ကြွေးမြီတာဝန်တင်ရှိခြင်းပြုလုပ်သည့် ပစ္စည်း၏ ယေဘုယျဖော်ပြ ချက်နှင့်

(ဃ) ဒီဘင်ချာများအတွက် ယုံမှတ်အပ်နှံခြင်းခံရသူများ (Trustees) ရှိခဲ့လျှင် ၎င်းတို့၏ အမည်များနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း ပါဝင်သောစာချုပ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်း လမ်းဖြင့် အတည်ပြုထားသော ယင်းစာချုပ်၏မိတ္တူတစ်စောင် သို့မဟုတ် အဆိုပါစာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာတစ်ခုခု၊ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေ ကို ပေးသွင်းစေပြီး အဆိုပါအချက်အလက်များကို မှတ်ပုံတင် စာရင်းတွင် ဖြည့်သွင်းရမည်။ သို့ရာတွင် ဒီဘင်ချာများကိုတစ်ကြိမ် ထက် ပိုမို၍ ထုတ်ဝေသည့်အခါတွင် ထုတ်ဝေမှုတစ်ကြိမ်စီအတွက် ပမာဏနှင့် နေ့ရက်တို့ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းနိုင်ရန် အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ သို့သော် ထိုသို့ပြုလုပ် ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။

**ဒီဘင်ချာများနှင့်စပ်လျဉ်းသည့်ကော်မရှင်ခစသည်များနှင့် သက်ဆိုင်သည့် အချက်အလက်များ**

၂၃၃။ကုမ္ပဏီ၏ဒီဘင်ချာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့် ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီ ခြင်း၊ သို့မဟုတ် အဆိုပါဒီဘင်ချာ တစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်အတွက် ဆောင်ရွက် ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ အသုံးစရိတ် သို့မဟုတ် လျှော့ငွေတို့ကိုပေးချေခဲ့လျှင် သို့မဟုတ် ပြုလုပ်ခဲ့လျှင် ပုဒ်မ ၂၂၉ နှင့် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်အတွက် တင်ပြရမည့် လိုအပ်သောအချက်အလက်များတွင် ထိုသို့ပေးချေခဲ့သည့် သို့မဟုတ် ပြုလုပ် ခဲ့သည့် ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်များ၏ပမာဏ သို့မဟုတ် နှုန်းထားရာခိုင်နှုန်းတို့နှင့် သက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်း ဖော်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီ၏ ကြွေးမြီတာဝန်တင်ရှိခြင်းအဖြစ် ပြုလုပ်ထားသော ဒီဘင်ချာများ၏ အာမခံငွေကို ဤပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် လျှော့ငွေဖြင့် ဒီဘင်ချာ များကို ထုတ်ဝေခြင်းဖြစ်သည်ဟု သတ်မှတ်ခြင်းမပြုရ။

**ပေါင်နှံခြင်းများ၊ ကြွေးမြီတာဝန်တင်ရှိခြင်းများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း**

၂၃၄။(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီက ပြုလုပ်သည့် ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း များအားလုံးနှင့် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးအတွက် ကုမ္ပဏီတစ်ခုစီနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ခုကို ထားရှိရမည်ဖြစ်ပြီး သတ်မှတ်ဖော်ပြထားသည့် ငွေကြေးများကို ပေးသွင်းစေလျက် ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း များအားလုံးနှင့် သက်ဆိုင်သည့် ယင်းတို့အား ပြုလုပ်သည့်နေ့ရက်၊ အာမခံထားသည့်ပမာဏ၊ ထိုသို့ပေါင်နှံသည့် သို့မဟုတ် ကြွေးမြီ တာဝန်တင်ထားသည့် ပစ္စည်းနှင့်သက်ဆိုင်သော အချက်အလက် အကျဉ်းချုပ်၊ အပေါင်ခံသူများ၏အမည်များ သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းများကိုရရှိသည့် ပုဂ္ဂိုလ်များ၏အမည်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်သောရေးသွင်းမှုများကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခဲ့သော စာချုပ်စာတမ်းများရှိခဲ့ လျှင် ၎င်းစာချုပ်စာတမ်းများ သို့မဟုတ် ယင်းတို့၏ တရားဝင် အတည်ပြုထားသော မိတ္တူတို့ကို ယင်းတို့အား တင်ပြသည့်ပုဂ္ဂိုလ်ထံ သို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ဤပုဒ်မအရထားရှိသော မှတ်ပုံတင်စာရင်းအား သတ်မှတ်ဖော်ပြ ထားသည့် အခကြေးငွေကို ပေးသွင်းစေလျက် မည်သူမဆို စစ်ဆေး ကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

၂၃၅။ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်ခြင်းဆိုင် ရာအညွှန်းမှတ်ပုံတင် အရာရှိသည် ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်းများ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းများ၏ အချိန်ကာလ အလိုက် အညွှန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များ နှင့်တကွ ပြုစုထားရှိရမည်။

**မှတ်ပုံတင်အထောက်အထားလက်မှတ်**

၂၃၆။မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံ တင်ထားသော ပေါင်နှံခြင်း တစ်ရပ်ရပ် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ မှတ်ပုံတင်အထောက်အထား လက်မှတ်တစ်ခုကို ၎င်းတွင် အာမခံထားသည့် ငွေပမာဏကို ဖော်ပြလျက်ထုတ်ပေးရမည်။ ထိုအထောက် အထား လက်မှတ်သည် ပုဒ်မ ၂၂၉ မှ ပုဒ်မ ၂၃၄ အထိ ဖော်ပြပါရှိသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းအား ပြုလုပ်ထားကြောင်း ပြည့်စုံ လုံလောက်သည့် အထောက်အထားဖြစ်စေရမည်။

**ဒီဘင်ချာအတွက် မှတ်ပုံတင်အထောက်အထားလက်မှတ် သို့မဟုတ် ဒီဘင်ချာ စတော့ (Debenture Stock) အထောက်အထားလက်မှတ်များကို ထပ်ဆင့် ထောက်ခံအတည်ပြုခြင်း**

၂၃၇။ကုမ္ပဏီသည် ပုဒ်မ ၂၃၆ အရ ပေးအပ်ထားသည့် မှတ်ပုံတင်အထောက် အထားလက်မှတ်အားလုံး၏ မိတ္တူကို ပြုလုပ်ပေးပြီး ကုမ္ပဏီကထုတ်ဝေသည့် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့ အထောက်အထား လက်မှတ်အားလုံးနှင့် ထိုသို့မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့အရ အာမခံထားသောငွေပေးချေမှုများကို ထပ်ဆင့်ထောက်ခံအတည်ပြု ရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပေါင်နှံ ခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းများ ပြုလုပ်ခြင်းမရှိမီက ကုမ္ပဏီက ထုတ်ဝေထားသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ငွေချေးလက်မှတ် စတော့ အထောက်အထားလက်မှတ်တစ်ခုခုနှင့် စပ်လျဉ်း၍ ထိုသို့ပေးအပ် ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံ တင်အထောက်အထား လက်မှတ်တစ်ခုခုကို ကုမ္ပဏီက ထပ်ဆင့်ထောက်ခံ အတည်ပြုရန် လိုအပ်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမပြုရ။

**မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏တာဝန်နှင့် အကျိုးသက်ဆိုင်သူ၏ အခွင့်အရေး**

၂၃၈။(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း၊ ဒီဘင်ချာများ ထုတ်ဝေခြင်းအားလုံးကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင် အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရန် တာဝန်ရှိသည်။ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ရန် ၎င်းတို့၏ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် လျှောက်ထားတင်ပြနိုင် သည်။

(ခ) ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်းအတာ ပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်သတ်မှတ်ပါက အဆိုပါ ပြင်ဆင် သည့် အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပေး ရန် ကုမ္ပဏီတွင် တာဝန်ရှိသည်။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အထက်တွင် ဖော်ပြခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြင်ဆင်သတ်မှတ်ခြင်းများနှင့် သက်ဆိုင်စေရ မည်။

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ စာချုပ်စာတမ်း၏ မိတ္တူကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် ထိန်းသိမ်းခြင်း**

၂၃၉။ ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြုလုပ် သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူတစ်စောင်စီကို ကုမ္ပဏီ၏ မှတ်ပုံတင် ထားသော ရုံးခန်းတွင် သိမ်းဆည်းထားရှိရမည်။ သို့ရာတွင် အစဉ်လိုက်တူညီ သည့် ဒီဘင်ချာများတွင် အဆိုပါဒီဘင်ချာတစ်ခု၏ မိတ္တူတစ်စောင်ကို သိမ်းဆည်းထားလျှင် လုံလောက်သည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို မှတ်ပုံတင်ခြင်း**

၂၄၀။ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းလက်ခံထိန်းသိမ်း သူတစ်ဦးခန့်အပ်သည့် အမိန့်တစ်ရပ်ကိုရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်း တစ်ရပ်ရပ်တွင်ပါရှိသော အခွင့်အာဏာများအရ အဆိုပါပစ္စည်း လက်ခံ ထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ခဲ့လျှင် ထိုသို့အမိန့်ချမှတ်သည့်နေ့ သို့မဟုတ် စာချုပ်စာတမ်းတွင်ပါရှိသော အခွင့်အာဏာအရခန့်အပ်သည့်နေ့မှ ၂၈ ရက်အတွင်း အဆိုပါအချက်အလက်နှင့်စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ နှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် ထိုအချက်အလက်များကို ဖြည့် သွင်းရေးသားရမည်။

၂၄၁။ပုဒ်မ ၂၄၀ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက် သူတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရ မည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူများ၏ ငွေစာရင်းများကို တင်ပြရခြင်း**

၂၄၂။(က) စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းရ သူအားလုံးသည် အဆိုပါပစ္စည်းများကို ရယူခဲ့ပြီး ထိုဆောင် ရွက်နေသည့် ကာလတစ်လျှောက် ခြောက်လလျှင် တစ်ကြိမ်နှင့် ပစ္စည်းလက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလအတွင်း ၎င်းအနေဖြင့် လက်ခံရရှိခဲ့သည် များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက်တစ်စောင်အား ပြုစု၍ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင် လက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်း မှ ရပ်စဲခဲ့လျှင် အဆိုပါကိစ္စရပ်အတွက် အကြောင်းကြားမှုကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင် သော မှတ်ပုံတင်စာရင်းတွင် ထိုအကြောင်းကြားမှုကို ဖြည့်သွင်း ရေးသားရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ် သည့်အခါ ကုမ္ပဏီ၏ အမည်ပါရှိသော စာရွက်စာတမ်းဖြစ်သော ကုန်ပို့လွှာများ၊ ကုန်အမှာစာများ၊ သို့မဟုတ် ကုမ္ပဏီကဖြစ်စေ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ပစ္စည်းလက်ခံ ထိန်းသိမ်းသူကဖြစ်စေ ထုတ်ဝေသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်စာများတွင် ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦး အား ခန့်အပ်ပြီးဖြစ်ကြောင်းပါရှိသည့် ရေးသားဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

၂၄၃။ပုဒ်မ ၂၄၂ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက် လျှင် ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအား သိလျက်ဖြင့်တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ၊ ပစ္စည်းလက်ခံ ထိန်းသိမ်းသူများ တစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# အခြေခံပညာရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၂၅။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များတွင် ဆရာများ၊ မိဘများနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းပါဝင်ခွင့်ရှိသည်။

၂၆။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများအတွက် အရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များ ထားရှိတာဝန်ပေးအပ်ပြီး စဉ်ဆက်မပြတ်အကဲဖြတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အခြေခံပညာကျောင်းများတွင် အတွင်းအရည်အသွေးအာမခံမှုစနစ် ထူထောင်ထားရှိဆောင်ရွက်ရန် ပံ့ပိုးလမ်းညွှန်ခြင်း၊

(ဃ) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေးအာမခံမှုလုပ်ငန်းများကို ဆောင်ရွက်သည့် ဝန်ထမ်းများ၏ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များက လိုအပ်သောအချက်အလက်များ တောင်းခံလာပါက အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးအကဲဖြတ်မှုရလဒ်ကို အခြေပြု၍ အခြေခံပညာရေးစနစ်၏ အညွှန်းကိန်းများကို လေ့လာသုံးသပ်ရာတွင် အထောက်အကူဖြစ် စေရန်အတွက် ပညာရေးသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၈)
## အခြေခံပညာရေးစီမံခန့်ခွဲမှု

၂၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကောင်စီ၏ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို တာဝန်ယူဆောင်ရွက်ရမည်။

၂၈။ ဝန်ကြီးဌာနသည် အခြေခံပညာရေးကဏ္ဍ၏ စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး၊ ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းများတွင် အဆင့်အလိုက် တာဝန်ယူဆုံးဖြတ် လုပ်ဆောင်ခွင့်ရရှိစေရန် ဆောင်ရွက်ပြီး စီမံခန့်ခွဲမှုအဆင့် တစ်ဆင့်ချင်းစီအတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ နိုင်ငံတော်က သတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအပါအဝင် အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များ၌ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး၊ စီစဉ်ဆောင်ရွက်ရေး၊ ပံ့ပိုးရေးနှင့် လေ့လာကြီးကြပ်ရေးတို့အတွက် ပညာရေးကော်မတီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၀။ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များပေးရန်၊ ပံ့ပိုးဆောင်ရွက်ရန်နှင့် လေ့လာကြီးကြပ်ရန် ကျောင်းစီမံခန့်ခွဲမှုကော်မတီကို ဆရာ၊ မိဘနှင့် ရပ်ရွာလူထုပါဝင်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၉ နှင့် ၃၀ ပါ တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ် ပညာရေးကော်မတီများ၊ ကျောင်းစီမံခန့်ခွဲမှုကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၃၂။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် မိမိတို့၏ အခြေခံပညာကျောင်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကိုအခြေခံပညာကျောင်းအားလုံးတွင် ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လေ့လာကြီးကြပ်ခြင်း၊

(ခ) အခြေခံပညာကျောင်းများတွင် ပညာရေးဆိုင်ရာ အဆောက်အအုံ၊ အသုံးအဆောင်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး လုံခြုံမှုရှိသည့် သင်ကြားသင်ယူမှုဝန်းကျင်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးကဏ္ဍနှင့် သက်ဆိုင်သည့်ဝန်ထမ်းများ၏လုပ်ငန်းအလိုက်ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသော အမျိုးသားအဆင့်အညွှန်းကိန်းများဖြင့် အခြေခံပညာရေးအဆင့်အလိုက် အကောင်အထည်ဖော်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊

(င) စာရင်းအင်းများ တိကျမှန်ကန်ပြီး အရည်အသွေးမြင့်မားသည့် ပညာရေးစာရင်းအင်းစနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကျောင်းအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဦးစီးဌာနအဆင့်တို့တွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့် တင်ပြခြင်းနှင့် သတ်မှတ်ကာလများတွင် လိုအပ်သော စာရင်းချုပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(စ) အခြေခံပညာရေးအဆင့် စီမံကိန်းနှင့် စီမံချက်များကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၃၃။ ဦးစီးဌာနသည် အခြေခံပညာကျောင်းအားလုံးနှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည် -

(က) အခြေခံပညာကျောင်းအားလုံးသို့ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ အပါအဝင် ကျောင်းအသုံးအဆောင်နှင့် အထောက်အပံ့များကို ဖြည့်ဆည်းပေးခြင်း၊

(ခ) အခြေခံပညာရေးအဆင့်အလိုက် ပြီးမြောက်ကြောင်း စာမေးပွဲများကို တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ နည်းစနစ်များနှင့်အညီ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အတွင်းအရည်အသွေး အကဲဖြတ်မှုများနှင့် ပြင်ပအရည်အသွေးအကဲဖြတ်မှု အစီရင်ခံစာများအပေါ် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၄။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနသည် အခြေခံပညာရေးအဆင့်အလိုက် ကောက်ယူသော ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာန၏ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ပုံမှန်ထည့်သွင်းတွက်ချက် စိစစ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၃၅။ အခြေခံပညာရေးကဏ္ဍရှိ စီမံခန့်ခွဲသူအားလုံးသည် ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူလူထုအကျိုး ရှေးရှုမှုဟူသော အခြေခံမူများဖြင့် ဆောင်ရွက်ရမည်။

၃၆။ အခြေခံပညာရေးကို သင်ကြားပေးလျက်ရှိသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ခြင်းကို သက်ဆိုင်ရာဥပဒေအရဖွဲ့စည်းသည့် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ရမည်။

## အခန်း (၉)
## အခြေခံပညာဆရာများ

၃၇။ ကောင်စီသည် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာစံများကို ပညာရေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပေးရမည်။

၃၈။ ပညာရေးစီမံခန့်ခွဲသူများသည် အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှု လုပ်ငန်းတစ်ရပ်အနေဖြင့် ဆရာများ၏ စွမ်းဆောင်ရည်ကို နှစ်စဉ်အကဲဖြတ်ရမည်။

၃၉။ ဆရာများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်-

(က) သတ်မှတ်ချက်နှင့်ကိုက်ညီပါက မိမိတာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့် အတွင်းမှာပင် ရာထူးအဆင့် တိုးမြှင့်ရရှိပိုင်ခွင့်၊

(ခ) သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော သင်နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊

(ဂ) မိမိတို့လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် အစဉ်လေ့လာသင်ယူခွင့်၊

(ဃ) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အသင်းနှင့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်။

၄၀။ ဆရာများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံနိုင်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ပြီး ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရေး၊

(ခ) ကျောင်းစာသင်ချိန်အတွင်း သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများ ပြီးမြောက်သည်အထိ သင်ကြားသည့်အပြင် ကျောင်းသားများအတွက် ခေတ်နှင့်လျော်ညီသော အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများ ရရှိစေရန်အတွက် သင်ကြားပေးရေး။

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့ တာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၄၂။ ဆရာများသည် ပညာရေးအဆင့်တစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းတာဝန်ထမ်းဆောင်လိုပါက ထိုအဆင့်အတွက် လိုအပ်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံမှသာ ထမ်းဆောင်ခွင့်ရှိသည်။

၄၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများသင်ကြားမှု စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာအစီအစဉ်များ အပါအဝင် လေ့လာသင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

## အခန်း (၁၀)
## ကျောင်းသား၊ မိဘနှင့် ပြည်သူလူထု၏ အခြေခံပညာရေးဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ

၄၄။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည် -

(က) အခြေခံပညာကို ပြီးမြောက်သည်အထိ သင်ယူခွင့်၊

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်း တက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ ခံစားခွင့်၊

(ဃ) အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့် ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်။

၄၅။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူရေး၊

(ခ) ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးစားလေ့လာသင်ယူ၍ ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့်အပြင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေ လေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသော လူသားကောင်းများဖြစ်လာရန်အတွက် ကြိုးစားအားထုတ်ရေး။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ အခွင့်အရေးများရရှိစေရမည်-

(က) ဤဥပဒေ ပုဒ်မ ၇ အရ တည်ထောင်ဖွင့်လှစ်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်၊

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက် ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသော လူသားကောင်းများ ဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘဆရာအသင်းက ဆောင်ရွက်သော ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာသင်ယူပြီးမြောက်ရေးအတွက် သက်ဆိုင်ရာကျောင်းသို့ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရေး၊

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ်သင်ယူမှုအခွင့်အလမ်းများ ရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်းဖန်တီးပေးရန်တို့အတွက် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရေး။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည် -

(က) မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေး၊

(ခ) အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

(ဂ) ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန်တို့အတွက် ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရေး။

## အခန်း (၁၁)
## ဘဏ္ဍာရေး

၅၀။ မူကြိုပညာရေး၊ သူငယ်တန်းပညာရေးနှင့် အခြေခံပညာရေးအဆင့်အလိုက် ပညာရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေလိုအပ်ချက်ကိုဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၅၁။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်လက်ခံနိုင်သည်။

၅၂။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည်-

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅၁ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

**စာမျက်နှာ ဂ သို့**

## ပဲခူးတိုင်းဒေသကြီးတွင် ပညာရေးစုံညီပွဲတော်ကျင်းပ

**ပဲခူး ဇန်နဝါရီ ၃**
ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းတို့က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သင်ထောက်ကူပြခန်းများ၊ စွမ်းရည်ပြပွဲပြခန်းများ၊ ကျောင်းသားများ၏ တီထွင်မှုစွမ်းရည်ပြသမှုနှင့် ကျောင်းများ၏ ဈေးရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က အလှူငွေများပေးအပ်လှူဒါန်းပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့် ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဆရာမကြီးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၃**
နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးရုပ်တုဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီက ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတည်ရှိရာ ညောင်လေးပင်မြို့ ဗိုလ်ချုပ်လမ်းဆုံ၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ရွှေဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးသိန်းဒန်နှင့် ခရိုင်ဥက္ကဋ္ဌ ဒေါက်တာစောညိုဝင်းတို့က ဗိုလ်ချုပ်မြင်းစီးရုပ်တုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့် ကမ္ပည်းမော်ကွန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲသို့တက်ရောက်လာကြသော တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကရင်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ ချင်းတိုင်းရင်းများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့များနှင့် ပြည်သူများက နိုင်ငံတော်အလံနှင့် မြန်မာ့လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းအားအလေးပြုကြပြီး တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေကြသည်။ ရုပ်တုဖြစ်မြောက်ရေးအတွက် အလှူရှင်များ၊ ဗိသုကာပညာရှင်နှင့် ဝိုင်းဝန်းပံ့ပိုးကူညီသူများကို အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## လွတ်လပ်ရေးနေ့အကြိုမီနီမာရသွန် အပြေးပြိုင်ပွဲကျင်းပ

**လှိုင်သာယာ ဇန်နဝါရီ ၃**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် နှစ်(၇၀) မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား လေးကီလိုမီတာ မီနီမာရသွန်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီက စက်မှုဇုန်(၁) ပန်းလှိုင်လမ်းမှတာထွက်၍ လှိုင်သာယာမြို့နယ် မိုးလုံ လေလုံအားကစားရုံဘောလုံးကွင်းသို့ပန်းဝင်ပြီး အဆိုပါအားကစားပွဲသို့ ရပ်ကွက်ကြီး (၂၀)၊ ကျေးရွာပေါင်းကိုးရွာမှ အားကစားသမား ၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **၃၂၉**

## ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေးဆောင်ရွက်

**ပန်းတောင်း ဇန်နဝါရီ ၃**
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်၏ စီစဉ်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်ဇင်မင်းဦးစီးအဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့မှဒုရဲမှူးတင်ဌေးနှင့်အဖွဲ့၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းမင်းထွန်းနှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်မျိုးဦးနှင့်အဖွဲ့တို့သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီက ပန်းတောင်းမြို့ ထုံးဘို အထက(၁) ကျောက်ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက် မီးသတ်ရုံးရှေ့၌ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးရှင်းလင်း ဟောပြောခြင်း၊လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**၅၈၇**

## ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဇန်နဝါရီလကုန်ပိုင်း၌ ဖွင့်လှစ်မည်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၃**
ကွမ်းခြံကုန်းမြို့တော်ပုလဲပိုင်းနှင့် မင်းပိုင်းရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ဆောက်လုပ်လျက်ရှိရာ ယခုအခါဆောက်လုပ်မှုမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ဇန်နဝါရီလကုန်ပိုင်း၌ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ ပေ ၅၀× ပေ၆၀ အကျယ်အဝန်းရှိ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ဆေးရုံဝင်းအတွင်းရှိ မြေဧရိယာ ပေ ၆၀ × ပေ ၇၀ ရှိ မြေနေရာပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် Asia Myanmar Consortium ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ၊ ဒေသခံ ဦးကျော်ခိုင် မိသားစုမှ ငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး နှစ်ထပ်တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် အင်ဂျင်နီယာနှစ်ဦး၊ လုပ်သားအင်အား ၃၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကာ နှစ်ထပ်တိုးချဲ့ ဆောင်သစ်အတွင်း၌ သံဃာတော်များအတွက် ကုသဆောင်နှစ်ခန်း၊ လူနာများအတွက် ကုသဆောင်နှစ်ခန်း၊ ခွဲစိတ်ခန်းနှစ်ခန်းနှင့် မွေးခန်းများထားရှိမည်ဖြစ်ပြီး လူနာနားနေဆောင်၊ ဆရာဝန်နားနေဆောင်၊ အစည်းအဝေးခန်းမများနှင့် ရုံးခန်းများလည်းပါဝင်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ အဆိုပါ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်၏ မျက်နှာစာအဝင်ဝရှိ ကွန်ကရစ်လမ်းခင်းခြင်း၊ အတက်အဆင်းလှေကားအတွက် ကြွေပြားကပ်ခြင်း၊ တိုးချဲ့ဆောင်သစ်အပေါ်နှင့် အောက်ထပ်အတွက် ကြွေပြားခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေပိုက်လိုင်းတပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများအပါအဝင် ရေမြောင်းတူးဖော်ခြင်းနှင့် သန့်စင်ခန်းများအတွက် ဆားဗစ်တူး ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကာတိုးချဲ့ဆောင်သစ် ပြင်ပဆေးသုတ်ခြင်းလုပ်ငန်းများနှင့် အချောထည်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ခံဦးဟန်သိန်းက ရှင်း ပြခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ်ရှိ တော်ခရမ်းလေးကျေးရွာမှ ဒေသခံ ဒေါ်အေးစိန်မက “ဒီဆေးရုံမှာ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူရတာ အဆင်ပြေပါတယ်၊ တာဝန်ကျ ဆရာဝန်၊ ဆရာ၊ ဆရာမတွေကလည်း ဂရုစိုက်ကြပါတယ်၊ ဒီအဆောင်သစ်က လူနာများအတွက် နေထိုင်ရတာ လွယ်ကူအဆင်ပြေပါတယ်၊ ဒီလို အဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းတဲ့ အလှူရှင်မိသားစုကို လူနာများကိုယ်စားအလွန်ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်” ဟု ပီတိစကားပြောသည်။

မြန်မာ့အလှဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် Asia Myanmar Consortium ကုမ္ပဏီလီမိတက်တို့မှ အဆိုပါ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ပြီးခဲ့သည့်နှစ် ဇွန် ၁၈ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**ပွင့်သစ္စာ**

## DAR-4 ကြံမျိုးသစ်မျိုးပွားစိုက်ခင်းကွင်းသရုပ်ပြ

**ရေတာရှည် ဇန်နဝါရီ ၃**
ရေတာရှည်မြို့နယ်တွင် ကြံသီးနှံထွက်နှုန်းကောင်းမွန်ရေးနှင့် မျိုးကောင်း မျိုးသန့်များစဉ်ဆက်မပြတ်ရရှိနိုင်ရန် ရေနီမြို့နှင့်ဝန်းကျင်ရှိ တောင်သူများအား DAR-4 ကြံမျိုးသစ်မျိုးပွားစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ကွင်းအမှတ် ၇၃၈ ရှိ သရက်ကုန်းကျေးရွာနေ တောင်သူဦးခင်မောင်၏မြေကွက်၌ ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်နှင့်ဝန်ထမ်းများ၊ မြို့လှ၊ ငွေတောင်၊ ဆပ်သေ၊ ရေနီ၊ ဒေါင်းနန်းကျကျေးရွာအုပ်စုများမှ တောင်သူများလာရောက်လေ့လာကြည့်ရှုသည်။ **ကိုလွင်(ဆွာ)**

## မြစိမ်းရောင်ကျေးရွာများအတွက် ချေးငွေများပေးအပ်

**ပြည် ဇန်နဝါရီ ၃**
ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံများက ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ဒုရင်ဒုဘိုကျေးရွာနှင့် မကျီးကုန်းတန်းကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာကော်မတီဝင်များအား ရန်ပုံငွေလွှဲအပ်ပေးခြင်းနှင့် စာရင်းဇယားထိန်းသိမ်းခြင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းပို့ချခြင်းတို့ပြုလုပ်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို စနစ်တကျ ထုတ်ပေးခဲ့ကြောင်းသိရသည်။

**သူရိန်ထွန်း**

**စာမျက်နှာ ၁ မှ**

**အခန်း (၁၂)**
**အထွေထွေ**

၅၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၅။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။



ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအောင်မျိုးလတ်နှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၅၄) မှ ရဲအုပ်ထွန်းထွန်းဇော်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆) မှ တပ်ကြပ်ကြီးဇော်မင်းလွင်၊ မူးယစ်တပ်ဖွဲ့စု (၄) မှ တပ်ကြပ်ကြီးစံသိန်းဦးတို့သည် ဇန်နဝါရီ ၂ ရက်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တန်းမြို့ MEC လမ်းမကြီးဘေးရှိ ဂဏန်းများကမ္ဘာစက်မှုလက်မှုကုမ္ပဏီလီမိတက်၌ ဟောပြောဆွေးနွေးရာ ပြည်သူ ၂၆၀ ခန့် လာရောက်လေ့လာကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။ ၆၈၉





# နံပါတ်တစ်နေရာကို ပြန်လည်တက်လှမ်းလာတဲ့ တေလာဆွစ်

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာ စတင်ထုတ်လွှင့်ခဲ့တဲ့ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် "Reputation"ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် သီတင်းပတ်သုံးပတ်ဆက်တိုက် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်စာရင်းကို ဦးဆောင်ထားနိုင်ခဲ့ပြီး စတုတ္ထမြောက်သီတင်းပတ်အတွင်းမှာတော့ နံပါတ်တစ်နေရာကနေ ဖယ်ပေးခဲ့ရပါတယ်။ ဒီလို ဇယားထိပ်ကနေဆင်းခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ထိပ်ဆုံးမှာ ပြန်လည်ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Reputation" တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ယူနစ်ပေါင်း ၁၀၇၀၀၀ ရောင်းချခဲ့ရတာဖြစ်ပြီး တစ်ပတ်အတွင်း အပြိုင်ရောင်းချခဲ့တဲ့ တေးအယ်လ်ဘမ်တွေအနက်တော့ ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ဆက်တိုက်မဟုတ်ပေမယ့် သီတင်းပတ်လေးပတ်မြောက် ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ အာရန်ဘီ တေးသံရှင် သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ် "Starboy"ပြီးနောက် သီတင်းပတ်လေးပတ် နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်လာခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ ခြောက်ခုမြောက်နဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် "Reputation"ဟာ ပြီးခဲ့တဲ့ မေလအတွင်းက သီတင်းပတ်သုံးပတ်ဆက်တိုက် ဘေဘုတ်ကိုဦးဆောင်နိုင်ခဲတဲ့ တေးသံရှင် ကန်းဒရစ်ခ်လမ်မာရဲ့ "DAMN" တေးအယ်လ်ဘမ်ပြီးနောက် သီတင်းပတ်သုံးပတ်ဆက်တိုက် ထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာခဲ့ပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တဲ့ အခြားသောတေးအယ်လ်ဘမ်တွေကတော့ တေးသံရှင် ဒရိတ်ခ်ရဲ့ "More Life"နဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ "Starboy"တို့ပဲ ဖြစ်ကြပါတယ်။ အမျိုးသမီးတေးသံရှင်တွေအနက် သီတင်းပတ်သုံးပတ်နှင့်အထက် ဘေဘုတ်ကို ဦးဆောင်ခွင့်ရခဲ့သူကတော့ အဒဲလ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် "25"နဲ့ သီတင်းပတ်ဆယ်ပတ်ဆက်တိုက် နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။

ယခင် သီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ တေးဂီတဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ရောင်းချခဲ့တဲ့ တေးအယ်လ်ဘမ်တွေရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်ဆယ်ခုစာရင်းမှာ နံပါတ်တစ်နေရာကို ရယူထားတဲ့ တေးသံရှင် အီမီနမ်ရဲ့ တေးအယ်လ်ဘမ်သစ် "Revival"ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ဒုတိယသီတင်းပတ်ဖြစ်တဲ့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာတော့ နံပါတ်လေးနေရာမှာသာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထိပ်တန်းတေးအယ်လ်ဘမ် သုံးခုစာရင်းမှာ ပါဝင်ခဲ့တဲ့ အခြားသော တေးအယ်လ်ဘမ်နှစ်ခုမှာ အက်ဒ်ရှီရန်ရဲ့ "Divide (division sign)"နဲ့ ဟန်ချိုဂျက်ခ်ရဲ့ "Huncho Jack, Jack Huncho" တို့ဖြစ်ကြပါတယ်။

# နှစ်သစ်မှာ တေးသီချင်းသစ်ကို မိတ်ဆက်ခဲ့တဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ ၂၀၁၇ ခုနှစ်အဆုံးမှာတော့ သူ့ရဲ့ တေးသီချင်းသစ်ကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေရှေ့ အရောက်ပို့ပေးခဲ့ကာ နှစ်သစ်ကိုကြိုဆိုတဲ့အနေနဲ့ တေးသီချင်းကို စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရီရန်နာဂရန်းဒ်က ၁၀ စက္ကန့်ခန့်ကြာမြင့်တဲ့ ဗီဒီယိုဖိုင်တစ်ခုနဲ့အတူ သူ့ရဲ့ တေးသီချင်းသစ်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး နှစ်သစ်မှာ ပြန်လည်တွေ့ဆုံကြမည်ဖြစ်ကြောင်းကိုလည်း အောက်မှာ တစ်ပါတည်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုပြောကြားခဲ့တာကြောင့် ယင်းတေးသီချင်းသစ်ကို ၂၀၁၈ ခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားနိုင်ဖွယ်ရှိတယ်လို့လည်း ယူဆရပါတယ်။

ယင်းတေးသီချင်းရဲ့အမည်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ပရိသတ်တွေကတော့ အရီရန်နာဂရန်းဒ်ရဲ့ တေးသီချင်းကို အထူးစောင့်မျှော်နေကြတာဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ ပြီးခဲ့တဲ့ မေလအတွင်း ဖြစ်ပွားခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ "Dangerous Woman"နယ်လှည့်ဖျော်ဖြေပွဲရဲ့ မန်ချက်စတာဖျော်ဖြေပွဲမှာ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးထုတ်လွှင့်မယ့် သူ့ရဲ့တေးသီချင်းလည်း ဖြစ်တယ်လို့ သိရပါတယ်။

# စေ့စပ်လိုက်ပြီဖြစ်တဲ့ ပဲရစ်ဟော်လ်တန်

နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ပဲရစ်ဟော်လ်တန်ကတော့ နှစ်သစ်ကို စေ့စပ်လိုက်ပြီဖြစ်တဲ့ သတင်းနဲ့ စတင်လိုက်တာဖြစ်ပါတယ်။ ဟော်လ်တန်ဟိုတယ်လုပ်ငန်းစုရဲ့ ဆက်ခံသူတစ်ဦးဖြစ်တဲ့ ပဲရစ်ဟေတန်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်မှာတော့ သူနဲ့ချစ်သူဖြစ်တဲ့ ခရစ်ဇယ်ကာတို့ဟာ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ခရစ်က သူ့ကို လက်ထပ်ခွင့်တောင်းခံခဲ့တဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် ပဲရစ်ဟော်လ်တန်က လတ်တလောမှာတော့ တရားဝင်အတည်ပြုပေးခဲ့တာဖြစ်ပြီး သူထုတ်ဖော်ပြသလာတဲ့ဓာတ်ပုံမှာတော့ ခရစ်ဟာ လက်ထပ်လက်စွပ်ကို ကိုင်ထားရင်းက ပဲရစ်ဟော်လ်တန်ရဲ့အရှေ့မှာ ဒူးထောက်ကာ လက်ထပ်ခွင့်တောင်းဆိုနေတာကို တွေ့ရပါတယ်။

ပဲရစ်ဟော်လ်တန်က သူဖော်ပြခဲ့တဲ့ ဓာတ်ပုံရဲ့အောက်မှာ စေ့စ်လိုက်ပြီဖြစ်ကြောင်းနဲ့ လက်ထပ်ခွင့်တောင်းဆိုခြင်းခံခဲ့ရတဲ့အပေါ် သူ့ရဲ့ခံစားချက်တွေကိုလည်း ထုတ်ဖော်ရေးသားခဲ့တာတွေ့ရပါတယ်။ သူက လက်ထပ်ခွင့်တောင်းခံခဲ့ရတဲ့အတွက် အလွန်ပျော်ရွှင်မိကြောင်း၊ ကိုယ့်ကိုယ်ကိုယ်လည်း ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးသူတစ်ဦးအဖြစ် ခံစားရကြောင်းနဲ့ သူ့အတွက် ပုံပြင်တွေ တကယ်ဖြစ်လာသလို ခံစားမိခဲ့ကြောင်းလည်း ထည့်သွင်းရေးသားထားတာ တွေ့ရပါတယ်။

ဒီလို စေ့စပ်လိုက်ပြီဖြစ်ကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားလိုက်တဲ့အတွက် သူ့ရဲ့ အမေရိကန်ဒေါ်လာ ၂ သန်းတန် စိန်လက်စွပ်နဲ့ ပတ်သက်ပြီး ပေါ်ထွက်လာခဲ့တာကောလာဟလတွေလည်း အဆုံးသတ်ခဲ့ပြီဖြစ်ပါတယ်။ ယခင်က ပဲရစ်ဟော်လ်တန်ဟာ အမေရိကန်ဒေါ်လာ ၂ သန်းခန့်တန်ဖိုးရှိတဲ့ စိန်လက်စွပ်ကို ဝတ်ဆင်ခဲ့ပြီးနောက် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့် – စုစည်းသည်

# အနုပညာလှုပ်ရှားမှုတွေအတွက် သီးသန့်လေယာဉ်နဲ့သွားလာခဲ့ရတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့မှာ လုပ်ဆောင်သွားဖို့ရှိနေတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် သီးသန့်လေယာဉ်တစ်စင်းငှားရမ်းခဲ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ရဲ့ နှစ်ကုန်ပိုင်းကာလတွေမှာ အဆိုပါတေးဂီတအဖွဲ့ဟာ ဂျပန်နိုင်ငံက ဖျော်ဖြေပွဲတစ်ခုမှာ ပါဝင်ဖျော်ဖြေသွားဖို့ ကမ်းလှမ်းခံခဲ့ရပြီး တောင်ကိုရီးယားနိုင်ငံမှာလည်း ရုပ်သံအစီအစဉ်တွေမှာ ပါဝင်သွားဖို့ရာရှိနေတဲ့အပြင် နှစ်ဆုံးဖျော်ဖြေပွဲတွေမှာလည်း ပါဝင်ဖို့ရှိနေတာဖြစ်ပါတယ်။

ဒါကြောင့် များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကို အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့ရာ ရည်ရွယ်ပြီး သီးသန့်လေယာဉ်တစ်စင်းနဲ့ ဂျပန်နဲ့ တောင်ကိုရီးယားကို လူးလားခေါက်ပြန်သွားခဲ့ရတာဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ရဲ့ သီးသန့်လေယာဉ်ဟာ နာမည်ကျော်ကြယ်ပွင့်တွေရဲ့ လေယာဉ်ဖြစ်တာနဲ့အညီ အထက်တန်းအဆင့် လေယာဉ်မျိုးလည်း ဖြစ်တယ်လို့ သိရပါတယ်။

TWICE ဟာ ဂျပန်နိုင်ငံရဲ့ အထင်ကရတေးဂီတဖျော်ဖြေပွဲကြီးတစ်ခုဖြစ်တဲ့ NHK ရုပ်သံလိုင်းရဲ့ ဖျော်ဖြေပွဲ "Kōhaku Uta Gassen"မှာ ပါဝင်ဖို့ရာ ဖိတ်ကြားခံခဲ့ရတာဖြစ်ပြီး ဒီလို ကေပေါ့ပ်ကြယ်ပွင့်တွေအတွက် ကမ်းလှမ်းခံခဲ့ရခြင်းဟာ ပြီးခဲ့တဲ့ ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

ဒီလိုပါဝင်ဖျော်ဖြေသွားဖို့ရာအတွက် အဆိုပါတေးဂီတအဖွဲ့ဟာ လေ့ကျင့်မှုတွေ၊ ကြိုတင်အသံသွင်းခြင်းလုပ်ငန်းတွေနဲ့ အစမ်းဖျော်ဖြေမှုတွေပြုလုပ်ဖို့အတွက် ဂျပန်ကို အကြိမ်ကြိမ်သွားခဲ့ရတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက ဖျော်ဖြေပွဲမှာတော့ TWICE ဟာ အဖွဲ့ရဲ့ နာမည်ကျော်တေးသီချင်း ငါးပုဒ်နဲ့ ပါဝင်ဖျော်ဖြေခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလို လေ့ကျင့်မှုတွေလုပ်ဆောင်နေရင်းကလည်း တောင်ကိုရီးယားရဲ့ ရုပ်သံအစီအစဉ်သုံးခုမှာလည်း ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။

ကိုယ်ပိုင်လေယာဉ်နဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံကို ကူးသန်းနေခဲ့ရကြောင်းကိုတော့ TWICE အဖွဲ့ရဲ့လေယာဉ်ကို မောင်းနှင်ပေးခဲ့တဲ့ လေယာဉ်မှူးတစ်ဦးက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပြီး သူက အဆိုပါတေးဂီတအဖွဲ့ဟာ ၂၀၁၇ ခုနှစ်ရဲ့ နှစ်ကုန်မှာတော့ အလုပ်အများဆုံးသော ကေပေါ့ပ်အဖွဲ့ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။